လယ်ယာ စီးပွား သတင်း
The Agri-Business News

## မျှော်မှန်းချက် (Vision)

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (3-7-2019) အမှတ် (၇၅၈)

www.moai.gov.mm





ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr.Ichiro MARUYAMA တို့က စီမံကိန်းအထိမ်းအမှတ် ကမ္ဘာ့လုံးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။

# ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အောင်မြင်ပြီးမြောက် စိုက်ပျိုးမြေဧရိယာ ၂၀၆၂၈၅ ဧကကို အကျိုးပြုနိုင်တော့မည်

နေပြည်တော် ဇွန် ၂၄

**ပဲခူး** တိုင်းဒေသကြီး အနောက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညို ရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်းစီမံကိန်း အောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပေါင်းတည်မြို့နယ် ဝဲကြီးဆည်ရေသောက်စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr. Ichiro MARUYAMA ၊ JICA, Chief Representative Mr.Masayuki KARASAWA၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများ၊ ဒေသနေ တောင်သူလယ်သမားများ၊ ရေအသုံးပြုသူများအသင်း(Water User Association)နှင့် ရေအသုံးပြုသူများအဖွဲ့ (Water User Group-UMG) များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ ဆည်ရေကို သီးနှံများစိုက်ပျိုးရာတွင် ရေလိုအပ်မှုများရှိပါက ထိရောက်စွာ ရယူသုံးစွဲနိုင်ရေးဆောင်ရွက်သွားရန်၊ တည်ဆောက်ပြီးဆည်များ၊ မြောင်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ဆည်ရေပေးစနစ်များပြီးမြောက်အောင် ဆောင်ရွက်ခြင်းနှင့် ရေသွင်းရေထုတ်စနစ်များအား ရေအသုံးပြုသူ တောင်သူလယ်သမားများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့်စနစ်ကို အသုံးပြု၍ ပိုမိုထိရောက်စွာ အကျိုးပြုစေရေး စီမံဆောင်ရွက်ရန် ဝန်ကြီးဌာနအနေဖြင့် ရေအရင်းအမြစ်အသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒအဖြစ်ချမှတ်ပြီး ဒေသအလိုက် အကျိုးရှိမည့်ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ရေချိုအရင်းအမြစ်များစွာရှိသော်လည်း ဒေသ

စာ - ၂ သို့



# ပထမအကြိမ် ဘင်းမ်စတက် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေး နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဇွန် ၁၃

**မြန်မာ** နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေး အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘင်းမ်စတက်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်တက်ရောက်၍ အမှာစကားပြောကြားသည်။ (ပုံ)

စာ - ၂ သို့

# ပေါ်ဆန်းဘေးကြားနှင့်ပေါ်ဆန်းရင် မျိုးသန့် မျိုးပွား မျိုးစေ့ တင်း ၁၀၀ ပေးအပ်ပွဲ အခမ်းအနား ရွှေဘို၌ ကျင်းပ

နေပြည်တော် ဇွန် ၂၂

**စိုက်** ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့နံနက်က ကျင်းပသည်။

အဆိုပါမျိုးစေ့ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းမျိုးစေ့တာဝန်ခံ၊ ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မျိုးစေ့တာဝန်ခံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့် ရွှေဘိုမြို့နယ် ချီပါကျေးရွာမှ ဒေသခံမျိုးစေ့ထုတ်တောင်သူ ၂၅ ဦးခန့် တက်ရောက်ကြသည်။

စာ - ၂ သို့





ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အမှာစကားပြောကြားစဉ်။

### ရှေ့ဖုံး – ပဲခူးတိုင်းဒေသကြီး မှ

တွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရေသွင်းစိုက်ပျိုးနိုင်သောဧရိယာနည်းပါးလျက်ရှိရာ ရေအရင်းအမြစ်များကို စိုက်ပျိုးရေအဖြစ် ဖော်ထုတ်သုံးစွဲရန် များစွာလိုအပ်လျက် ရှိနေပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က တည်ဆောက်အသုံးပြုခဲ့ပြီး ပြုပြင်ရန်လိုအပ်လျက်ရှိသည့် ဆည်ရေသောက်စနစ်များ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

ဒေသနေပြည်သူများအနေဖြင့်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေကြေးအမြောက်အမြားရင်းနှီးမြုပ်နှံဆောင်ရွက်ခဲ့သော ဆည်တမံများ ရေသောက်စနစ်များမှ ရရှိလာမည့်အကျိုးရလဒ်များကို ထိရောက်စွာအကျိုးရှိစွာ အသုံးချပြီး ပြည်သူများ၏ လက်ရှိလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျသုံးစွဲကြရန်လိုအပ်သကဲ့သို့ သားစဉ်မြေးဆက် ရေရှည်အကျိုးပြုနိုင်သည့် အမွေကောင်းအဖြစ် လက်ဆင့်ကမ်းအသုံးပြုနိုင်ရေးအတွက်လည်း အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေသေချာသည့် ဆည်ရေသောက်များ၌ ဈေးကွက်ဝင်ဈေးကောင်းရသီးနှံများ ရွေးချယ်စိုက်ပျိုးခြင်း၊ ဂျီအေပီနှင့်အော်ဂဲနစ်စနစ်များ လိုက်နာကျင့်သုံးပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်စေရေး ကြိုးပမ်းခြင်းဖြင့် ဆည်ရေလည်း အကျိုးရှိတောင်သူလည်း ဝင်ငွေတိုးမည့်နည်းလမ်းကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr.Ichiro MARUYAMA နှင့် JICA, Chief Representative Mr.Masayuki KARASAWAတို့က ဝမ်းမြောက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး ၂ ညွှန်ကြားရေးမှူးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ဒေသနေတောင်သူလယ်သမားများ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံသံအမတ်ကြီးတို့က စီမံကိန်းအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခြင်းဖြင့် အဆိုပါဒေသရှိ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန်၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်တို့ကို ရည်ရွယ်၍ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigation Development Project in Western Bago Region) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအခြေအနေ (FEASIBILITY Study)ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ်မှစတင်၍ ၂၀၁၃ ခုနှစ် အောက်တိုဘာအထိ စူးစမ်းလေ့လာမှုများဆောင်ရွက်ခဲ့ကာ JICA ODA LOAN ဖြင့် ဆောင်ရွက်ရန် မြန်မာ–ဂျပန်နှစ်နိုင်ငံချေးငွေသဘောတူစာချုပ်ကို ၂၀၁၄ စက်တင်ဘာ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဂျပန်ပညာရှင် အတိုင်ပင်ခံအဖွဲ့တို့ပူးပေါင်း၍ စီမံကိန်းကာလငါးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်း၏ထူးခြားချက်မှာ ရေသောက်စနစ်ဖွံ့ဖြိုးရေးသာမက ရေသုံးစွဲသူတောင်သူများနှင့် ဌာနတာဝန် ရှိသူများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ တောင်သူအချင်းချင်း ညီညွတ်မှုတစ္စာရေခွဲဝေသုံးစွဲလာစေရန်၊ JICA ပညာရှင်များ၏ အကြံဉာဏ်နှင့်ပံ့ပိုးကူညီမှုများဖြင့် ရေသောက်တောင်သူများပါဝင်သော ရေအသုံးပြုသူများအသင်း (Water User Association - WUA) ငါးသင်းနှင့် ရေအသုံးပြုသူများအဖွဲ့ (Water User Group - WUG) ၁၂ ဖွဲ့တို့ကို နည်းဥပဒေလုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းပြီး ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် ဒေသများဖြစ်သော ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း၊ ပြည်၊ သဲကုန်း၊ ပေါင်းတည်၊ နတ်တလင်းနှင့်ဇီးကုန်းမြို့နယ်များအတွင်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်ရေသောက်စနစ်များတွင် မြောင်းများပုံစံကျဖြစ်အောင် ဆောင်ရွက်ခြင်း၊ တူးမြောင်းများအား ကွန်ကရစ်လိုင်နင်၊ အုတ်လိုင်နင်စီခြင်း၊ မြောင်းစစ်လမ်း၊ ဆည်ချဉ်းကပ်လမ်း၊ တူးမြောင်းအဆောက်အဦများ၊ တံတားငယ်များနှင့် ဆိုင်ဖွန်များအား ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ယန္တရားများ ဝယ်ယူပံ့ပိုးခြင်းတို့ဖြင့် ဂျပန်ယန်းသန်း ၁၄၈၇၀ အကုန်အကျခံဆောင်ရွက်ခဲ့သည့် အဆိုပါစီမံကိန်းကြောင့် မြောက်နဝင်းဆည်ရေသောက်စနစ်တွင် ၅၃၁၆၈ ဧက၊ တောင်နဝင်းဆည်ရေသောက်စနစ်တွင် ၇၂၇၀၈ ဧက၊ ဝဲကြီးဆည်ရေသောက်စနစ်တွင် ၄၀၄၂၈ ဧက၊ တောင်ညိုဆည်ရေသောက်စနစ်တွင် ၄၉၉၈၀ ဧကတို့ဖြင့် စုစုပေါင်း စိုက်ပျိုးမြေဧရိယာ ၂၁၆၂၈၅ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

### ရှေ့ဖုံး – ပေါ်ဆန်းဘေးကြား မှ

မျိုးသန့်မျိုးပွားမျိုးစေ့ပေးအပ်ခြင်းကို KOPIA စီမံကိန်း၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA)တို့ ပူးပေါင်း၍ မျိုးစေ့ထုတ်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ (RS) များကို ပွားများထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးစီးပွားဖြစ်ထွန်း၍ ဒေသဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်ပြီး ပေါ်ဆန်းဘေးကြားနှင့် ပေါ်ဆန်းရင် (မျိုးသန့်မျိုးပွားမျိုးစေ့– RS) တင်း ၁၀၀ ကို တက်ရောက်လာသည့် တောင်သူများအား ပေးအပ်သည်။

ဆက်လက်၍ ပေးအပ်သည့် မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးပြီးရရှိလာသည့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (CS) များကို ဒေသတဝိုက်ရှိ စပါးစိုက်ပျိုးသည့် တောင်သူများထံ ဖြန့်ဖြူး၍ စနစ်တကျစိုက်ပျိုးပြီး အရည်အသွေးကောင်း စပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရန်၊ မျိုးစေ့ထုတ်တောင်သူနှင့် စိုက်ပျိုးသူတောင်သူများ အပြန်အလှန်အကျိုးရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## နိုင်ငံခြားဈေးကွက်တင်ပို့ရန် မြန်မာ့စိန်တလုံးသရက်သီးများ အရည်အသွေးစစ်ဆေး ထုပ်ပိုး

**နေပြည်တော် ဇွန် ၂၀**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးသာမက စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသောသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တန်ဖိုးမြင့်ထွက်ကုန်များအဖြစ် ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် အဆင့်မြင့်စိုက်ပျိုးနည်းပညာများ အသုံးပြုစိုက်ပျိုးနိုင်ရေးအပါအဝင် ဆွတ်ခူးရိတ်သိမ်းပြီးနောက်ပိုင်း လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် အနီးကပ်ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။**



စိုက်ပျိုးရေးဦးစီးဌာန ဉယျာဉ် – အပင်ဇီဝဌာနခွဲ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် မြတ်ရတနာစက်မှုကုမ္ပဏီ (Myat Yadanar Industries Ltd)နှင့် ဂျပန်နိုင်ငံ စူမိတိုမိုကုမ္ပဏီတို့ပူးပေါင်း၍ ဂျာမနီနိုင်ငံသို့ မြန်မာ့စိန်တလုံးသရက်သီးများ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အရည်အသွေးစစ်ဆေးခြင်း၊ ရေနွေးစိမ်ခြင်း (Hot water Treatment)၊ အခြောက်ခံခြင်း (Drying Machine)၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ထုပ်ပိုးမှုများကို ယနေ့ နေ့လယ်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ ရိတ်သိမ်းချိန်လွန်ဇဟိုဌာနခွဲ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြန်မာ့စိန်တလုံးသရက်သီးကို ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် မြတ်ရတနာခြံမှ GAP စံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားပြီး ယမန်နှစ်က ဂျာမနီနိုင်ငံသို့ ကီလို ၁၄၀ ပို့ခဲ့ပြီး ယခုနှစ်တွင်လည်း ဂျာမနီနိုင်ငံသို့ ကီလို ၆၀ နှစ်ကြိမ်ခွဲ၍ တင်ပို့သွားမည်ဖြစ်ကြောင်း မြတ်ရတနာစက်မှုကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

မြတ်ရတနာခြံသည် GAPလက်မှတ်ကို ၂၀၁၆ ခုနှစ်မှ စတင်ရရှိထားပြီး စိုက်ပျိုးထွက်ရှိလာသည့် စိန်တလုံးသရက်သီးများကို ပြည်ပဈေးကွက်သာမက ပြည်တွင်းရှိ စီးတီးမတ်များတွင်လည်း GAP သီးနှံအဖြစ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **MOALI ပြန်ကြားရေး**

### ရှေ့ဖုံး – ပထမအကြိမ် မှ

အကြိုညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ဦးကျော်မင်းဦးနှင့် ဦးကျော်ငွေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဘင်းမ်စတက် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အကြိုလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကြိုဆိုရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ သံတမန်ရေးရာလုပ်ငန်းများ၊ ဧည့်ခံရေးဆိုင်ရာများ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Bay of Bengal INITIATIVE for Multi - Sectoral Technical and Economic Cooperation -BIMSTEC) ဘင်းမ်စတက်၌ လယ်ယာကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသော မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် စိုက်ပျိုးရေးအဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးများကို နေပြည်တော် Hilton Nay Pyi Taw Hotel တွင် ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

**MOALI ပြန်ကြားရေး**

လယ်ယာ စီးပွား သတင်း
The Agri-Business News
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းဌေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္စာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဓါတ်ပုံ**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000@gmail.com

အယ်ဒီတာ့အာဘော်

# လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် မီဒီယာအခန်းကဏ္ဍ

**လယ်ယာစီးပွားသတင်းဂျာနယ်**သည် လာမည့် ၇–၇–၂၀၁၉ ရက်တွင် သက်တမ်း ၁၉ နှစ် တင်းတင်းပြည့်မြောက်ပြီဖြစ်သည်။

၁၉၉၆ ခုနှစ်ကတည်းက စတင်ထုတ်ဝေခဲ့သည့် **မြန်မာ့လယ်ယာသတင်း** အပတ်စဉ်ထုတ်ကာလမှ စတင်ရေတွက်လျှင် သက်တမ်း ၂၃ နှစ်ရှိပြီဟုပင် ဆိုနိုင်သည်။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အရေးပါသည့် လယ်ယာကဏ္ဍအတွက် အရေးကြီးသည့်မီဒီယာတစ်ခု ရှိသင့်သည်ဟု ယုံကြည်သောကြောင့် ထိုစဉ်က လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာ့လယ်ယာသတင်း(အပတ်စဉ်ထုတ်)ကို ၁၉၉၆ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ ကူညီထောက်ပံ့မှုဖြင့် တောင်သူလယ်သမားများ၊ လယ်ယာထုတ်ကုန် ရောင်းဝယ်ဖောက်ကားသူ ကုန်သည် ပွဲစားများ၊ စားသုံးသူများ လယ်ယာထွက်ကုန်ဈေးနှုန်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်ကြရန်အတွက် Market Information Service (MIS Project) တစ်ခုကို ၁၉၉၉ ခုနှစ်က ထောက်ပံ့ကူညီပေးခဲ့ရာ ထိုစဉ်က ရေဒီယို၊ ရုပ်မြင်သံကြား အစရှိသည့် အီလက်ထရောနစ်မီဒီယာများက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးရန် မလွယ်ကူသေး၍ ထိုစဉ်က ရှိပြီးမြန်မာ့လယ်ယာသတင်းကို ဂျာနယ်အသွင်ပြောင်းကာ အဆိုပါလယ်ယာထွက်ကုန် ဈေးနှုန်းသတင်းစုံကို အပတ်စဉ်အလေးထားဖော်ပြပေးရန် အသွင်သစ်ဖြင့် **“လယ်ယာစီးပွားသတင်းဂျာနယ်”** ကို ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၇ ရက်တွင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခု ၁၉ နှစ်ကာလရောက်သည်အထိ လယ်ယာထွက်ကုန် ဈေးနှုန်းသတင်းစုံကို အလေးထား ဖော်ပြပေးလျက်ရှိသည်။

ထို့မျှသာမက “လယ်ယာစီးပွားသတင်းဂျာနယ်”ဟူသည့် နာမည်နှင့် လိုက်လျောညီစွာ လယ်ယာကဏ္ဍနှင့်စပ်လျဉ်းသည့် ပြည်တွင်းပြည်ပသတင်း၊ ဆောင်းပါးနှင့် အထူးကဏ္ဍများကိုပါ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးအတွေးအခေါ်၊ အသိအမြင်သစ်များရရှိစေရန် အလေးထား စီစဉ်တင်ဆက်ပေးလျက်ရှိသည်။

ယနေ့ကာလသည် Information Technology သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ “လယ်ယာစီးပွားသတင်းဂျာနယ်”ကို တောင်သူလယ်သမားကြီးများသာမက ပြည်သူတစ်ရပ်လုံး ပိုမိုစိတ်ဝင်စားစွာ ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ပြည်တွင်းပြည်ပသတင်းများ၊ ဆောင်းပါးများ၊ နည်းပညာများ၊ ပညာရှင်များနှင့်အင်တာဗျူးကဏ္ဍများသာမက ဝတ္ထု၊ ကဗျာ၊ ကာတွန်းနှင့် သုတ၊ ရသစာပေများကိုပါ ဖွယ်ဖွယ်ရာရာ စီစဉ်တင်ဆက်ပေးလျက်ရှိသည့်ပြင် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် **Online** စနစ်ဖြင့်လည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

ယခင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနကြီးများကို အခြေပြု၍ စီစဉ်ထုတ်ဝေခဲ့သော်လည်း ယခုအခါ ယခင်ဝန်ကြီးဌာနကြီး သုံးခုကို ပေါင်းစည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးကဏ္ဍအပြင် မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမလုပ်ငန်းများပါ ကျယ်ပြန့်စွာ ပါဝင်လာခဲ့ပြီဖြစ်သည်။

ထို့ကြောင့်လည်း “လယ်ယာစီးပွားသတင်းဂျာနယ်”သည် ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန် တောင်သူလယ်သမားများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့နှင့်ပတ်သက်၍ သက်ဆိုင်သူများရော ပြည်သူတစ်ရပ်လုံးပါ အချိန်နှင့်တစ်ပြေးညီ အသိပညာ ဗဟုသုတနှင့် လက်တွေ့အကောင်အထည် ဖော်နိုင်ရေးကို အထောက်အကူပြုနိုင်စေရေးအတွက် ကြိုးပမ်းတင်ဆက်လျက်ရှိရာ **“အမေဘယ်လိုသိပ်သော်လည်း ကိုယ်အိပ်မှပျော်”**ဆိုစကားနှင့်အညီ တောင်သူလယ်သမားကြီးများနှင့် သက်ဆိုင်သူများက ဖတ်ရှုလေ့လာပွားများကြမှသာ စိုက်ပျိုးမွေးမြူရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ပေသည်။ ။



## စိုက်ပျိုးရေးသုတေသနပညာရှင်များနှင့် သထုံခရိုင် စိုက်ပျိုးပညာပေးဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲ ကျင်းပ

သထုံ ဇွန် ၅

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA)တို့ ပူးပေါင်းဆောင်ရွက်သည့် သုတေသနပညာရှင်များနှင့် သထုံခရိုင်ရှိ စိုက်ပျိုးပညာပေးဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲကို သထုံမြို့ရှိ စိုက်ပျိုးရေး အသက်မွေးမှုသင်တန်းကျောင်း၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်တာနှင့် မြေဆီလွှာ၊ ရေအသုံးချ ရေးနှင့်စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းတို့ ဦးဆောင်သော သုတေသနပညာရှင်များအဖွဲ့နှင့် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးကြည်စိုး၊ သထုံခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ကြသည်။**

ဆွေးနွေးပွဲတွင် စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများက မိမိတို့ကြုံတွေ့နေရသည့် မြေဆီလွှာနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မွန်ပြည်နယ်တွင် ကြံသီးနှံ စိုက်ပျိုးမှုတိုးတက်လာရေးနှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို အဓိကဆွေးနွေး ကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## ငွေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ သမဝါယမကောလိပ် (မန္တလေး) တွင် ကျင်းပ

မန္တလေး မေ ၃၀

**ငွေရတု အထိမ်းအမှတ်စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး သမဝါယမကောလိပ် (မန္တလေး) ရန်ကင်း ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး သမဝါယမကောလိပ် (မန္တလေး)က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန (မန္တလေး) ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး စာတမ်းရှင် ဆရာ၊ ဆရာမ ၂၂ ဦးတို့က သုတေသနစာတမ်းများ နှစ်ရက်ကြာ ဖတ်ကြားကြသည်။**

**သမဝါယမ**



သင့်လုပ်ငန်းများ အောင်မြင်တိုးတက်လိုလျှင်
လယ်ယာစီးပွားသတင်းဂျာနယ်တွင် ကြော်ငြာပါ။

# ပန်းများချိန်ကိုက်ပွင့်စေရန် ဖန်တီးခြင်း

**မောင်ပြုံးအောင် (တန့်ဆည်)**



**ပန်းများကို လူတိုင်းနှစ်ခြိုက်ကြသည်။ ဘုရားပူဇော်ခြင်း၊ ခေါင်းတွင် အထွဋ်အမြတ် အလှပန်ဆင်ခြင်း၊ အခမ်းအနားများ၌ ပန်းအလှဖြင့်တန်ဆာဆင်ခြင်း၊ မြို့ပြ မြေယာ အလှရှုခင်းများတွင် ပန်းရောင်စုံတို့ဖြင့်မွမ်းမံ၍ တောက်ပနေစေခြင်းများဖြင့် ပန်းများကို လူတို့၏ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲနေရာပေးမှုကို အထင်သား မြင်တွေ့နေကြရသည်။**

ပန်းများသည် သူ့အမျိုးအစားအလိုက် သူ့ရာသီနှင့်သူပွင့်ကြသည်။ မိမိလိုချင်သည့်ပန်း၊ မိမိလိုချင်သည့်အချိန်ကိုက် များများစားစားရရှိရန် မလွယ်ကူလှပေ။ ရာသီအလိုက် ပုံမှန်ပန်းများပွင့်ချိန်တွင် ပန်းပေါင်းစုံပေါပေါများများပွင့်ကြသဖြင့် ပန်းလည်းပေါ၊ ဈေးလည်းကျသည်။ စိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ဆုံးရှုံးမှုဖြစ်သည်အထိပင် ကြုံကြရသည်။ အချို့ပန်းများဆိုလျှင် မရောင်းရ၍ ပျက်စီးခံရခြင်း၊ အချို့မှာမူ အပင်မှာပဲ ပန်းကျန်များဖြစ်၍ ဟောင်းနွမ်းခြောက်သွေ့ပျက်စီးသွားခြင်းများ ဖြစ်ပေါ်တတ်သည်။

ယေဘုယျအားဖြင့် နေ့ထူးနေ့မြတ်များ၊ နှစ်သစ်ကူးနေ့များ၊ ခရစ္စမတ်ရာသီ၊ သီတင်းကျွတ်၊ ဝါလကျွတ်ပြီး မင်္ဂလာအခမ်းအနားများရှိချိန်၊ ဘွဲ့နှင်းသဘင် အခမ်းအနားများ ကျင်းပချိန်များတွင် ပန်းလိုအပ်ချက်များတတ်သည်။ အဆိုပါအချိန်များတွင် ပန်းမပွင့်ဘဲ ပန်းရှားချိန်ဖြစ်ပါက ပန်းဈေးကောင်းရသည်။ ၎င်းအချိန်များနှင့် ချိန်ကိုက်ထုတ်လုပ် ရောင်းချနိုင်ပါက ဈေးကောင်းရ၍ အကျိုးအမြတ် များနိုင်သည်။

ပန်းလှိုင်လှိုင်ပွင့်ချိန်မဟုတ်ဘဲ မိမိဈေးကောင်းရမည့်အချိန်တွင် ပန်းများပေါ်လာအောင် ဆောင်ရွက်ရာတွင် နည်းပညာလိုအပ်သည်။

မိမိလိုချင်သည့်အချိန် ပန်းပွင့်စေရန် ပန်းပင်ကို ပန်းပွင့်နိုင်သည့်အခြေအနေသို့ရောက်ရှိအောင် နည်းပညာဖြင့် ဖန်တီးယူခြင်းပင်ဖြစ်သည်။ မိမိလိုချင်သည့် နေ့ရက်/ရာသီ (သို့မဟုတ်) ပန်းမပွင့်သည့် ကာလတွင် ချိန်ကိုက်၍ ပန်းပွင့်လာစေရန် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ ပန်းများကို မိမိလိုချင်သည့်နေ့ရက်/ရာသီချိန်ကိုက်ပွင့်ရန် ပုံမှန်ပန်းပွင့်ရက်ထက် စောပွင့်စေခြင်း (သို့မဟုတ်) နောက်ကျပွင့်စေအောင် ဖန်တီးပေးခြင်းပင် ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရာသီမဟုတ်ဘဲ ပန်းပွင့်စေခြင်းနှင့် နေ့ရက်တိတိကျကျပန်းပွင့်စေခြင်း လုပ်ငန်းဟု နှစ်မျိုးရှိသည်။ ပုံမှန်ပန်းပွင့်မှုဇီဝကမ္မဖြစ်စဉ်မှာ သင့်တော်သည့်လှုံ့ဆော်မှုများ (အပူချိန်၊ အလင်းရောင်ရရှိမှုကာလ (နေ့တာ)၊ ပန်းပွင့်မှုအချိန်ရောက်ရှိသည့်အဆင့်၊ ငယ်ရွယ်နုနယ်ခြင်း၊ ရင့်ကျက်ခြင်း၊ ပန်းပွင့်ခြင်းတို့ဖြစ်သည်။ နေ့တာ၊ အပူချိန်နှင့် စိုထိုင်းဆတို့သည် ပန်းပွင့်မှုကို အကျိုးသက်ရောက်စေသည့် အချက်များဖြစ်သည်။ အပင်များ၏ ပန်းပွင့်မှုအလေ့အထကို ရာသီဥတုပြောင်းလဲခြင်းက ထိန်းချုပ်ထားသည်။

ရာသီဥတု၏အကျိုးသက်ရောက်မှုကြောင့် ပန်းပွင့်သည့်အပင်နှစ်မျိုးနှစ်စားရှိသည်။ (၁) ရာသီဥတုပြောင်းလဲမှုကို အနည်းငယ်တုံ့ပြန်သော အပင်များ (ဥပမာ–နှင်းဆီ၊ ဂန္ဓမာ၊ ကဏန်းလက်မ ပန်းပင်)နှင့် (၂) ရာသီဥတုတုံ့ပြန်မှုများသောအပင်များ (ဥပမာ–စံပယ်၊ ဒင်ဒရိုဘီယမ်သစ်ခွ)။

ရာသီဥတုဆိုင်ရာအချက်အလက်များမှာ အမျိုးမျိုးရှိနိုင်သည်။ (၁) တစ်နေ့တာလွှမ်းမိုးမှု (နေ့တာတိုပင်နှင့်နေ့တာရှည်ပင်တို့ပါဝင်ပြီး) အပူချိန်နှင့် စိုထိုင်းဆ၏လွှမ်းမိုးမှုကို ခံရပါသည်။ (၂) အပူချိန်လွှမ်းမိုးမှု (အပူချိန်အနည်းငယ်သာ လိုအပ်သောအပင်များနှင့် အပူချိန်မြင့်မားစွာ လိုအပ်သောအပင်များပါဝင်ပြီး နေ့တာနှင့်စိုထိုင်းဆ၏ လွှမ်းမိုးမှုကိုပါ ခံရသည်)။ (၃) စိုထိုင်းဆလွှမ်းမိုးမှု (စိုထိုင်းဆ အနည်းငယ်သာ လိုအပ်သောအပင်နှင့် စိုထိုင်းဆများစွာလိုအပ်သောအပင်များ ပါဝင်သည်။)

ဤအချက်များကိုအခြေခံ၍ ပန်းများကို ချိန်ကိုက်ပွင့်စေရန်အတွက် လူတို့က ဖန်တီး ဖော်ဆောင်ခြင်းဖြစ်သည်။

ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ ပန်းပွင့်မှုကို နှေးကွေးစေခြင်းနှင့် လှုံ့ဆော်ပေးခြင်း၊ ဂျစာရယ်လင်အပါအဝင် အပင်ကြီးထွားမှုကို နှောင့်နှေးဟန့်တားစေသည့်ဟိုမုန်းများ အသုံးပြုခြင်းဖြင့် ဓာတုဗေဒနည်းအားဖြင့်လည်း ပန်းများကို ချိန်ကိုက်ပွင့်အောင် စီမံဖန်တီးနိုင်သည်။

ကိုင်းနုများဖြတ်ပေးခြင်း၊ ခေါင်နှိမ်ခြင်း၊ အရွက်များဖြတ်ပေးခြင်း၊ အရွက်ဝိုင်းပေးခြင်း၊ အဖူးမြှုပ်မျိုးပွားခြင်း (သို့မဟုတ်) ကိုင်းကူးကိုင်းဆက်ပြုလုပ်ပေးခြင်း၊ မီးခိုးမှိုင်းတိုက်ခြင်း၊ အပူချိန်နိမ့်တွင် သိုလှောင်ခြင်းနှင့် အပင်အနားယူမှုကို ချေဖျက်ခြင်းစသည့်နည်းများဖြင့်လည်း ပန်းများကိုချိန်ကိုက်ပွင့်အောင် စီမံနိုင်ပေသည်။

ဒင်ဒရိုဘီယမ်သစ်ခွမျိုးများကို ဩဂုတ်နှင့် စက်တင်ဘာတို့တွင် ပန်းဖူးများခြွေခြင်း (နောက်ကျပွင့်မှုကြောင့် အာဟာရဆုံးရှုံးမှုမှကာကွယ်ရန်) နှင့် ပိုတက်စီယမ်နှင့် ဖော့ဖရပ်ဓာတ်များ များစွာပါဝင်သည့် ဓာတ်မြေဩဇာမျိုးများကို အောက်တိုဘာ၊ နိုဝင်ဘာတို့တွင် သုံးလေးကြိမ်ထည့်သွင်းပေးခြင်းဖြင့် နိုဝင်ဘာတွင် ပန်းပွင့်စေပြီး ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ခူးဆွတ်နိုင်သည်။

ထိုင်းကျူးလစ် (မာလာဖူးမျိုးဆန်း)ကို မိုးရာသီတွင် ရာသီပန်းအဖြစ် ထုတ်လုပ်ကြသည်။ ဇွန်လမှ ဩဂုတ်လအထိ နေ့တာရှည်မှုကို လိုအပ်သည်။ နေ့တာတိုသည့် စက်တင်ဘာနောက်ပိုင်းတွင် ပန်းများဖွံ့ဖြိုးမှုမရှိပေ။ မြေပေါ်အစိတ်အပိုင်းများ ခြောက်သွေ့သေဆုံးပြီး မြေအောက်ရှိ အမြစ်ဥများသည် နောက်လာမည့်မိုးရာသီကာလအတွက် အနားယူနေကြမည်ဖြစ်သည်။

ပန်းပင်များအနားယူနေမှုကို အလင်းရောင်ပေးခြင်းဖြင့် ချေဖျက်နိုင်သည်။ ညလယ်ပိုင်းအချိန်တွင် သုံးနာရီကြာ အလင်းရောင်ပေးခြင်းသည် အပင်အနားယူမှုကို ချေဖျက်ရာတွင် အကျိုးသက်ရောက်မှုအကောင်းဆုံးဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းကို နေ့တာတိုကာလရောက်ရှိပြီး စက်တင်ဘာ ၂၀ ရက်နောက်ပိုင်းတွင် ပြုလုပ်ပေးရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် မြေဩဇာ (အာဟာရဓာတ်)နှင့် စိုထိုင်းဆ အလုံအလောက်ပေးသွင်းခြင်းဖြင့် အပင်သည် ပန်းပွင့်ထုတ်လုပ်မှုကို နှစ်သစ်ကူးသည့်နေ့အထိ ပြုလုပ်ပေးသွားနိုင်မည် ဖြစ်သည်။

ချစ်တီးပန်းသည် တစ်နှစ်ပတ်လုံး ရရှိနိုင်သည်။ ၎င်းသည် နေ့တာလိုအပ်မှုမရှိသော အပင်ဖြစ်ပြီး သက်တမ်းအားဖြင့် အစေ့မှအပင်ပေါက်ပြီးနောက် ရက် ၆၀ မှ ရက် ၇၀ တွင် ပန်းခူးနိုင်ပြီဖြစ်သည်။ ပန်းပွင့်ချိန်ကို စတင်ပန်းခူးနိုင်သည့် သက်တမ်းရက် ၆၀ မှ ရက် ၇၀ အား ထည့်သွင်းတွက်ချက်၍ ထိန်းညှိပေးနိုင်သည်။ ၆၅ ရက်ကို နှုန်းသေထားတွက်ချက်နိုင်သည်။ ဥပမာ–နှစ်သစ်ကူးနေ့အတွက် ပန်းခူးရန် အောက်တိုဘာ ၂၇ ရက်တွင် မျိုးစေ့ပျိုးထောင်ပြီး နိုဝင်ဘာ ၆ ရက်တွင် ပြောင်းရွှေ့စိုက်ရပါမည်။ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်တွင် ပန်းဖူးခြွေပေးရပါမည်။ ဒီဇင်ဘာ ၅ ရက်တွင် ပန်းဖူးများနိုးထလာပြီး ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ပန်းများ စတင်ပွင့်မည်ဖြစ်သည်။

ဂန္ဓာမာပန်းသည် နေ့တာတိုအပင်ဖြစ်ပြီး အလင်းရောင် ၁၄ ဒသမ ၄ နာရီအောက်ရရှိမှသာ ပန်းပွင့်နိုင်သည်။ ထိုင်းနိုင်ငံအနေဖြင့် နေ့တာ အရှည်ဆုံးဖြစ်သည့် ဇွန်လ၌ပင် ၁၃ ဒသမ ၃ နာရီသာ အလင်းရောင်ရရှိသဖြင့် တစ်နှစ်ပတ်လုံး ပန်းပွင့်နိုင်သည်။ ပျိုးပင်ဘဝကြီးထွားမှုကာလ အစောပိုင်းတွင် နေဝင်ပြီးနောက် သုံးနာရီကြာ အလင်းရောင်ဖန်တီးပေးခြင်းဖြင့် ပန်းပွင့်ချိန် တစ်လစောအောင် ဖန်တီးရယူနိုင်သည်။

ဥပမာအားဖြင့် နှစ်သစ်ကူးနေ့တွင် ပန်းပွင့်ရရှိလိုပါက ကိုင်းဖြတ်မျိုးပွားထားသော အပင်များကို စက်တင်ဘာတွင် ရွှေ့ပြောင်းစိုက်ပျိုးထားရန် လိုအပ်ပါသည်။ ပျိုးပင်များကို အလင်းရောင် ၁၄ ဒသမ ၅ နာရီထက် ပိုမိုရရှိစေရန် (၁၀၀ ဝပ်မီးသီးများကို) ဒီဇင်ဘာ ၁ ရက် ထွန်းညှိ၍ အလင်းရောင်ပေးထားရန် လိုအပ်သည်။ (မီးလုံးများကို ပျိုးပင်များအထက် အနည်းဆုံး ၃၀ စင်တီမီတာအကွာ အမြင့်တွင် ထားရှိရပါမည်) ဤသို့ပြုလုပ်ပေးပါက ဇန်နဝါရီ ၁ ရက်တွင် ပန်းစတင်ပွင့်စေမည်ဖြစ်ပါသည်။

သို့သော် ဒီဇင်ဘာလမှစတင်၍ အပူချိန်နိမ့်သည့်ကာလအတွင်း ဂန္ဓမာပန်းလှိုင်လှိုင်ပေါ်သဖြင့် ဈေးနိမ့်ကျတတ်သည်။ သို့အတွက် ၎င်းကာလတွင် ဂန္ဓာပန်းမထုတ်လုပ်ကြဘဲ နွေရာသီသို့ ပြောင်းရွှေ့ထုတ်လုပ်လာကြသည်။ သို့သော် နွေရာသီသည် အပူချိန်မြင့်မားသဖြင့် ဂန္ဓမာပွင့်ကြီးကြီးရရှိရန် အခြေအနေမပေးတတ်ပေ။ ထိုင်းနိုင်ငံမြောက်ပိုင်း ကုန်းမြင့်ဒေသတွင် နွေရာသီအပူချိန် ၁၆ ဒီဂရီမှ ၂၀ ဒီဂရီစင်တီဂရိတ်ဝန်းကျင်သာရှိသဖြင့် ပန်းများ အချိန်ကိုက်ပွင့်စေအောင် လုပ်ဆောင်နိုင်ပါသည်။ Nan Province and Dor Phu.Kha တွင် လက်တွေ့ကိုင်းထိုးစိုက်ပျိုးပြီး အဝတ်နက်ဖြင့် ၁၆ နာရီအထိ ရက် ၃၀ ကြာအုပ်ဆိုင်း၍ အမှောင်ထုဖန်တီးပေးရပါသည်။ နေ့တာရှည်အခြေအနေကို ရရှိရန် ဖြစ်သည်။ ဤနည်းဖြင့် ဂန္ဓမာပန်းတို့ကို လိုအပ်သည့်အချိန်တွင် ချိန်ကိုက်ပွင့်စေနိုင်ပါသည်။

စံပယ်ပန်းသည် နှစ်ပေါက်ပွင့်နိုင်သော်လည်း မိုးရာသီတွင် ဖောဖောသီသီပွင့်၍ ဆောင်းရာသီတွင် ရှားပါးတတ်သည်။ ဆောင်းရာသီ စံပယ်ပန်း လှိုင်လှိုင်ပွင့်စေရန်အတွက် စံပယ်ပန်းရရှိလိုသည့်နေ့ရက်မတိုင်မီ ကာလတွင် အပင်ညှိုးနွမ်းသည့်လက္ခဏာပြသည်ထိ နှစ်ရက်၊ သုံးရက်ရေဖြတ်ထားပေးရပါမည်။ အပင်ကို လုံးဝိုင်းပုံဖြတ်ပေးခြင်း၊ ခေါင်နှိမ်ပေးခြင်းဖြင့် အကိုင်းရင့်များသည် အဆင့် ၃ အခြေအနေသို့ ရောက်ရှိလာချိန်တွင် ပန်းပွင့်မှ နိုးထလာပါသည်။ ဤသို့ပြုလုပ်ရာတွင် နေရောင်ခြည်ပြည့်ဝစွာရရှိစေသည့်အပြင် ပန်းပွင့်အရွယ်ကြီးမားမှုနှင့် သန်စွမ်းသော ပန်းပွင့်များရရှိစေနိုင်သည်။ N.P.K (15:15:15) အချိုးဓာတ်မြေဩဇာကို တစ်ပင်လျှင် ၁၀ ဂရမ်နှုန်းကျွေး၍ ရေများများလောင်းပေးရန် လိုအပ်သည်။ နေ့စဉ်မှန်မှန် ရေလောင်းပေးပါက ပန်းဖူးများ ၁၀ ရက်အတွင်း နိုးထလာစေပြီး ခေါင်နှိမ်ခြင်းပြုလုပ်သည့်နေ့မှ ၂၅ ရက်၊ ၃၀ ရက်ခန့်အကြာ ပန်းစပွင့်စေပါသည်။

သစ္စာပန်းသည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်သည်။ အေးမြသော ရာသီဥတုကို ဖန်တီးပေးနိုင်ပါက တစ်နှစ်ပတ်လုံး ပန်းပွင့်စေနိုင်သည်။ စိုက်ပျိုးပြီး ရက် ၉၀ မှ ရက် ၁၀၀ တွင် ပန်းပွင့်သည်။ အေးမြသော ရာသီတွင် သစ္စာပန်းဥများကို အပူချိန် ၂၇ ဒီဂရီမှ ၃၂ ဒီဂရီစင်တီဂရိတ်၌ ထားရှိပါက ပန်းပွင့်ချိန်စောစေသည်။ ပူနွေးသော ရာသီ၌မစိုက်ပျိုးမီ ဥများကို ပြင်းအား ၁၀–၁၅ ppm ရှိသော $GA_3$ ဖျော်ရည်ထဲတွင် စိမ်ပေးခြင်းဖြင့် ပန်းပွင့် စေနိုင်သည်။ ကြီးထွားမှုကို နှောင့်နှေးစေသော ပစ္စည်းများ (ဥပမာ cce)သည် ပန်းဖူးအစဦးဖြစ်ပေါ် ခြင်းကို အားပေးသည်။ (အပင်တွင်း $GA_3$ ပါဝင်မှု လျော့နည်းစေခြင်း (သို့မဟုတ်) ပန်းဖူးပေါ်မှုအပေါ် ဟန့်တားသည့်ပစ္စည်းများကို အချိုးညီမျှစေသည်။)

နှင်းဆီပန်းသည် တစ်နှစ်ပတ်လုံး ပန်းပွင့်သော်လည်း အေးသောရာသီတွင် ပို၍ဖူးပွင့်သည်။ ခရစ္စမတ်နေ့၊ ချစ်သူများနေ့တို့တွင် နှင်းဆီပန်းပွင့်စေရန်အတွက် နိုဝင်ဘာတွင် ကိုင်းဖြတ်ပါက ကိုင်းဖြတ်ပြီး ၄၃ ရက်အကြာတွင် ပန်းပွင့်စေနိုင်သည်။ ဒီဇင်ဘာ ၂၃ ရက်တွင် ထပ်မံကိုင်းဖြတ်ပေးပါက နောက်ထပ်ပန်းဖူးပေါ်မှုကို လှုံ့ဆော်ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် ပန်းပွင့်သည်။ **တစ်နည်းအားဖြင့် ဒုတိယအကြိမ်ကိုင်းဖြတ်ပေးပြီး ၄၉ ရက်အကြာတွင် ပန်းပွင့်မည်ဖြစ်သည်။** အထက်ပါနည်းအတိုင်း ကိုင်းဖြတ်ပေးခြင်းအစား နိုဝင်ဘာ ၁၀ ရက်တွင် အဖူးခြွေခြင်း (ထိပ်ပိုင်းသာတိဖြတ်ခြင်း)ဖြင့် ဒီဇင်ဘာ ၂ ရက်တွင် ပန်းပွင့်ရရှိနိုင်မည်ဖြစ်သည်။ ၎င်းပြင် ဖေဖော်ဝါရီအတွင်း ပန်းပွင့်ရန် ပန်းဖူးဖြစ်ပေါ်ခြင်းကို အလိုအလျောက်လှုံ့ဆော်ပေးသလို ဖြစ်စေသည်။

နိုဝင်ဘာ ၁၀ ရက်နောက်ပိုင်း ရက် ၃၀ အတွင်း ပန်းပွင့်ရန် သန်စွမ်းဖူးများကို မခြွေရပါ။ ဒီဇင်ဘာ ၃၀ ရက်တွင် ပန်းပွင့်ရရှိစေနိုင်မည်ဖြစ်သည်။ **ပန်းဖူးအလွန်ငယ်စဉ်တွင် မခြွေမိရန် သတိပြုရပါမည်။** မသန်စွမ်းသော ပန်းဖူးများနှင့်ပုံသဏ္ဍာန်မမှန်သော ကိုင်းများအပါအဝင် အခြားကိုင်းများကို ဖြတ်ပစ်ရန်လိုသည်။ အပင်ခြေမှထွက်သော အစို့အညှောက်များကိုလည်း ဖြတ်ပစ်ပါ။ ကျန်းမာသန်စွမ်းသော အရွက်များရှိသည့်အပင်အောက်ပိုင်းကို အစို့အညှောက်မှလွဲ၍ ဖြတ်ရန် မလိုအပ်ပါ။ ■

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# လူ ပို



မြတ်စိုး(လှိုင်)

**လောက တွင် တိုင်းပြည်နှင့်အမျိုး၊ ဘာသာ၊ သာသနာအတွက် ဘာတစ်ခုမျှ အကျိုးမပြုဘဲ လူပို ဖြစ်နေသည့် လူတချို့ ရှိသည်။**

ထိုအထဲတွင် ကျွန်တော့်ညီအရင်းတစ်ယောက်လည်း ပါသည်။ သူသည် ယခုအခါ အရက်၏ကျေးကျွန်ဖြစ်ကာ အရက်မှလွဲ၍ ဘာကိုမျှအလေးမထားတော့ပေ။

ကျွန်တော့်ဖခင်အသက် ၄၅ နှစ်တွင် ကွယ်လွန်ချိန်၌ အသက် ၄၀ ကျော် မိခင်နှင့် အသက် ၂၂ နှစ်အရွယ် ကျွန်တော်အပါအဝင် သားသမီးခြောက်ယောက် ကျန်ခဲ့သည်။ ထိုအထဲတွင် ကျွန်တော်နှင့် အသက် ၁၇ နှစ်ကွာ ငါးနှစ်အရွယ် ကျွန်တော့်ညီလည်း ပါသည်။

ဖတဆိုးမို့ မိခင်ကြီးက ကျွန်တော့်ညီကိုသနားပြီး အလိုလိုက်သည်။

ဆယ်တန်းတက်မည့်နှစ်တွင် ကျောင်းကောင်းကောင်းနေချင်သည်ဆို၍ ကျွန်တော်တို့မြို့နယ်ထဲက အကောင်းဆုံးကျောင်းသို့ ရွှေ့လိုက်သည်။

သည်မှာတင် ပျက်စီးမှု စတော့သည်။ ထိုကျောင်းသည် နာမည်ရ၍ လူကုံထံသားသမီးများ၊ ငွေကြေးသုံးစွဲနိုင်သူများ၏ သားသမီးများထဲမှ သူငယ်ချင်း တချို့နှင့် လူပေါင်းမှားကာ ၁၀ တန်း မအောင်ဘဲ အရက်သောက်တတ်သွားသည်။

ကျွန်တော်တို့မိသားစုမှာ လခစားမိသားစုဖြစ်၍ အခြားသူများလို ငွေမသုံးစွဲနိုင်သဖြင့် အရက်လောက်နှင့်အဆုံးသတ်ကာ ထိုစဉ်က ငွေကြေးအကုန်အကျများသည့် မူးယစ်ဆေးစွဲမသွားတာပင် ကျေးဇူးတင်ရသေးသည်။

ယခုဆိုလျှင် ကျွန်တော့်ညီအသက်ပင် ၅၇ နှစ်ရှိပြီ။ သူနှင့်တွဲဖက်သူငယ်ချင်းအချို့ အရက်နှင့်မူးယစ်ဆေးဝါးကြောင့် ၁၀ တန်းမအောင်ကြဘဲ လောကကြီးထဲမှ အစောကြီးထွက်ခွာသွားကြပြီ။

ကျွန်တော့်ညီလည်း အရက်စွဲကာ နေရာအတည်တကျမနေနိုင်ဘဲ ကြုံရာအိပ်၊ ကြုံရာစား၊ လမ်းပေါ်မှာပဲနေတာကြာပြီ။

အရက်ဖြတ်သည့်ဆေးရုံအပါအဝင် ဆေးရုံပေါင်းလည်းစုံပြီ။ ရောဂါဝေဒနာမျိုးစုံလည်း ရနေပြီ။

ဒီကြားထဲမှာ စိတ်ရောဂါ ဆေးရုံက ဆင်းပြီးပြီးချင်း ရဟန်းဝတ်ချင်သည်ဆို၍ သုံးကြိမ်မြောက် ရဟန်းဝတ်ပေးလိုက်သေးသည်။ ဒါလည်း ကြာကြာမမြဲပါ။

ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသလို ယခုတော့ လမ်းပေါ်ပြန်ရောက်သွားပြန်သည်။ ဘယ်နေ့မှာ ဘယ်ဆေးရုံက ဖုန်းဝင်လာမည်လဲ စိုးရိမ်နေစဉ် ထင်ထားသည့်အတိုင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဖုန်းဝင်လာသည်။

"လမ်းဘေးမှာလဲပြီး သတိလစ်နေ၍ လူတစ်ဦးက လာပို့သွားသည်"တဲ့။

အကျင့်ဆိုး အမျိုးမတတ်နိုင်သော်လည်း မနေသာသည့် နှမတစ်ယောက်က အလုပ်ဖျက်ကာ ဆေးရုံမှာ သွားကြည့်ရသည်။ သူရောက်တော့ ဝေဒနာသက်သာ၍ လမ်းလျှောက်နိုင်ပြီ။

နောက်တစ်နေ့မှာ ဆေးရုံက ဖုန်းဝင်လာပြန်သည်။ ဆရာဝန်ကြီးတွေက ဆေးရုံဆင်းခွင့်ပြုသဖြင့် လာခေါ်ပါတဲ့။

ခက်ပြီ။ ကျွန်တော့်မှာလည်း ထိုနေ့က ရတ်တရက်အဆစ်အမြစ်တွေနာနေ၍ ဆေးခန်းတစ်ခုရောက်နေပြီး အခြားသူများလည်း မအားသဖြင့် ဆေးရုံကပဲတာဝန်ယူကာ ဦးလေးတစ်ယောက်၏အိမ်သို့ ဆေးရုံကားဖြင့် အိမ်တိုင်ရာရောက် လိုက်ပို့ပေးသွားသည်။

အဆိုပါ ဦးလေးအိမ်ရောက်ပြီး နှစ်ရက်ခန့်အကြာ ညကြီးမင်းကြီး ဦးလေးထံမှ ဒေါသသံဖြင့် ဖုန်းဝင်လာပြန်သည်။

"ဟေ့ကောင် – မင်းညီ ငါ့ဆီမှာ ကောင်းကောင်းမနေပြန်ဘူး၊ မနက်က ရွာကိုခဏသွားဦးမယ်ဆိုပြီး ထွက်သွားတာ ညမိုးချုပ်တဲ့အထိ ပြန်မလာဘူး၊ စောစောက ည ၁၁ နာရီလောက်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက ဖုန်းလှမ်းဆက်တယ်၊ အဲဒီကောင် မူးပြီး ရေမြောင်းထဲလဲနေလို့ ရုံးမှာ ခေါ်ထားတယ်တဲ့"

အသက် ၈၀ ကျော်အရွယ် ကျွန်တော့်ဦးလေး ဒုက္ခရောက်ပြန်ပြီ။

ဒီကောင်ဟာ တကယ်မှ လူပိုအစစ်ပါလား။ ■



## ကယားပြည်နယ် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ မကွေးတိုင်းဒေသကြီး GAP စနစ် နှမ်းသီးနှံစိုက်ခင်းများ လေ့လာ

**မကွေး ဇွန် ၅**

**ကယား ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တောင်သူများပါဝင်သောအဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း နှမ်းသီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP ဖြင့် စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လာရောက်လေ့လာကြရာ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမတွင် ယနေ့ညနေ ၃ နာရီက တွေ့ဆုံကာ ရှင်းလင်းဆွေးနွေးသည်။**

ထို့နောက် လေ့လာရေးအဖွဲ့မှ ဝန်ထမ်းများနှင့်တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တိုင်းစိုက်ပျိုးရေးဦးစီးမှူး၊ Network Activities Group (NAG)နှင့် တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဖြေကြားကြသည်။

**မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)**

အတွေးနှင့်ရသ

# နှစ်ယောက်ကဗျာ

**မောင်မြင့်အောင်**

**သူ့ အဖေက အငြိမ်းစားတစ်ယောက်ဖြစ်ပြီး သူကဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်သည်။ သူ့သားလေးက ဒုတိယတန်းတက်သည်။ ထို့အတူ သူ့အလုပ်ကပင်ပန်းသောကြောင့် ညနေပိုင်းအရက်သောက်ဖြစ်သည်။**

တစ်ရက်မှာ အဖေပင်စင်လစာထုတ်ပြီးနောက် ပုဆိုးအသစ်တစ်ထည်ပေးရင်း သူ့ကိုပြောလိုက်၏။

"သား–ဒီပုဆိုး မင်းယူလိုက်"

"နေပါ–အဖေပဲဝတ်ပါ"

"ယူပါကွ၊ အဖေ့တပည့်တစ်ယောက် ကန်တော့လိုက် တာ၊ အဖေကအသက်ကြီးပြီလေ မလိုတော့ပါဘူး၊ ပိုးတွဲလို့ပြောတယ်၊ ဈေးတော့ ကြီးမယ်"

အဖေက အတင်းပေးနေသောကြောင့် သူမယူချင်ဘဲ အဖေစိတ်ချမ်းသာအောင် ယူထားလိုက်ရသည်။ သို့သော် သူက ပိုးတွဲလုံချည်လေး၏ အခန်းကဏ္ဍကို မသိတာလား၊ ဆန္ဒကိုမထိန်းချုပ်နိုင်တာလား မပြောတတ်ပေ။ သေချာသည်မှာ ယနေ့ညပိုင်း ယစ်မူးရန်အတွက် ထိုလုံချည်လေးကို အသုံးချလိုက်ရသည်က သေချာသောလှုပ်ရှားမှုဖြစ်သည်။

× × ×

တစ်ရက်သားလေးက သူ့ဆီက ကတိတစ်ခု တောင်းဆိုနေစဉ် အဖေအပြင်မှ ပြန်ရောက်လာသည်။

"ရော့ သား ကိုယ့်အိမ်မှာလုံခြုံရဲ့သားနဲ့ ဘာဖြစ်လို့ သူများအိမ်မှာ သွားထားရတာလဲ"

ထို့နောက် အဖေပြန်ရွေးယူလာသောပိုးတွဲလုံချည်လေးကို အသေအချာခေါက်ပြီး သားကို ပြောလိုက်၏။

"ဒီနေ့တော့ တက်လိုက်ပါသားရယ်၊ မနက်ဖန် အဆင်ပြေသွားမှာပါ"

"တကယ်နော် ဖေကြီး"

သူခေါင်းညိတ်ပြလိုက်၏။ သို့သော် ရင်မှာတင်းကျပ်နေမိသည်။

× × ×

"ဟေ့ကောင် မင်္ဂလာဆောင်သွားမှာက ဒီအဝတ်အစားနဲ့လား"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ ငါပေးထားတဲ့ပိုးတွဲလုံချည်ကို ဘာဖြစ်လို့မဝတ်တာလဲ၊ ဝတ်စေချင်လို့ အပေါင်ဆိုင်က ပြန်ရွေးပေးထားတာ"

"အရောင်က သိပ်တောက်နေလို့ပါ အဖေ"

"အေး–ဒါဆို အဲဒီပုဆိုး ငါ့ကိုပြန်ပေး ငါဝတ်ပြီး မင်္ဂလာဆောင်သွားလိုက်မယ်"

"တောက် – မိဘစေတနာကို တော်တော်စော်ကားတဲ့ အကောင် ပုဆိုးကိုအရက်နဲ့ လဲသောက်လိုက်ပြီပေါ့"

ပြောပြောဆိုဆိုနှင့် အဖေအိပ်ခန်းထဲ ပြန်ဝင်သွားသည်။ သူကတော့ စားပွဲပေါ်က သားလေးခတ်ပုံကိုကြည့်ရင်း လက်ကောက်တွေအများကြီးဝတ်ထားသော မိန်းမဝဝတစ်ယောက်ထံမှ သားလိုချင်သည့်ကျောပိုးအိတ်ကလေးအတွက် အလဲအလှယ်လုပ်ခဲ့ရသော အဖေ့လက်ဆောင်ပိုးတွဲလုံချည်ကလေးကိုသာ လွမ်းနေမိတော့သည်။ ■



## မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း (၃/၂၀၁၉) ပဲခူးတွင် ဖွင့်လှစ်

**မှို မျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း (၃/၂၀၁၉) ဖွင့်လှစ်ပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၁၀) မိုင် ဘက်စုံသင်တန်းကျောင်းတွင် ဇွန် ၁၂ ရက်နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင် အဖွင့်အမှာ စကားပြောကြားသည်။ (ပုံ)**

အဆိုပါသင်တန်းသို့ (ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်) တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။

သင်တန်းကို ၁၂.၆.၂၀၁၉ ရက်မှ ၁၈.၆.၂၀၁၉ ရက်အထိ ဖွင့်လှစ်ပြီး မှိုသမိုင်း၊ မှိုအကြောင်းသိကောင်းစရာ၊ မိခင်မှိုမျိုးသန့် မွေးမြူနည်းများနှင့် သီးနှံမှိုမျိုးစေ့ ပြုလုပ်ခြင်း၊ နပ်စာမှိုမျိုးစေ့ပြုလုပ်ခြင်း၊ မှိုစိုက်ထုပ်ပြုလုပ်ခြင်း၊ မှိုမွေးမြူရန် အာဟာရ ပြင်ဆင်ခြင်း၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ ဆေးဖက်ဝင်မှိုများအကြောင်း၊ အပူပိုင်းမှိုများဖြစ်သော ငွေနှင်းမှို၊ ကြွက်နား ရွက်မှို၊ ကောက်ရိုးမှို၊ နို့စိမ်းမှို၊ လင်ဇီးမှိုနှင့် အအေးပိုင်းမှိုများဖြစ်သော ရှီတာကီမှို၊ မျောက်ခေါင်းမှို၊ ကြယ်သီးမှို၊ ရွှေအပ်မှို ခေါ် အီနိုကီတာကီမှိုများ စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်ခြင်းများကို စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်သည်။

မှိုစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ လုပ်ငန်းရှင်တစ်ဦးက မှိုမှထုတ်လုပ်သော စားသုံးကုန်များ၊ လူသုံးကုန်ပစ္စည်းများအကြောင်း အချိန်ပိုင်းပါဝင်ဆွေးနွေးသည်။

သင်တန်းပြီးဆုံး၍ မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိပါက လက်တွေ့စမ်းသပ်စိုက်ပျိုးထုတ်လုပ်နိုင်ရန် သင်တန်းသားတစ်ဦးလျှင် မှိုမျိုးစေ့ထုတ် ၁၀ ထုပ်စီ နမူနာလက်ဆောင် ပေးအပ်သည်။

**သိန်းဖေ**

**ရန်ကုန်** **တိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်အားလုံးတွင် ရွှေခရုကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ၂၉.၅.၂၀၁၉ ရက်က တစ်နေ့တည်း တစ်ချိန်တည်း ဆောင်ရွက်ကြသည်။**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးဟံထွန်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်နှင့်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းက ရွှေခရုကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် မြို့နယ်တိုင်းတွင် ရွှေခရုကြိုတင်ကာကွယ်ရေးလုပ်ငန်းကို တောင်သူလယ်သမားကြီးများအား ပညာပေးဟောပြောခြင်း၊ စပါးစိုက်ပျိုးမည့်လယ်မြေများကို ထယ်ရေးကြိုတင်ပြင်ဆင်၍ တစ်ဧကလျှင် ထုံးပေါင် ၁၅၀ စုပေါင်းထည့်ခြင်း၊ ဆေးရွက်ကြီးမှုန့်၊ ခရုသတ်ဆေးမှုန့်များ ကြိုတင်ထည့်သွင်းခြင်း လယ်ကန်သင်းများပြုပြင်၍ ရေစီးဖြင့် ရွှေခရုဝင်ရောက်လာနိုင်သော မြောင်း၊ ကတွတ်ပေါက်များကို ပိတ်ဆို့ခြင်း၊ ပိုက်ဆန်ခါများခံခြင်း၊ ခရုမြုံများအုနိုင်ရန်အတွက် လယ်များတစ်ဝိုက်ရှိ မြောင်းများ၊ အိုင်များတွင် တုတ်တိုင်၊ သစ်ကိုင်းများ စုပေါင်းစိုက်ထူခြင်း၊ လယ်များ၏ထောင့်တွင် ရွှေခရုများစုစည်းနေထိုင်နိုင်ရန် ရေဝပ်ကျင်းများတူးဖော်ခြင်း၊ မျှစာများစုပေါင်းထည့်ခြင်းများ၊ မြို့နယ်များ၊ ရွာများတွင် ရွှေခရုကာကွယ်နှိမ်နင်းရေး ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

**"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ ထိရောက်သည်"** ဆိုသည့်စကားအတိုင်း ယခုကဲ့သို့ အလေးအနက်ထားကာ ထိရောက်စွာ ဆောင်ရွက်ကြခြင်းဖြစ်သည်။




ရွှေခရုသည် စပါးသီးနှံကို အဓိကဖျက်ဆီးသည့် ပိုးမွှားဖြစ်သည်။ စပါးပင်ငယ်စဉ်တွင် ခင်းလုံးကျွတ်အောင် ကိုက်ဖြတ်ဖျက်ဆီးလေ့ရှိသည်။ ၎င်းကို ထိရောက်စွာကာကွယ်နှိမ်နင်းခြင်းမပြုလုပ်နိုင်ပါက ထိခိုက်ပျက်စီးမှု ၆၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ ယခုအခါတွင် စပါးသီးနှံကိုဖျက်ဆီးသည့် ပိုးမွှားများတွင် ရွှေခရုသည် ထိပ်ဆုံးက နေရာယူထားသည့်ပိုးမွှားများဖြစ်၍ အဓိကပိုးမွှားဖြစ်နေသည်။

ယခင်က မြန်မာနိုင်ငံတွင် ရွှေခရုမရှိခဲ့ပေ။ လွန်ခဲ့သော ငါးနှစ်ခန့်ကစ၍ ပင်လယ်ဒီရေဖြင့် အခြားဒေသများမှ မျောပါလာခဲ့ပြီး မြန်မာ့လယ်ယာမြေတွင် ခြေကုပ်ယူသွားခြင်းဖြစ်သည်။ ယခုအခါတွင် ကာကွယ်နှိမ်နင်းရန်အလွန်ခက်ခဲသော ပိုးမွှားတစ်ကောင်အဖြစ် မင်းမူလျက်ရှိသည်။

မိုးဦးကျ ဇွန်လလယ်မှ ဇူလိုင်လမိုးစပါးလှိုင်လှိုင် စိုက်ပျိုးနေသော အချိန်တွင် စပါးပင်ငယ်များတွင် စတင်ကျရောက်ဖျက်ဆီးသည်ကို တွေ့ရသည်။

မိုးရာသီမတိုင်ခင်တွင် လယ်များ၏ပတ်ဝန်းကျင်မြောင်းများရှိ ကျူပင်များ၊ ချုံနွယ်များ၊ မြက်ပင်များတွင် ခိုအောင်းနေရာမှ စပါးစိုက်ပျိုးချိန်တွင် ခေါင်းထောင်၍ထလာကာ စပါးခင်းများသို့ ကူးစက်ရောက်ရှိလာပြီး ဘဝစက်ဝန်းလည်ပတ်ကာ အသက်ဆက်ကြသည်။

ယခုအချိန်သည် မိုးလည်းများများမရွာသေး၍ စပါးများလည်း မစိုက်ပျိုးသေးသဖြင့် ရွှေခရုများလည်း မလာကြသေးပါ။ သို့သော်လည်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသည် လက်ဦးမှုရယူကာ ယခုကဲ့သို့ ရွှေခရုကြိုတင်ကာကွယ်ရေးလုပ်ငန်း ထိထိရောက်ရောက် ဆောင်ရွက်ခြင်းမှာ အလွန်နမူနာယူစရာကောင်းသည်။

မြန်မာနိုင်ငံတွင် ရွှေခရုသည် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးနှင့်တနင်္သာရီ တိုင်းဒေသကြီးများ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးရာသီရောက်တိုင်း ဆူညံပွက်လောရိုက်ကာ ဒုက္ခပေးလျက်ရှိသည်။ ယခင်နှစ်ကဆိုလျှင် အညာဒေသ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအထိ ရွှေခရုမွှေနှောက်ခြင်းခံလိုက်ကြရသည့် အညာဒေသသို့ စပါးများကူးလူးရောင်းဝယ်ဖောက်ကားခြင်းမှတစ်ဆင့် ပျံ့နှံ့သွားသည်ဟု ယူဆရပါသည်။

ယခင်နှစ်ကဆိုလျှင် မြန်မာပြည်အနှံ့ ဒေသတိုင်းလိုလို ရွှေခရုသည် ဖျက်ပိုးတကာတို့၏ဇာတ်လိုက်ဖြစ်ခဲ့သဖြင့် အုပ်အော်သောင်းနင်း ဖြစ်ခဲ့ရသည်။ သို့အတွက် ရွှေခရုကို **"မွှေခရု"** ဟုပင် ခေါ်ဝေါ်နေကြပြီဖြစ်သည်။

ရွှေခရုသည် အင်္ဂလိပ်လို Gloden Apple Snail ဖြစ်သည်။ မျိုးရင်း Gastropoda Anpullariidae ဖြစ်သည်။ ဒီရေအက်အကျနှင့် ပါလာပြီး ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကျက်စားလေ့ရှိသည်။ ထိုမှတစ်ဆင့် ချောင်းမြောင်းများတွင် ပါလာပြီး လယ်ကွင်းများအထိ ပျံ့နှံ့ရောက်ရှိကာ နေရာယူလာခြင်းဖြစ်သည်။

ရွှေခရုသည် ပြောင်းရွှေ့စိုက်ပျိုးသည့် စပါးခင်းသက်တမ်း နှစ်ပတ်သားအတွင်း ကြဲခင်းနှင့်တိုက်ရိုက်မျိုးစေ့ချစိုက်ခင်း ၄ ရက်မှ ၁၀ ရက်အတွင်း ကျရောက်ဖျက်ဆီးလေ့ရှိသည်။ စပါးပင်ငယ်လေးများကို အခင်းလုံးကျွတ်သည်အထိ ငုံးတိကျအောင် ကိုက်ဖြတ်ဖျက်ဆီးတတ်သည်။ စပါးပင်တစ်လသားကျော်သွားလျှင် အပင်ရင့်သွားသဖြင့် ဖျက်ဆီးမှု နည်းသွားသည်။

ရွှေခရုသည် အကောင်ငယ်လေးဘဝမှ အကောင်ကြီးဘဝအထိ ရက်ပေါင်း ၆၀ မှ ၈၄ ရက်အထိ ကြာတတ်သည်။ အကောင်ငယ်လေးများသည် အမည်းရောင်ဖျော့ပြီး အကောင်ကြီးများသည် အမည်းရောင်ရင့်သို့ ပြောင်းသွားကာ ပါးစပ်ကျယ်ကြီးများကို ပိုင်ဆိုင်ကြသည်။ အကောင်ကြီး အမနှင့်အထီးသည် ၁၀ နာရီမှ ၂၀ နာရီအတွင်းမိတ်လိုက်ပြီး တစ်ကြိမ်လျှင် ဥပေါင်း ၉၀ မှ ၆၀၀ အထိအုနိုင်သည်။ တစ်လဆိုလျှင် ဥပေါင်း ၁၀၀၀ မှ ၂၀၀၀ ထိအုနိုင်သည်။ ဥကိုအပြုံလိုက်အုပြီး ဥမြုံ၏အရောင်သည် ပန်းရောင်ဖြစ်သည်။ ဥမြုံများကို ကျူပင်၊ ကိုင်းပင်၊ သစ်ကိုင်း၊ တိုင်များတွင် တွယ်ကပ်၍အုကြသည်။ ဥဘဝ ၄ ရက်မှ ၁၄ ရက်အကြာတွင် ရွှေခရုအကောင်ငယ်လေးများ ပေါက်လာကြသည်။

ရွှေခရုအကောင်ငယ်လေးများထဲတွင် အမငါးကောင်လျှင် အထီးတစ်ကောင်ပါလေ့ရှိသည်။ ရွှေခရုသည် သက်တမ်းအများဆုံး ၁၀ နှစ်အထိ အသက်ရှင်နေထိုင်နိုင်ကြသည်။

ရွှေခရုသည် သက်တမ်းရှည်ကာ ဥပေါက်နှုန်းလည်း များပြားသဖြင့် တစ်ရာသီအချိန်တိုအတွင်း မြန်မြန်နှင့်များများမျိုးဆက်ပွားများလေ့ရှိရာ အချိန်မီထိထိရောက်ရောက်ကာကွယ်နှိမ်နင်းမှုမပြုလုပ်နိုင်လျှင် ကာကွယ်နှိမ်နင်း၍မရသည့်အခြေအနေထိ ဖြစ်သွားနိုင်သည်။

ရွှေခရုကို အချိန်မီထိထိရောက်ရောက်ကာကွယ်နှိမ်နင်းမည်ဆိုလျှင် လုပ်ငန်းစဉ်နှစ်ပိုင်းပါဝင်သည်။

(၁) ကြိုတင်ကာကွယ်ခြင်းနှင့် (၂) သုတ်သင်နှိမ်နင်းခြင်းတို့ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ယခုဆောင်ရွက်သည့် လုပ်ငန်းစဉ်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဖြစ်သည်။

ရွှေခရုမလာမီကပင် ထိရောက်စွာ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ရွှေခရုကြောင့် သီးနှံဖျက်ဆီးခံရမည့် ၆၀ မှ ၆၅ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်ခြင်းဖြင့် လက်ဦးမှုရယူထားခြင်းဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုန်ကျစရိတ်လည်း သက်သာ၍ ထိရောက်မှုရှိသည်။

သီးနှံများကို ဖျက်ဆီးသည့်ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းမည်ဆိုလျှင် (၁) ကြိုတင်ကာကွယ်ခြင်း၊ (၂) ထိရောက်စွာနှိမ်နင်းခြင်း၊ (၃) လုပ်ငန်းလက်စသတ်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များသည် အဓိက မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ ဖြစ်သည်။

သာဓကကိုတင်ပြရလျှင် ယခင်နှစ်မိုးရာသီက ဖောငမြှောင်တောင် ဖျက်ပိုးနယ်စပ်ဖြတ်ကျော်၍ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်ပြီး အစေ့ထုတ်ပြောင်းဧကတစ်သိန်းခွဲကျော်ကို တစ်မဟုတ်ချင်းပျံ့နှံ့ဖျက်ဆီးခံခဲ့ကြရသည်။

အမှန်ဆိုလျှင် ငမြှောင်တောင်ပိုးသည် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ရောက်ရှိနေကြောင်း သတင်းများပျံ့နှံ့ခဲ့သော်လည်း ယမန်နှစ်က အငိုက်မိခံလိုက်ရသည်။

ယခုအခါ ဖောငမြှောင်တောင်သည်လည်း ပြောင်းဧကတစ်သိန်းခွဲမှ အစပြုကာ မြန်မာပြည်တွင် ခြေကုပ်ရသွား၍ သတိမူကာကွယ်ရန် ဖြစ်သည်။ ၎င်းသည် သီးနှံအမျိုးပေါင်း ၈၀ အထိ ဖျက်ဆီးနိုင်ပြီး ပွားများမှုလည်း မြန်သည်။ ဖျက်ဆီးမှုပြင်းထန်သည်ဆို၏။ ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းလုပ်ငန်းများကို အချိန်မီထိထိရောက်ရောက်မဆောင်ရွက်နိုင်လျှင် ယခုနှစ်တွင်လည်း ဖောငမြှောင်တောင်ပိုး၏ဒုက္ခပေးခြင်း၏ အစေ့ထုတ်ပြောင်းအပါအဝင် အခြားသီးနှံမျိုးစုံတို့ အလူးအလဲခံစားရနိုင်သည်။

သီးနှံကာကွယ်နှိမ်နင်းရေးပါရဂူဘွဲ့ရ ပညာရှင်တစ်ဦး၏ အဆိုအရ ဖောငမြှောင်တောင်ပိုးသည် ဥကိုပြောင်းဖူးပင်ထိပ်ဖျားဖက်လိပ်အညွန့်ကလေးထဲတွင်အုကာ ပေါက်လာသော ပိုးလောက်ကောင်ငယ်ကလေးများသည် ၎င်းထိပ်ဖားဖက်လိပ်အတွင်းတွင် နေထိုင်စားသောက်ဖျက်ဆီးတတ်သည်ဆို၏။

သို့ပါ၍ အပေါ်ယံမှဆေးဖျန်းရုံဖြင့် မထိရောက်နိုင်ပေ။ ပိုးကောင်ကို ဆေးဖြင့်ထိရန် ပြောင်းပင်ထိပ်များ ဖက်လိပ်အညွန့်ကိုဖြဲ၍ ဆေးထည့်ခြင်း၊ ဆေးဖျန်းခြင်းဆောင်ရွက်မှသာ ထိရောက်နိုင်သည်ဟု ဆိုပါသည်။

ယခင်နှစ်က ဧရာဝတီတိုင်းဒေသကြီးတွင် ဖောငမြှောင်တောင် ကျရောက်သော ပြောင်းခင်းများကို ကုမ္ပဏီတစ်ခုက ဒရုန်းအသုံးပြု၍ ကောင်းကင်မှ ဆေးဖျန်းပေးသည်ဟု ကြားသိရသည်။ အထက်ပါ ပညာရှင်၏ အဆိုအရဆိုလျှင် ယင်းကဲ့သို့ ကောင်းကင်မှ ဆေးဖျန်းခြင်းမှာ ထိရောက်မှု မရှိနိုင်ပေ။

သို့ပါ၍ နိုင်ငံတစ်ဝန်း သီးနှံစုံဖျက်ဆီးသော ပိုးမွှားရောဂါများကို ထိရောက်ပြီး အကျိုးရှိစေရန် ကာကွယ်နှိမ်နင်းကြမည်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီးမှ ဆောင်ရွက်သည့် ရွှေခရုကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်ကို နမူနာယူကာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။ ■

## မြေချဉ်ပြုပြင်ခြင်း (ကယ်လ်စီယမ်ကာဘွန်နိတ်)ဆေးရည် စမ်းသပ်ကွက် သရက်ချောင်းတွင် သရုပ်ပြ



သီးနှံပင်များကြိုက်နှစ်သက်သော မြေဆီလွှာချဉ်ငန်ကိန်းရောက်ရှိရေးအတွက် မြေချဉ်ပြုပြင်ခြင်း (ကယ်လ်စီယမ်ကာဘွန်နိတ်)ဆေးရည်အသုံးပြုသည့် စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို ဇွန် ၁၀ ရက်နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဆင်ကူး ကျေးရွာတွင်ကျင်းပရာ စိုက်ပျိုးရေး ဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းများ၊ အကျိုးဆောင် တောင်သူ များ တက်ရောက်ကြသည်။

အဆိုပါသရုပ်ပြပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းလွင်က မြေအချဉ်ငန်ကိန်း သဘောတရားများ၊ ပြုပြင်ခြင်းများ၊ သီးနှံအထွက်တိုးရေးအတွက် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေး တာဝန်ခံက အပင်အာဟာရ လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်ဒုတိယဦးစီးမှူးက ဘက်စုံမြေဆီလွှာ တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြေအချဉ်အငန်ကိန်း (pH)တိုးတက်ရန် ကယ်လ်စီယမ်ကာဘွန်နိတ် ဆေးရည်ဖျန်းခြင်းလုပ်ငန်းကို လက်တွေ့ပြသသည်။ **(ပုံ)**

**သိန်းဇေ**




# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၃

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) သည် စားနပ်ရိက္ခာဖူလုံရေး၊ ဘေးကင်းရေး၊ အာဟာရပြည့်ဝစေရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် သုတေသနတီထွင်စမ်းသပ်မှုများနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစုအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public - Private Partnership) သည်လည်း အရေးပါသည့်နည်းလမ်းတစ်ခု ဖြစ်သည်။**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် Prime Agri Limited (PRIME) မှ ပုဂ္ဂလိကဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို စာတွေ့၊ လက်တွေ့ပို့ချခြင်းအလုပ်ရုံသင်တန်းကို နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသုတေသနဌာနစုစိုက်ကွင်း၌ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်များက ကျင်းပသည်။

အဆိုပါသင်တန်းတွင် စပါးမျိုးကောင်းမျိုးသန့်မွေးမြူရွေးချယ်ခြင်း၊ စပါးစိုက်ပျိုးနည်းစနစ်များ (တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း (Driect Seeding Method)၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း (Transplanting Method)၊ စပါးပျိုးနုကောက်ကွက်ကြဲစိုက်နည်းစနစ် (သို့မဟုတ်) စပါးအစွမ်းရှိ စိုက်ပျိုးနည်းစနစ် (System of Rice Intensification - SRI)၊ စပါးစမ်းသပ်ကွက်များဆောင်ရွက်သည့်ပုံစံ (ဒီဇိုင်း)၊ မှတ်တမ်းအချက်အလက်များကောက်ယူခြင်း၊ မြေဩဇာနှင့် စိုက်ပျိုးရေ အကျိုးရှိစွာ အသုံးချနိုင်ရေးနည်းလမ်းကောင်းများ၊ စပါးသက်တမ်းတစ်လျှောက် အပင်ပြုစုခြင်းနှင့်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို စာတွေ့လက်တွေ့သင်ကြားပေးသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် Prime Agri Limited (PRIME) တို့ပူးပေါင်းကာ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးနှင့် တီထွင်ဆန်းသစ်သော သုတေသနများတိုးတက်လုပ်ဆောင်နိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံသုတေသနဌာနစုမှ သုတေသနပညာရှင်တစ်ဦးကိုလည်း Prime Agri Limited (PRIME) ၏ အထောက်အပံ့ဖြင့် ထိုင်းနိုင်ငံသို့ စေလွှတ်ကာ စိုက်ပျိုးရေးနည်းပညာများ လက်တွေ့လေ့လာရန် စီစဉ်ထားပြီး တောင်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# သုတေသနပညာရှင်များနှင့် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး) စိုက်ပျိုးရေးဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၈

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် စိုက်ပျိုးရေးဦးစီးဌာန (DOA) တို့ ပူးပေါင်း၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များနှင့် စိုက်ပျိုးရေးဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေဒူး)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ (ပုံ)**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်တာနှင့်မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာ စုစုဝင်းတို့ဦးဆောင်သော သုတေသနပညာရှင်များအဖွဲ့နှင့် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ မြိတ်မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့်တာဝန်ရှိသူများ၊ မြိတ်မြို့နယ်အတွင်းရှိ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန (ရွှေဒူး) တာဝန်ခံ ဒေါ်ငွေငွေမြင့်နှင့် ဝန်ထမ်းများ၊ ရွှေဒူး ခြံတာဝန်ခံ ဦးခင်မောင်အေးနှင့် ဝန်ထမ်းများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ရန်အတွက် သုတေသနအတွေ့အကြုံနှင့်နည်းပညာရပ်များ ဖလှယ်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများပါဝင်သည့် မှတ်တမ်းတင်ဗီဒီယိုကို ဖွင့်လှစ်ပြသကာ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနတာဝန်ခံနှင့် ခြံတာဝန်ခံတို့က ရော်ဘာ၊ ဆီအုန်းနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သုတေသနပညာရှင်များက စိုက်ပျိုးရေးတွင် မြေဆီလွှာ၏အရေးပါမှု၊ မြေဆီလွှာစစ်ဆေးမှုကို အခြေခံ၍ မြေဩဇာကို အချိန်မှန်၊ နှုန်းထားမှန်၊ နေရာမှန်ထည့်သွင်းရန် နည်းပညာများကို ပြသပေးပြီး ဆီအုန်းစွန့်ပစ်ပစ္စည်း ကြိတ်ဖတ်ဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း ဟင်းသီးဟင်းရွက်များကို ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် မြေလွှာမဲ့စိုက်နည်းစနစ်နှင့် သစ်သီးဝလံများစိုက်ပျိုးထုတ်လုပ်မှုကို ဆွေးနွေးဖလှယ်ကြပြီး ရော်ဘာနှင့် ဆီအုန်းစိုက်ခင်းများကို သွားရောက်လေ့လာကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



# သံတောင်ကြီးမြို့နယ်၌ ဇီဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့ကွင်းသရုပ်ပြ

သံတောင်ကြီး ဇွန် ၂၀

**ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ရော်ဘာ၊ ကော်ဖီ၊ ဖာလာ၊ ဥယျာဉ်ခြံသီးနှံနှင့် စပါးစိုက်တောင်သူများအတွက် ဓာတုမြေဩဇာ လျှော့ချသုံးစွဲရန်နှင့် ဇီဝမြေဩဇာများ ပြုလုပ်သုံးစွဲတတ်စေရန် ရည်ရွယ်၍ ယမန်နေ့က သံတောင်ကြီးမြို့နယ် ချောင်းနှစ်ခွကျေးရွာ၊ တောင်သူဦးဟောဘဲဟန်တ်၏ ရော်ဘာခြံ၌ ဇီဝမြေဩဇာပြုလုပ်သုံးစွဲနည်းစနစ် ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပရာ သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ခရစ္စထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်နှင့်ဝန်ထမ်းများ၊ ခြံရှင်များ စုစုပေါင်း ၃၅ ဦးတက်ရောက်ကြသည်။**

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီနွယ်နှင့်အဖွဲ့က ဇီဝမြေဩဇာနှင့် ဓာတုပိုးသတ်ဆေးသုံးစွဲခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပို့ချပြီး ဇီဝမြေဩဇာလက်တွေ့ ပြုလုပ်သုံးစွဲနည်းကို ပြသသည်။ (ပုံ)

**မြတ်သဥ္ဇာလှိုင်**

# ငမြှောင်တောင် (Fall Armyworm) ပညာပေးဆွေးနွေးပွဲ လောက်ကိုင်တွင် ကျင်းပ

ငမြှောင်တောင် (Fall Armyworm) ကျရောက်ဖျက်ဆီးမှုမရှိစေရန်အတွက် ပညာပေးဆွေးနွေးပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းအုပ်စု၊ စဥ့်ကိုင်ကျေးရွာစာသင်ကျောင်းတွင် ဇွန် ၆ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ် သမားများ တက်ရောက်ကြသည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက ယခုနှစ်မိုးရာသီ စပါးသီးနှံတွင် FAW ကျရောက်ဖျက်ဆီးမှုမရှိစေရန် အတွက် ဌာနဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်သူများ၊ လယ်ယာလုပ်သားများ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း အမှာစကား ပြောကြားပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးမျိုးမင်းစိုးက FAW ကြိုတင် ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ် များကိုလည်းကောင်း ဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူတို့က တောင်သူလယ်သမားများအား FAW စာတမ်းပါ ပိုးသတ်ဆေးပုံးများကို ပေးအပ်ကြသည်။ (ပုံ)

**သိန်းဇေ**



**ဘ ရာစုနှောင်းပိုင်းကာလများမှာ ထွန်းတောက်လာသော ရက္ခမုဆိုးများတွင် ကုန်ကျစရိတ်ငွေကြေးများစွာကို ရင်းနှီးမြှုပ်နှံပေးသော သူကြွယ်များ၊ ထိုလုပ်ငန်းအတွက် ပံ့ပိုးနိုင်သော အာဏာရှိသည့်မင်းများ၊ ပဒေသရာဇ်များ၊ ပင်လယ်ရေကြောင်းခရီး ကျွမ်းကျင်သော မာလိန်မှူးများ၊ ရက္ခဗေဒပညာရှင်များ၊ ရက္ခဗေဒပန်းချီဆရာများ၊ ရရှိသော အပင်သစ်များကို စိုက်ပျိုးရာတွင် အားထားရသော ဥယျာဉ်မှူးများဖြင့် ထိုလုပ်ငန်းတစ်ခုလုံး အရှိန်အဟုန်ကြီးစွာဖြင့် တိုးတက်ခဲ့သည်။**

# သစ်ခွမုဆိုး ၁၀၁ မျိုး

ဦးဖုရက်သိန်းဖေ



လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်က အာကာသသိပ္ပံကို လေ့လာသကဲ့သို့ ကမ္ဘာအရပ်ရပ်မှ စိတ်ဝင်စားဖွယ်အပင်များကို ရှာဖွေစုဆောင်းခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်မှစုဆောင်းရရှိလာသော အပင်များကို လေလံတင်ရောင်းချကြသည်။ ထိုစဉ်က အချို့သော သစ်ခွမျိုးစိတ်တစ်ပင်၏တန်ဖိုးမှာ သာမန်မိသားစုများအတွက် တစ်သက်တာ လုံလောက်သောငွေဖြစ်စေခဲ့သည်။ ကမ္ဘာ့အပူပိုင်းမှ အုန်းပင်၊ ထန်းပင်ကဲ့သို့ အပင်ကြီးများမှ အရွက်သေးငယ်သော သစ်ခွပင်များကို အနောက်ဥရောပ အအေးပိုင်းဒေသများ၌ ပြန်လည်စိုက်ပျိုးရာတွင် အထူးဂရုစိုက်ရသည်။ မှန်လုံအိမ်ကြီးများတွင် အပူချိန်၊ အလင်းရောင်သာမက လေကိုပါထိန်းညှိပေးရသည်။ ကုန်ကျစရိတ်ကြီးမားသောကြောင့် အလွန်အမင်း ချမ်းသာကြွယ်ဝသောသူများသာ ပြုလုပ်နိုင်သောလုပ်ငန်းဖြစ်သည်။ ထိုခေတ်ကာလသည် သစ်ခွမုဆိုးများ၏ ရွှေခေတ်ဖြစ်သည်။ ယနေ့ကာလ ချမ်းသာသော၊ အနုပညာရှင်များ၊ ဘောလုံးသမားများကဲ့သို့ ထိုခေတ်က သစ်ခွမုဆိုးများ၏ ချမ်းသာကြွယ်ဝမှုကို တွေ့ရှိရသည်။

သစ်ခွမုဆိုးများ၏ အောင်မြင်မှုမှာ ကွာခြားမှု အလွန်ကြီးမားပါသည်။ ယနေ့ကာလသစ်ခွမုဆိုးများ အကြား၌ပင် ယင်းကွာခြားမှုကို တွေ့မြင်နေရသည်။ ထိုသို့ အောင်မြင်မှုကွာခြားရခြင်းကို နှောင်းလူသားများ ဆင်ခြင်လေ့လာနိုင်ရန် တင်ပြလိုပါသည်။

## ရွှာဆော်ကြီး ခွေး (သို့မဟုတ်) နောဇတောကျီးကန်း

သမ္မာကျမ်းစာတွင် ကမ္ဘာကြီးတစ်ခုလုံး ရေကြီးဖုံးလွှမ်းစဉ်က နောဧဆိုသော ပုဂ္ဂိုလ်ကြီးက သတ္တဝါများ ရေမြုပ်မျိုးမပြုန်းရန် သင်္ဘောကြီးအတွင်း ကယ်တင်ထားသည်။ ရေနည်းသွားပြီး ကုန်းပေါ်လာသောအခါမှ ပြန်လွှတ်ရန်ဖြစ်သည်။ ကုန်းပေါ်မည့်နေရာကိုရှာဖွေရန် တောကျီးကန်းတစ်ကောင်လိုစမ်းလွှတ်ရာကုန်းမမြင်ရဘဲ အသွားအပြန်အကြိမ်များစွာပြုလုပ်နေရသည်။ ကုန်းမတွေ့ဘဲ ထိုသို့ ခရီးအခေါက်ခေါက်နှင်ပြီးပြန်လာသော တောကျီးကန်းကို မြန်မာတို့၏ ရွှာဆော်ကြီးခွေးကဲ့သို့လို အောင်မြင်မှုမရဘဲ အလုပ်လုပ်နေသူများရှိနေပါသည်။ လုပ်အား၊ အချိန်နှင့်ကုန်ကျရသော စရိတ်ပင်မရသော သစ်ခွမုဆိုးမျိုး ဖြစ်သည်။

## ယောက်မလို သစ်ခွမုဆိုး

ယောက်မသည်ဟင်းအိုးကို မွှေနေသော်လည်း ဟင်း၏အရသာကိုမသိသကဲ့သို့ ယောက်မနှင့်တူသော သစ်ခွမုဆိုးများ သမိုင်းတစ်လျှောက် ရှိနေပါသည်။ ပညာရှင်များအဖိုးတန်သစ်ခွများနှင့် တစ်သက်လုံးနီးနီးကပ်ကပ် လေ့လာခွင့်ရသော်လည်း သစ်ခွ၏တန်ဖိုးကို မှန်ကန်စွာ နားမလည်သူများစွာ ရှိပါသည်။ ထိုသူများအထဲတွင် သာမန်လူပုဂ္ဂိုလ်များသာမက သစ်ခွလုပ်ငန်းနှင့်ပတ်သက်သော တာဝန်ကြီးများကို ထမ်းဆောင်နေသောသူများပင် ပါဝင်နေသည်မှာ အံ့သြစရာဖြစ်သည်။

## မူကြိုအဆင့်ပညာရှင် သစ်ခွမုဆိုး

သိပ္ပံအမြင်အရ ဇီဝဗေဒအမြင်အရ အလွန်အဆင့်မြင့်သော သစ်ခွဗေဒလမ်းကြောင်းအတိုင်း တက်လှမ်းမလေ့လာဘဲ မူကြိုနှင့်မူလတန်းအရွယ်ကလေးများအတွက် ရေးထားသော သစ်ခွစာအုပ်များကိုသာဖတ်ပြီး ကျင်လည်နေသူများ ယနေ့သစ်ခွလောက၌ပင် ရှိနေသေးသည်။ ထိုစာအုပ်များကို လေ့လာရုံဖြင့် သစ်ခွမုဆိုးကောင်းများ ဘယ်သောအခါမှ ဖြစ်မလာနိုင်ပေ။

## ဆိုးသွမ်းသော သစ်ခွမုဆိုးများ

သစ်ခွမုဆိုးများအနေဖြင့် မိမိတို့ရှာဖွေတွေ့ရှိသော သစ်ခွမျိုးသစ်များ ဈေးကွက်တွင် ရောက်ရှိမလာရန် မိမိတို့မယူနိုင်အောင်များသော သစ်ခွများကို ဖျက်ဆီးပစ်ခြင်း၊ မီးရှို့ခြင်း၊ လွှင့်ပစ်ခြင်း၊ ရေမျောပစ်ခြင်း ပြုလုပ်သည့်သာဓကများ ရှိပါသည်။ ဤကဲ့သို့ စိတ်ထားမကောင်းသော သစ်ခွမုဆိုးများကို ဆိုးသွမ်းသောသစ်ခွမုဆိုးများအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

## ငွေအတွက်သာ အလုပ်လုပ်သော သစ်ခွမုဆိုး

သစ်ခွပင်များ၏သဘာဝ၊ ရက္ခဗေဒ၊ ဇီဝဗေဒ၊ ဂေဟဗေဒများကို စိတ်ဝင်စားမှုမပြဘဲ ရောင်းစားရန် သက်သက်သာ စိတ်ဝင်စားသော သစ်ခွမုဆိုးများမှာ သစ်ခွများ၏ အနာဂတ်ကောင်းကျိုး လူသားများအတွက် သစ်ခွများ၏အရေးပါမှုကို စိတ်မဝင်စားကြပေ။ သစ်ခွကိုရောင်းကုန်ပစ္စည်းတစ်မျိုးသက်သက်အဖြစ်သာ စိတ်ဝင်စားကြပြီး ထိုလုပ်ငန်းကို လုပ်ကိုင်နေသူများမှာ ပြီးပြည့်စုံသော အောင်မြင်မှုကို မရနိုင်ပေ။ ငွေအတွက်သည်ပင်လျှင် အကန့်အသတ်နှင့်သာ ရရှိမည်ဖြစ်သည်။ မိမိတို့ စုဆောင်းရရှိသောသစ်ခွပင်၏ အနာဂတ်ကောင်းမွန်တိုးတက်ရေးအတွက် စဉ်းစားနိုင်ပါက ထမင်းစားဖို့သက်သက် သစ်ခွရှာဖွေစုဆောင်းခြင်းမှာ သစ်ခွမုဆိုးကောင်းတို့၏ ရည်ရွယ်ချက်မဟုတ်ပေ။

## ရှားပါးသစ်ခွရှာဖွေသော သစ်ခွမုဆိုးများ

သစ်ခွလောကတွင် ရှားပါးသစ်ခွများမှာ ထင်ရှားသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ တန်ဖိုးကြီးမြင့်ခြင်းနှင့်အဓိပ္ပာယ်ထပ်တူထပ်မျှမဟုတ်သော်လည်း သစ်ခွစီးပွားရေးလုပ်ငန်းများတွင် အရေးပါသော အကြောင်းတစ်ရပ်ဖြစ်နေသည်။ ရှားပါးသစ်ခွများကို မြတ်နိုးရုံသက်သက်ဖြင့် စုဆောင်းကြသကဲ့သို့ မျိုးစပ်မွေးမြူခြင်းကိစ္စမျိုးတွင်လည်း အရေးပါသော အပင်များဖြစ်သည်။ ရှားပါးခြင်းဆိုရာ၌ အရေအတွက်အားဖြင့် ရှားပါးခြင်းကို လူတိုင်းသိထားပြီးဖြစ်သည်။ အရောင်အားဖြင့် ရှားပါးခြင်း၊ အရွယ်အားဖြင့် ရှားပါးခြင်း၊ ပုံသဏ္ဍာန်အရရှားပါးခြင်း၊ ဇီဝသဘောအရ ရှားပါးခြင်းတို့မှာလည်း အရေးပါသော အကြောင်းရပ်များ ဖြစ်သည်။

သာမန်အားဖြင့် ဆင်နှင့်ဆိတ်မှာ မျိုးစပ်၍ မရနိုင်သော်လည်း အကယ်၍ ဆိတ်ထီးတစ်ကောင်သည် ထွန်းပြီး ဆင်မများနှင့်သားကျနိုင်ပါက ထိုဆိတ်ထီးမှာ သာမန်ဆိတ်ထီးမဟုတ်တော့သော ရွှေဆိတ်ထီးဖြစ်သွားမည်ဖြစ်သည်။ သစ်ခွလောကတွင် ဗီဇအားဖြင့် ဝေးကွာလွန်းလှသော သစ်ခွနှစ်မျိုးအကြား ရှားရှားပါးပါးမျိုးစပ်နိုင်ပါက အကျိုးအမြတ်ကြီးမားစွာရရှိစေမည်ဖြစ်သည်။

မြန်မာတွင် ငပလီ ရွှေပန်းဟုခေါ်သော ဒင်ဒရိုဘီယမ် ဖော်မိုထန်ကို တောင်အမေရိကတိုက်မှ ကက်တလေယာသစ်ခွမျိုးစုမှ မျိုးစိတ်အချို့နှင့် မျိုးစပ်နိုင်ခဲ့သည်။ ထိုကဲ့သို့ ဗီဇအားဖြင့် ဝေးကွာလှသော သစ်ခွနှစ်မျိုးကို မျိုးစပ်နိုင်ခြင်းမှာ ရှားရှားပါးပါးကိစ္စဖြစ်သည်။

အလားတူပင် သန္တာလေးဟုခေါ်သော အက်စတိုစင်ထရမ်ကာဗီ ဖိုလီယမ်နှင့် ဖာလေနော့ဆစ်မျိုးစိတ်များမှာ ဗီဇအားဖြင့် ဝေးကွာလှသော်လည်း အောင်မြင်စွာ မျိုးစပ်နိုင်ပြီး စပ်မျိုးအက်စ်စကိုနော့စစ် Asconopsis ရရှိခဲ့သည်။ ဤသို့ဖြင့် ရှားပါးသော မိဘသာမက သားဆက်အသစ် ရှားပါးသောစပ်မျိုးကို ဖန်တီးယူ နိုင်သည့်သာဓကများ ရှိပါသည်။

သစ်ခွစီးပွားရေးလောကတွင် အရေးမပါသော မျိုးစုများ မျိုးစိတ်များမှ ရှားပါးသောလက္ခဏာများမှာ တန်ဖိုးမကြီးမားဘဲ လူတို့အလေးထားသော မျိုးစုမျိုးစိတ်များမှ ရှားပါးလက္ခဏာများမှာ တန်ဖိုးကြီးကြမြဲဖြစ်သည်။ တစ်ဝက်ရေနေ semihydrophyte သစ်ခွများမှာ သဘာဝအားဖြင့် ဆန်းကြယ်သော်လည်း လှပသောပန်းများမရှိခြင်းကြောင့် သစ်ခွလောကတွင် အရာမရောက်သောသစ်ခွများအဖြစ်သာ ရှိနေသည်။

## အဆင့်မြင့်သစ်ခွဗေဒအခြေခံရှိပြီး အနာဂတ် သစ်ခွလောကကို ပုံဖော်လုပ်ကိုင်နိုင်စွမ်းရှိသော သစ်ခွမုဆိုး

ရက္ခဗေဒအရ သစ်ခွဗေဒသည် ခက်ခဲနက်နဲသော အားသာချက်ဖြစ်သည်။ အလွန်ထူးချွန်သော ပညာရှင်များ၊ စွမ်းအားရှင်များနှင့် နှစ်ပေါင်းရာချီ၍ တည်ထောင်ခဲ့သောဘာသာရပ်ဖြစ်သည်။ ထို့ကြောင့် သာမန်ရက္ခဗေဒပညာရှင်အများကပင် သစ်ခွဗေဒနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိပေ။ သစ်ခွဗေဒနှင့်သက်ဆိုင်သော စာပေကောင်းများစွာ ပေါ်ထွက်ခဲ့သည်။ အပင်မျိုးစပ်သည့်သမိုင်းကို လေ့လာကြည့်ပါက သစ်ခွမျိုးစပ်ခြင်းကဲ့သို့ နှစ်ပေါင်း ၂၀၀ နီးပါး တိကျသောမှတ်တမ်းမျိုးမည်သည့်အပင်လောကတွင်မှ တွေ့နိုင်မည် မဟုတ်ပေ။ သာမန်အပင်မျိုးစပ်ရာတွင် အားထားသော မျိုးရိုးပညာမှ ရှာမတွေ့နိုင်သော အတွေ့အကြုံကောင်းများကို သစ်ခွစပ်မျိုးမှတ်တမ်းများတွင် လေ့လာနိုင်ပါသည်။

သစ်ခွမျိုးစပ်ရာတွင် လွှမ်းမိုးသောလက္ခဏာနှင့် လွှမ်းမိုးခံလက္ခဏာဟူ၍ ရှိပါသည်။ အကယ်၍ စပ်မျိုးသစ်တွင် ကောင်းသောလက္ခဏာများမှာ လွှမ်းမိုးခံလက္ခဏာဖြစ်နေပါက အောင်မြင်သော မျိုးစပ်ခြင်းမဟုတ်တော့ပေ။ အချိန်ကုန် လူပန်းရုံသာ ရှိသည်။

အောင်မြင်သောမျိုးစပ်ခြင်းအတွက် ဖြစ်ပေါ်လာသောစပ်မျိုး၌ လွှမ်းမိုးသောလက္ခဏာများမှာ ကောင်းသောလက္ခဏာများသာဖြစ်ရမည်ဖြစ်သည်။ ဤကိစ္စမျိုးကို ရှင်းလင်းစွာ အဖြေထုတ်နိုင်သော ပညာရပ်မှာ မျိုးရိုးပညာမဟုတ်ပါ။ ဆင့်ကဲဖြစ်စဉ် (Evolution) နှင့် မျိုးရိုးဆက်နွှယ်မှုပညာ (Phyllo genetic) သာ ဖြစ်သည်။ ဤတင်ပြမှုမှန်ကန်ကြောင်းကို ရှည်လျားသောသစ်ခွစပ်မျိုးမှတ်တမ်းများတွင် တွေ့နိုင်သည်။

ထိလျှင်ထိ၊ မထိလျှင်လွဲ Hit or mis ဟူသော မျိုးစပ်နည်းမှာ မျက်ကန်းတစ္ဆေမကြောက်သော နည်းသာဖြစ်သည်။ ၂၁ ရာစုသစ်ခွမျိုးစပ်ခြင်းလုပ်ငန်းနှင့်လုံးဝမစပ်ဟပ်အောင် လုပ်သောလုပ်ရပ် ဖြစ်သည်။ ပညာရှင်ဟူသော ပုဂ္ဂိုလ်များပင်လျှင် ဤလုပ်ရပ်ကို ကျင့်သုံးနေခြင်းမှာ အံ့ဖွယ်ဖြစ်သည်။

သစ်ခွများကို မျိုးစပ်ရာတွင် ပန်းပွင့်ချိန်တူညီသော သစ်ခွနှစ်မျိုးအား ဝတ်မှုန်ကူးမျိုးစပ်ခြင်းကို သစ်ခွမျိုးစပ်ခြင်းဟု ယူဆသူများစွာ ရှိနေပါသည်။ ဤသို့မျိုးစပ်ခြင်းမှာ အပင်များမျိုးစပ်ခြင်းလုပ်ငန်းတွင် အလွယ်ကူဆုံးလုပ်နည်းလုပ်ဟန်ဖြစ်သည်။ ခက်ခဲနက်နဲသောသစ်ခွမျိုးစပ်ခြင်းနှင့် အနှစ်သာရအားဖြင့် ကွာဟလွန်းပါသည်။

သစ်ခွဝတ်မှုန်များသည် ဝတ်မှုန်တစ်ခုစီ ကွဲမနေဘဲ ဝတ်မှုန်ရာထောင်ချီ၍ အစုအခဲဝတ်မှုန်ခဲ (Pollina) အဖြစ် ရှိနေသည်။ တာရှည်ခံသည်။ ထို့ကြောင့် သစ်ခွနှစ်မျိုးကို မျိုးစပ်ရာတွင် ပန်းပွင့်ချိန်တူညီရန်မလိုဘဲ မျိုးစပ်နိုင်သည်။ မိုးတွင်းပွင့်သော သစ်ခွပင်မှ ဝတ်မှုန်ခဲကို စုဆောင်းထားပြီး ဆောင်းနှင့် နွေတွင်ပွင့်သောသစ်ခွနှင့် မျိုးစပ်နိုင်သည်။ ဝတ်မှုန်ကူးရန်လွယ်ကူခြင်းနှင့် မျိုးစပ်ရန် လွယ်ကူသော်လည်း သစ်ခွမျိုးစပ်ခြင်းလုပ်ငန်း၏ နက်နဲမှုမျိုးကို အခြားသောအပင်မျိုးတွင် တွေ့နိုင်မည်မဟုတ်ပေ။

သစ်ခွစေ့များတွင် မိခင်ပင်ကပေးလိုက်သော အစေ့တွင်းစာပါမလာခြင်းကြောင့် သစ်ခွစေ့များတွင် အစာမပါတော့ပါ။ ဤလက္ခဏာမှာ တိုးတက်သော လက္ခဏာဖြစ်သည်။ အပင်သစ်ဖြစ်သော ပင်လောင်း Embryo နှင့် မိခင်၏ သွေးသားဖြစ်သော အစေ့တွင်း Endosperm ပါမလာခြင်းကြောင့် မိခင်ပင်နှင့် သားလောင်းအကြား အဆိပ်သင့်မှုမရှိတော့ပေ။ သစ်ခွအသီးတစ်လုံး၌ပင် အစေ့များ သိန်းသောင်းသန်းချီ၍ ရှိကြခြင်းကြောင့် ဖြစ်ပေါ်လာသော မျိုးဆက်သစ်တွင် မတူကွဲပြားသော ဗီဇကွဲအပင်များစွာ ဖြစ်ပေါ်လာနိုင်သည်။ ထိုမျှများပြားသော အစေ့မှပေါက်လာသော

စာ – ၁၃ သို့

# ထမင်း (ဆန်)များများစားခြင်းသည် ဝခြင်းနှင့် အဝလွန်ခြင်းကို တိုက်ဖျက်ရာ၌ အကူအညီပေးနိုင်

**ဂျပန်** နိုင်ငံ တိုကျိုမြို့ ဘလွန်းဘတ်သတင်းတစ်ပုဒ်၌ ထမင်း(ဆန်)များများစားခြင်းသည် ဝခြင်း (သို့မဟုတ်) အဝလွန်ခြင်းကို တိုက်ဖျက်ရာ၌ အကူအညီပေးနိုင်သည်ဟု သုတေသီတို့၏လေ့လာချက်တွင် ပါရှိကြောင်းဖြင့် သတင်းဖော်ပြထားသည်။



လေ့လာသူများ၏ တွေ့ရှိချက်မှာ ဆန်များများစားသည့် အာရှတိုက်သား အများစုနှင့်ဆန်နည်းနည်းသာစားသည့် အနောက်တိုင်းရင်းသားတို့၏ ဝခြင်း (သို့မဟုတ်) အဝလွန်ခြင်းများကို နှိုင်းယှဉ်ကြည့်ရာ၌ ဝခြင်း (သို့မဟုတ်) အဝလွန်ခြင်းသည် ကွာခြားမှုမရှိပါဟူ၍ ဖြစ်သည်။

သုတေသီများသည် နိုင်ငံပေါင်း ၁၃၆ နိုင်ငံသို့လှည့်လည်၍ ဆန်စားသုံးခြင်းအနည်းအများကို သုတေသနပြုလုပ်ခဲ့ကြ၏။

ဗြိတိန်နိုင်ငံတွင် ပျမ်းမျှခြင်းအားဖြင့် လူတစ်ဦးသည် တစ်နေ့လျှင် ဆန် (ထမင်း) ၁၉ ဂရမ်သာစားပြီး ကနေဒါ၊ စပိန်နှင့်အမေရိကန်စသော အခြားနိုင်ငံများတွင် ဆန်စားကြသည်ထက် ပို၍ လျော့နည်း၏။

သုတေသီများက ရှင်းပြသည်မှာ လူတစ်ဦးသည် တစ်နေ့လျှင် ပျမ်းမျှ ဆန်(ထမင်း) ၅၀ ဂရမ်စားသည့်တိုင်အောင် ဝခြင်းအဝလွန်ခြင်းမဖြစ်ပါဟူ၍ဖြစ်သည်။

ဆန်စားခြင်းနှင့်ဝခြင်းဆက်နွှယ်မှု ရှိမရှိကို ဦးဆောင်၍ သုတေသနလုပ်သော ဂျပန်ပါမောက္ခတိုမိုကိုအမ်မိုင်း၏ တွေ့ရှိချက်မှာ ဆန်ကိုအဓိကအစားအစာဖြင့် စားသည့်နိုင်ငံများ၌ အဝလွန်ခြင်းဖြစ်သူ လူဦးရေနှုန်းသည်နည်းပါးကြောင်း တွေ့ရှိရသည်။

"အာရှပုံစံ–ထမင်းများများ စားခြင်းသည် အဝလွန်ခြင်းကို တိုက်ဖျက်ရာ၌ အကူအညီပေးနိုင်သည်"ဟု အဆိုပါ ပါမောက္ခက ဆက်လက် ပြောကြားသည်။

ယင်းသို့အကူအညီပေးနိုင်ခြင်းမှာ ဆန်တွင်အဆီနည်းပြီး ဆန်တွင်ပါသည့် ဖိုင်ဘာအမျှင်၊ အာဟာရနှင့်အပင်ဓာတ် ပစ္စည်းအချို့သည် စားသူကိုစားနေကျထက် ပိုမစားအောင် ဟန့်တားနိုင်သောကြောင့်ဖြစ်သည်ဟု ဂျပန်ပါမောက္ခက ဆက်လက်ရှင်းပြသည်။

ဆန်စားခြင်းနှင့် ဝခြင်း (သို့မဟုတ်) အဝလွန်ခြင်းသုတေသနစာတမ်းကို ဂလပ်စဂိုမြို့၌ ကျင်းပခဲ့သည့် ဥရောပကွန်ဂရက်၌ ဖတ်ကြားသွားခြင်းဖြစ်သည်။

**(စထရိတ်တိုင်းမ်စ် ၂.၅.၂၀၁၉)**



# ရွှေဖြူ ခေါ် ကညွတ်ဖြူကို ဂျာမနီနိုင်ငံသားများ ကြိုက်နှစ်သက်မှု များပြား

**ဂျာမနီ** နိုင်ငံသားတို့သည် ဟင်းသီးဟင်းရွက်စာရင်းဝင်သော "ကညွတ်"ကို အလွန်စားကြသည်။ ကညွတ်တွင် ကညွတ်ဖြူကို အလွန်ကြိုက်ကြသောကြောင့် ကညွတ်ဖြူကို သူတို့က "ရွှေဖြူ"ဟု တင်စားခေါ်ကြသည်။ အချို့ကလည်း ကညွတ်ကို ဟင်းသီးဟင်းရွက်များ၏ ဘုရင်ဟုလည်း ခေါ်ကြပြန်သည်။

ကညွတ်ဖြူသည် ရိုးရိုးသာမန် အစိမ်းရောင်ကညွတ်ဖြစ်သော်လည်း ၎င်းကိုစိုက်ရာတွင် စိုက်ခင်းပေါ်သို့ နေရောင်များများတိုက်ရိုက်မကျစေရန် အဖြူရောင်ပလတ်စတစ်ပြားများဖြင့် ဖုံးအုပ်ထားသည်။

နေရောင်ကိုကာကွယ်ထားသောကြောင့် ကညွတ်ဖူးများသည် ကလိုရိုဖီးလ်ကိုမထုတ်လုပ်နိုင်တော့ပေ။ ကလိုရိုဖီးလ်မှာ အပင်များစွာတို့အား အစိမ်းရောင်ကို ပေး၏။

နွေဦးရာသီကို ကြိုဆိုသည့် ကညွတ်ရာသီသည် ဂျာမန်တို့အား လှုပ်လှုပ်ရှားရှား အမြဲဖြစ်စေ၏။

ဂျာမနီတွင် ကညွတ်စိုက်သူများ အရှုံးမရှိဟု သိရသည်။ တစ်ခါတစ်ရံ၌ ဂျာမနီတွင် ကညွတ်တစ်ကီလိုမှာ ယူရိုငွေ ၂၀ အထိ မြင့်တက်သွား၏။

ဂျာမနီ၌ ကညွတ်ပင်များကို "ရား" မြစ်ဝှမ်းဒေသ၌ အများဆုံးစိုက်ပျိုးကြသည်။

**(စထရိတ်တိုင်းမ်စ် ၂.၅.၂၀၁၉)**

# ရာသီဥတုပြောင်းလဲမှုဒဏ် ဝင်ရိုးစွန်းဝက်ဝံများလည်း ခံနေရ

**ကမ္ဘာ** ရာသီဥတုပြောင်းလဲမှုဒဏ်ကို လူများသာမက တိရစ္ဆာန်များလည်း ပါဝင်ခံစားနေရလေရာ ဖော်ပြပါပုံမှာ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် အစာရေစာရှားပါးပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည့် မြောက်ဝင်ရိုးစွန်းဒေသနေ ပိုလာဘဲယား ခေါ် ဝင်ရိုးစွန်းဝက်ဝံများ၏ပုံဖြစ်သည်။

ဖော်ပြပါပုံမှာ ၂၀၁၈ ခုနှစ်အတွင်းက ရိုက်ယူခဲ့သည့်ပုံဖြစ်သည်။ ရုရှားနိုင်ငံ မြောက်ပိုင်း တစ်နေရာရှိ အလွန်ဝေးလံသည့် နိဗာရာဇမ်လ်ရာကျွန်းစုပေါ်ရှိ ကျေးရွာတစ်ရွာ၏ အမှိုက်ပုံကြီးကို ဝင်ရိုးစွန်းဝက်ဝံများမွှေနှောက်၍ အစာများ



ကို ရှာဖွေစားနေကြပုံဖြစ်သည်။ သဘာဝအလျောက် ငါးများကိုရှာဖွေစားသောက်လေ့ရှိသည့် ၎င်းဝက်ဝံများသည် ငါးများကို ရှာမရသည့်အတွက် အမှိုက်ပုံကြီးကို မွှေနှောက်၍ အစာများကို ရှာဖွေနေကြခြင်း ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုသည် မည်မျှကြောက်စရာကောင်းသည်ကို ၎င်းဖြစ်ရပ်က သက်သေခံနေသည်ဟု သိပ္ပံပညာရှင်တစ်ဦး မှတ်ချက်ပေးလိုက်ပြီး ကမ္ဘာ့အချမ်းသာဆုံးသူကြွယ်ကြီး ဘီလ်ဂိတ်ကမူ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို တိုးတက်သော နည်းပညာအသစ်များဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မှတ်ချက်ပေးထား၏။

**(စထရိတ်တိုင်းမ်စ် ၂.၅.၁၉)**

မြသိန်း

# မြို့တွင်းသို့ ဝင်လာသည့် တောဆင်ရိုင်း



**ကမ္ဘာ** တွင် တောဆင်ရိုင်းများကို အာဖရိကတိုက်နှင့်အာရှတိုက်၌သာ တွေ့နိုင်သည်။ အာရှတိုက်တွင်လည်း အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ အာရှအရှေ့တောင်ပိုင်းနိုင်ငံများဖြစ်သည့် မြန်မာ–ထိုင်းနှင့်မလေးရှားနိုင်ငံ တောထူထပ်ရာဒေသများ၌သာ တွေ့နိုင်သည်။

ပုံမှာ ၂၀၁၉ ဧပြီလကုန်ပိုင်းက အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၏ ဂူဝါဟာတီမြို့ထဲသို့ ဝင်လာသည့် တောဆင်ရိုင်းကို မေ့ဆေးသေနတ်ဖြင့်ပစ်ခတ်ပြီးနောက် ၎င်းဆင်၏ခြေလက်များကို ကြိုးများဖြင့် ခိုင်ခိုင်ချည်ပြီးနောက် ဝန်ချီစက်ဖြင့် အဆိုပါဆင်ရိုင်းကို မ၍ အာသံပြည်နယ် တိရစ္ဆာန်များ ဘေးမဲ့တောသို့ ပို့ဆောင်နေပုံ ဖြစ်သည်။ ၎င်းတောဆင်ရိုင်း အထီးသည် မြို့တွင်းသို့ရောက်သောအခါ မော်တော်ကားများကို လမ်းနံဘေးသို့ တွန်းပို့ဖယ်ရှားခြင်းများကိုပြုလုပ်သည်မှလွဲလျှင် မော်တော်ကားများပျက်စီးအောင် မလုပ်ဟုသိရသည်။ ကားထဲမှ လူအချို့မှာ ထိုဆင်ကိုဓာတ်ပုံရိုက်ကြသောကြောင့် ကားလမ်းအချို့မှာ ကားများဖြင့် ပိတ်ဆို့ကုန်သည်ဟု သိရသည်။ ထိုဆင်ရိုင်း၏ အသက်မှာ ၁၁ နှစ်ခန့်သာရှိမည်ဟု ဆင်ကျွမ်းကျင်သူတို့က ခန့်မှန်းကြသည်။ ယခုအခါ၌ ၎င်းဆင်ရိုင်းသည် အာသံပြည်နယ် အမ်ချန်တောရိုင်း ဘေးမဲ့တောထဲသို့ရောက်နေပြီ ဖြစ်၏။

**(စထရိတ်တိုင်းမ်စ် ၂.၅.၁၉)**

# မေလအပူဒဏ် ငါးများ အလူးအလဲ ခံခဲ့ကြရ

**၂၀၁၉** မေလအတွင်းက အပူချိန်ပြင်းလွန်းသည့်အတွက် စင်ကာပူရှိ ငါးမွေးမြူရေးကန်အချို့၌ ငါးများသေဆုံးမှုများခဲ့၏။ ငါးများသည် မသေမီ နှစ်ရက်၊ သုံးရက်ခန့်ကတည်းက ကန်ရေပြင်များ၌ ရှိနေကြသည်ကများလေရာ ငါးမွေးမြူရေးသမားများက ဤသို့ဖြစ်ရခြင်းမှာ ရေကန်ထဲရှိ ရေများတွင် အောက်စီဂျင်အလွန်နည်းသွားသည့်အတွက် ငါးများအောက်စီဂျင် အရနည်းကာ ယခုလိုသေဆုံးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ မွေးမြူရေးငါးများ သေဆုံးခြင်းကြောင့် ငါးမွေးမြူသူများသည် ဒေါ်လာထောင်နှင့်ချီ၍ အရှုံးပေါ်ကြသည်ဟု သိရသည်။

ငါးမွေးမြူသူများတွင် ငွေကြေးအရင်းအနှီးများသူများက ငါးကန်များထဲသို့ အောက်စီဂျင်ကို ဖြည့်ပေးလေ့ရှိ၏။

စင်ကာပူနည်းတူပင် ထိုင်းနိုင်ငံတွင်လည်း မေလအပူချိန်မြင့်မှုကြောင့် ကန်များရေခန်းခြောက်မှုများပြီး ငါးများအသေများသလို ကန်ရှိကြာပင်များလည်း ပျက်စီးမှုများသည်ဟု သိရသည်။

ထိုင်းနိုင်ငံ မိုးလေဝသဌာန၏ သတင်းအရ ယခု ၂၀၁၉ တွင် မေလ၌ ထိုင်းနိုင်ငံ၏ အပူချိန်သည် ၂၀၁၈ မေလကထက်ပိုများကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံအလယ်ပိုင်းဒေသသည် အပူဒဏ်ကို အခြားဒေသများထက် ပို၍ ခံရသည်ဟုလည်း သိရသည်။

ထိုင်းနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းဌာနသည် ရေစုပ်စက်များ အကူအညီဖြင့် အနီးရှိ မြစ်ထဲမှရေများကို စုပ်ယူပြီး ငါးမွေးမြူရေးကန်များထဲသို့ ဖြည့်ပေးမှုကို ပြုလုပ်ပေးခဲ့ရ၏။

အပူရှိန်ကြောင့် ထိုင်းနိုင်ငံ၏ သဘာဝစိမ့်မြေများ၌လည်း ရေများခန်းခြောက်မှုများလာရာ ရေများ မရှိသလောက်နည်းသွားသည့် ၎င်းစိမ့်မြေများထဲရှိ ငါးများကို ရွာသားအချို့က တရားမဝင်ဖမ်းယူမှုများရှိသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက တားဆီးနေရသည်ဟုလည်း သိရသည်။

**(စထရိတ်တိုင်းမ်စ် ၂.၅.၂၀၁၉)**

**ဘန်ကောက်ပို့စ် ၁၀.၅.၂၀၁၉**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့ဘဏ် ENR ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

**စိုက်** ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့မွန်းလွဲ ၂ နာရီက ကမ္ဘာ့ဘဏ်မှ The World Bank Enviroment and Natural Resources Progam မှ Regional Manager ဖြစ်သူ Mr.Christophe Crepin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ပုံ)



တွေ့ဆုံစဉ် ရေငန်ငါးလုပ်ငန်းစီမံခန့်ခွဲမှုအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဒိန်းမတ်နိုင်ငံ၊ နိုင်ငံတကာအပင်နှင့် အကောင်များထိန်းသိမ်းရေးအဖွဲ့ FFI နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးတို့အတွက် FAO, GIZ ဒိန်းမတ်နိုင်ငံနှင့် ရေနေသက်ရှိအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာဇဟိုဌာန World Fish တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ငါးကဏ္ဍတွင် ကမ္ဘာ့ဘဏ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမရှိသေးသော်လည်း ဖြစ်နိုင်သည့်နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအလားအလာများကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ စတင်မိတ်ဆက်ခဲ့သော မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်တွင် ငါးကဏ္ဍဆိုင်ရာတွေ့ရှိချက်များ၊ အရေးကြီးသော အကြံပြုချက်များ၊ မြန်မာနိုင်ငံပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့တွင် ရှင်းလင်းချပြနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာချက်၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး



## လယ်ယာထွက်ကုန်ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ အကြိမ် ၂၀ မြောက် နှစ်ပတ်လည်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၅

**စိုက်** ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၏ တတိယမဏ္ဍိုင်ဖြစ်သည့် ဈေးကွက်အချိတ်အဆက်များ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရန်၊ ဈေးကွက်ချိတ်ဆက်မှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာသည်နှင့်အမျှ လယ်ယာထွက်ကုန်တန်ဖိုးကွင်းဆက်တိုးတက်စေရေး ဆောင်ရွက်ခြင်းဖြင့် ဒုတိယမဏ္ဍိုင်ဖြစ်သည့် ကုန်ထုတ်စွမ်းအားပါတိုးတက်လာပြီး တောင်သူများ၏ဝင်ငွေပါ တိုးတက်ခံစားနိုင်ကြစေရန်ရည်ရွယ်၍ လယ်ယာထွက်ကုန်ဈေးနှုန်းများနှင့် ဈေးကွက် သတင်းများကို တောင်သူလယ်သမားများ၊ ပွဲစားများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ သာမက စိုက်ပျိုးစီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော သွင်းအားစုဖြန့်ဖြူးသူများ၊ ဝန်ဆောင်မှုပေးသူများအားလုံးသို့ အချိန်နှင့်တပြေးညီ ဈေးကွက်နှင့်သက်ဆိုင်သောသတင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနအောက်ရှိ ဈေးကွက်သတင်းဌာနစိတ်က ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ ဈေးကွက်သတင်းဌာနစိတ်၏ လယ်ယာထွက်ကုန်ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ အကြိမ် ၂၀ မြောက် နှစ်ပတ်လည်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် ၁၅ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ စီမံကိန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ KOICA၊ စိုက်ပျိုးရေးဈေးကွက်သတင်း သတင်းဆိုင်ရာ အဖွဲ့အစည်းများ၊ မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီး ဟင်းရွက်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လယ်ယာထွက်ကုန်ဈေးနှုန်းနှင့် သတင်းအချက်အလက်များထုတ်ပြန်သည့် လုပ်ငန်းစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAO တို့ ပူးပေါင်း၍ ၁၉၉၉ ခုနှစ်ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ဈေးကွက် ၁၆ ခုမှ လယ်ယာထွက်ကုန်ဈေးနှုန်းနှင့် သတင်းအချက်အလက်များကောက်ယူ၍ သတင်းလွှာများထုတ်ဝေခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂၀ ပြည့်ခဲ့ပြီဖြစ်ပြီး ပြည်တွင်းပြည်ပဈေးနှုန်းသတင်းအချက်အလက်များစုစည်း၍ လယ်ယာစီးပွားသတင်းဂျာနယ်နှင့် ရွှေတောင်သူဈေးကွက်သတင်းတို့မှ ထုတ်ပြန်ပေးလျက်ရှိသည်။

**လက်ရှိဆောင်ရွက်နေတဲ့ လယ်ယာထွက်ကုန်ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းများကို ICT နည်းပညာအသုံးပြုပြီး ရောင်းသူဈေးကွက် ဝယ်သူဈေးကွက် သတင်းအချက်အလက်ပိုမိုပြည့်စုံစေရန်၊ ဈေးနှုန်းဈေးကွက်အလားအလာ၊ ရောင်းလိုအားနှင့်ဈေးကွက်ဝေစုတို့ကို အချိန်မီထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း** စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ပြောကြားသည်။

လယ်ယာထွက်ကုန်သတင်းအချက်အလက်ဆိုင်ရာ အကြိမ် ၂၀ မြောက် နှစ်ပတ်လည်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပရာ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ လယ်ယာထွက်ကုန်ဈေးကွက်သတင်းအချက်အလက်ကောက်ယူမည့်ဝန်ထမ်းများ၊ ဈေးကွက်သတင်းဌာနစိတ်မှ ဝန်ထမ်းများအား ဈေးကွက်သတင်းအချက်အလက် ဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်စုဆောင်းရေးသားနည်း၊ စိုက်ပျိုးရေးဆိုင်ရာ မိုးလေဝသစသည့် သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကျွမ်းကျင်သူများက ဦးဆောင်ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး

## ကောက်ရိုးမှို၊ ငွေနှင်းမှိုစိုက်ပျိုးနည်းပညာပေးသင်တန်း နေပြည်တော်တွင် ဖွင့်လှစ် ပို့ချ

နေပြည်တော် ဇွန် ၁၇

**မြန်မာ့** စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း (Farm Project) သည် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ငါးမြို့နယ်မှ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားလာစေရန် စိုက်ပျိုးစီးပွားအသိပညာပေးစခန်းများဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲနှင့် Farm Project တို့ပူးပေါင်း၍ ပျဉ်းမနားမြို့နယ်၊ ကျွန်းကုန်းကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစခန်း၌ ကောက်ရိုးမှို၊ ငွေနှင်းမှို စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စီမံကိန်းဒါရိုက်တာ ဦးထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုက သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ စိုက်ပျိုးစီးပွားအသိပညာပေးစခန်းရှစ်ခုဧရိယာရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်လေ့လာလျက်ရှိကြပြီး ဇွန်လ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ပို့ချပေးသည်။

MOALI ပြန်ကြားရေး



# ဓာတုကင်းလွတ်နှမ်းစိုက်ခင်းဖော်ဆောင်၊ တောင်သူပညာပေးလက်တွေ့သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းစီမံချက် မိတ်ဆက်ပွဲ ဝန်ကြီး ဦးဝင်းမော်ဌေး တက်ရောက် အားပေး



ပွင့်ဖြူ ဇွန် ၁၃

**ဓာတု** ကင်းလွတ်နှမ်းစိုက်ခင်းဖော်ဆောင်ခြင်းနှင့် တောင်သူပညာပေး လက်တွေ့သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း စီမံချက်မိတ်ဆက်ပွဲကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာ တောင်သူ ဦးတင်ဆောင်၏ နှံ့နှမ်း ၁၀ ဧက စိုက်ကွင်းတွင် ကျင်းပရာ (ပုံ) မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အော်ဂဲနစ် စိုက်ပျိုးရေးနှင့် တောင်သူရေးရာ ဖွံ့ဖြိုးရေးအစုအဖွဲ့ (OAFADG) နှင့် Pact Myanmar အဖွဲ့တို့မှ တာဝန် ရှိသူများ၊ တောင်သူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး အော်ဂဲနစ်စိုက်ပျိုးရေး တောင်သူရေးရာဖွံ့ဖြိုးရေးအစုအဖွဲ့ (OAFADG) အတွင်းရေးမှူး ဦးညွန့်ဝင်းက အဖွဲ့ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ဝင်းက နှမ်းသီးနှံကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းအောင်မြင်မှု ကွင်းဆက်ကို ရှင်းလင်းဝေမျှသည်။

ဆက်လက်၍ Pact Myanmar အဖွဲ့ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။

ထို့နောက် တောင်သူ ဦးတင်ဆောင်၏ သက်တမ်း ၆၆ ရက်သားရှိ ဓာတုလွှတ်စမုန်နက် နှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုကြပြီး တောင်သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တောင်သူ ဦးတင်ဆောင်က ပြန်လည်ဖြေကြားကြသည်။

**မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနဌာန (ICRISAT) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၁၁

**စိုက်** ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနဌာန (ICRISAT) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သုတေသနပညာရှင်များ၊ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက အဖွင့်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနဌာန (ICRISAT) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား ကြိုဆိုပါကြောင်း၊ DAR အနေဖြင့် ICRISAT နှင့် ပူးပေါင်းကာ သုတေသနလုပ်ငန်းများကို ၁၉၇၆ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ် နားလည်မှုစာချွန်လွှာကို ၁၉၈၆ ခုနှစ်ကတည်းက ရေးထိုးခဲ့ကာ ICRISAT ၏ အဓိကသီးနှံငါးမျိုးကို သုတေသနပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ နှစ်ပေါင်း ၃၃ နှစ်တာကာလအတွင်း သုတေသန ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် နေထိုင်ကြသည့် နိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်သော တောင်သူများအတွက် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ ICRISAT ၏ သုတေသနအထောက်အပံ့ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အနေဖြင့် ကုလားပဲမျိုး ၁၀ မျိုး၊ နံ့စားပြောင်းကိုးမျိုး၊ ပဲစင်းငုံခြောက်မျိုးနှင့် မြေပဲငါးမျိုးတို့ ထုတ်ဝေနိုင်ခဲ့ပြီး ယခုလက်ရှိအခြေအနေတွင် တောင်သူအများစု လက်ခံစိုက်ပျိုးနေသည့် မျိုးများဖြစ်ပါကြောင်းနှင့် ICRISAT နှင့် DAR ပူးပေါင်းကာ သုတေသနနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မော်လီကျူလာနည်းပညာဖြင့် မျိုးမွေးမြူရွေးချယ်ခြင်းများ၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များထုတ်လုပ်ရေးနှင့် Smart Food Program များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနဌာန ICRISAT ညွှန်ကြားရေးမှူးချုပ် Dr.Peter Carberry က ယခုကဲ့သို့ နှစ်ပေါင်း ၃၀ ကျော် သုတေသနနှင့် နည်းပညာတိုးတက်ရေးအတွက် DAR နှင့်




ICRISAT တို့ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် များစွာဂုဏ်ယူပါကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းကာ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘက်စုံတိုးတက်ကောင်းမွန်သော အစားအစာထုတ်လုပ်မှုအစီအစဉ်များလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရ၍ များစွာဝမ်းသာမိကြောင်း၊ DAR နှင့် ICRISAT တို့ သုတေသနပူးပေါင်းဆောင်ရွက်ခဲ့သည့် ခရီးလမ်းတစ်လျှောက် များစွာရှိခဲ့ကြောင်းနှင့် ရှေ့ဆက်လက်၍လည်း စိုက်ပျိုးရေးကဏ္ဍ ရလဒ်ကောင်းများရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆီထွက်နှင့်ပဲမျိုးစုံသီးနှံ သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းရွှေက ၁၉၇၆ ခုနှစ်မှ စတင်ကာ ICRISAT နှင့် DAR တို့ သုတေသနပူးပေါင်းလုပ်ဆောင်လာမှု၊ ပထမအကြိမ် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည့် ၁၉၈၆ ခုနှစ်မှစတင်၍ ၃၃ နှစ်တာကာလအတွင်း အထွက်နှုန်းကောင်း အရည်အသွေးကောင်း သီးနှံများ တိုးတက်ရေး၊ သီးနှံမျိုးများနှင့် သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးနှင့် နိုင်ငံ၏ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် သုတေသနပညာရှင်များအား သင်တန်းများ စီစဉ်ပေးခြင်းများအပါအဝင် နည်းပညာနှင့် သုတေသနပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်များကို လည်းကောင်း၊ ICRISAT နှင့်ပူးပေါင်း၍ ကုလားပဲ၊ ပဲစင်းငုံ၊ မြေပဲ၊ နံ့စားပြောင်းနှင့် ဆပ်သီးနှံမျိုးကွဲများ သုတေသနဆောင်ရွက်ခဲ့မှုများကြောင့် တောင်သူများ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်လာနိုင်မှု ရလဒ်ကောင်းများကိုလည်းကောင်း၊ သုတေသန ပူးပေါင်းဆောင်ရွက်သည့် နှစ် ၄၀ နီးပါး ကာလအတွင်း သင်တန်းများပို့ချပေးခြင်းကြောင့် နည်းပညာနှင့်ဗဟုသုတပြည့်စုံသည့် သုတေသနပညာရှင်များ တိုးတက်လာမှုများနှင့်ပတ်သက်၍ တင်ပြ ဆွေးနွေးပြီးနောက် ICRISAT မှ အာရှဒေသတွင်း သုတေသနစီမံကိန်းဒါရိုက်တာ Dr.Pooran Gaur က DAR နှင့် ICRISAT တို့ပူးပေါင်း၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် သုတေသနလုပ်ငန်း အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR) ညွှန်ကြားရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သုတေသနဌာန ICRISAT ညွှန်ကြားရေးမှူးချုပ်တို့က နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြပြီး (အပေါ်ပုံ) သုတေသနပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# မိုးကြိုချည်မျှင်ရှည်ဝါ စံပြကွက် သရုပ်ပြပွဲ သာစည်တွင် ကျင်းပ

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မိုးကြိုချည်မျှင်ရှည်ဝါ စံပြကွက် သရုပ်ပြပွဲကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အောင်သာကျေးရွာ တောင်သူ ဦးဇော်မင်းနှင့် ဦးတင်မောင်တို့၏ ဝါစိုက်ခင်းတွင် ဇွန် ၅ ရက်နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးဝေ၊ ခရိုင်ဦးစီးမှူး ဦးစိုးသိန်း၊ ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဝါစိုက်တောင်သူများ တက်ရောက်ကြသည်။



အဆိုပါသရုပ်ပြပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သက်တမ်းတိုပြီး ရေလိုအပ်ချက်နည်းသော သီးနှံများကို ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ကြရန်ကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးငွေနှင့် စိုက်ကွင်းတာဝန်ခံတို့က မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။ (ပုံ)

**သိန်းဇေ**

# သဏ္ဌာဝတီ ဝါခင်းများဆီသို့



မြတ်စိုး(လှိုင်)

ဓာတ်ပုံ - ကျော်ကြီး(ရေဦး)

**မုံရွာ - - -။**

**ချင်းတွင်းမြစ်ကို မေးတင်ထားသောမြို့။ တမာ၊ ထနောင်း၊ မန်ကျည်း၊ ကုက္ကိုပင်တန်းတို့ ညို့ညို့မှိုင်းမှိုင်းအုပ်ဆိုင်းကာ ကဗျာဆန်သောမြို့။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးစိုက်ရာ တိုင်းဒေသကြီး၏မြို့တော်။**

သည်တစ်ခေါက် အကြောင်းဆိုက်၍ ရောက်ခိုက်ကြုံရပြန်ပါပြီ။

× × ×

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦး၏ စီစဉ်ဖိတ်ကြားချက်အရ တိုင်းဒေသကြီးဦးစီးမှူးရုံးအပါအဝင် ရွှေဘို၊ ခင်ဦး၊ ရေဦးနှင့်ဝက်လက်မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတက်ရောက်နေကြသည့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (AIIP) ရက်တိုသင်တန်း"တွင် သတင်းနှင့်ဆောင်းပါးရေးသားနည်း ပါဝင်ပို့ချပေးရန် သွားရောက်ခြင်းဖြစ်သည်။

တိုင်းဦးစီးမှူးသည် ကိုယ်တိုင်လည်း စာရေးဆရာ၊ သတင်းဆရာ ဖြစ်ကာ နေပြည်တော်ဝန်ကြီးရုံးတွင်လည်း ပြန်ကြားရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထိုမှ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူး (ညွှန်ကြားရေးမှူး) တာဝန်ဖြင့် ရောက်သွားသောအခါ၌ ယခုကဲ့သို့ပင် ကျွန်တော့်ကို ဖိတ်ကြားသဖြင့် ပြည်နယ်တွင်းခုနစ်မြို့နယ်မှ ဝန်ထမ်းများတက်ရောက်သည့်သင်တန်း တစ်ခုတွင် သတင်းနှင့်ဆောင်းပါးရေးသားနည်းပို့ချပေးခဲ့ရသည်။ ထိုခရီးတွင် ဘားအံစိုက်/သိပွဲကျောင်း၌ပါ ပို့ချပေးခွင့်ကြုံခဲ့သည်။

ထိုမတိုင်မီ သူလားရှိုးမှာ တာဝန်ကျစဉ်ကလည်း လယ်ယာစီးပွား သတင်း ပင်တိုင်ဆောင်းပါးရှင်များဖြစ်ကြသော ဆရာလယ်တွင်းသား စောချစ်၊ ဆရာသုမောင်နှင့် ကျွန်တော်တို့သုံးဦးကို လားရှိုးခန်းမကြီးတွင် စာပေဟောပြောပွဲကျင်းပပေးပြီး ကျွန်တော်နှင့် ဆရာလွမ်းဝေနိုင်အပါအဝင် ရန်ကုန်က သတင်းသမားအချို့ကို ငြိမ်းချမ်းရေးနယ်မြေ၌ ပြောင်းစိုက်ခင်း ကြီးများနှင့် စိုက်ပျိုးရေးကဏ္ဍများ လေ့လာရေးခရီး စီစဉ်ပေးခဲ့သည်။

သူ့စေတနာမှာ ဝန်ကြီးဌာနတွင်းမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ နှင့် ပြည်သူများစာပေဗဟုသုတကြွယ်ဝစေချင်သည်။ ဒါမှ တိုင်းပြည် အမြန် တိုးတက်မည်ဟု သူယုံကြည်သည်။

× × ×

၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက် (တနင်္လာနေ့)။

နံနက် ၉ နာရီတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း သင်တန်း (AIIP) ခန်းမကြီးထဲ၌ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးထွန်းရှိန်က အမှာစကားပြောကြားကာ ကျွန်တော်နှင့်သင်တန်းကို မိတ်ဆက်ပေးသည်။

ထိုနေ့က မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန်း)နှင့် ဒေသခံစာရေးဆရာအချို့နှင့်အတူ ဆရာသက်ထားမောင် (ဆားလင်းကြီး)တို့လည်း တကူးတက လာရောက်အားပေးသည်။

နံနက်ပိုင်းတွင် သတင်းမီဒီယာသဘောတရားများနှင့် ကျင့်ဝတ် စည်းကမ်းများ၊ သတင်း၊ ဆောင်းပါး၊ ခရီးသွားဆောင်းပါး ရေးသားနည်း သဘောတရားများပို့ချကာ ညနေပိုင်းတွင် လက်တွေ့ လေ့ကျင့်ရေးသားမှုကို အဓိကထားပို့ချပေးသည်။ သတင်းဓာတ်ပုံပညာကိုပါ ဖြည့်စွက်ပို့ချပေးနိုင်ခဲ့သည်။

ညနေပိုင်းတွင် မုံရွာမြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မိသားစုဝင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများလည်း လယ်ယာစီးပွားသတင်းဂျာနယ်နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးအားပေး ကြသည်။ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးကိုယ်တိုင် တက်ရောက် ကာ အားလုံးကို ကျေးဇူးတင်စကား ပြောကြားပေးသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် မကြာမီရက်ပိုင်းတွင် လယ်ယာစီးပွား သတင်း သက်တမ်း ၁၉ နှစ်ပြည့်နှင့် ကြုံကြိုက်နေ၍ ဆွေးနွေး အကြံပြုချက်များက များစွာ အကျိုးရှိပါသည်။

× × ×

၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက် (အင်္ဂါနေ့)။

နံနက် ၇ နာရီတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး သင်တန်းခန်းမဆောင်ကြီးရှေ့စုရပ်မှ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးထွန်းရှိန်ဦးဆောင်ကာ စိုက်ကွင်းများဆီသို့ ယာဉ်ငယ်ကလေးနှစ်စီး ဦးတည်ထွက်ခွာခဲ့ကြသည်။

တိုင်းဒေသကြီး ဒုတိယဦးစီးမှူးကိုယ်တိုင် မောင်းနှင်သော ယာဉ်ပေါ်တွင် ကျွန်တော်နှင့်အတူ မုံရွာခရိုင်ဦးစီးမှူး ဦးမျိုးကြည်၊ မုံရွာမြို့နယ် ဦးစီးမှူး ဒေါ်အမာကြည်နှင့် သင်တန်းသားကိုယ်စားလှယ် ကိုခန့်စည်သူ (ဝက်လက်)တို့ လိုက်ပါလာကြ၏။

တာဝန်ရှိသူများနှင့်ခရီးသွားရသဖြင့် သိလိုသမျှမေးမြန်းခွင့်ရပြီး ဗဟုသုတများစွာရခဲ့သည်။ ကိုခန့်စည်သူကလည်း မနေ့က ပူပူနွေးနွေး ဆည်းပူးထားသည့်သတင်းနှင့်ဆောင်းပါးရေးသားနည်းကို လက်တွေ့ လက်စွမ်းပြလိုသဖြင့် ဓာတ်ပုံတွေတဖျပ်ဖျပ်ရိုက်ကာ မှတ်စုတစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။

ကျွန်တော်တို့နောက်ကားတွင် သင်တန်းသားကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါ်ဆုမြတ်မော် (ရွှေဘို)၊ ဦးသင်းဖေ (ခင်ဦး)၊ ဦးအောင်ကျော်ဦး (ရေဦး)နှင့် ဒေါ်ကြည်ကြည် (တိုင်းရုံး)တို့ လိုက်ပါ လာကြသည်။ ဒီကနေ့ ခရီးစဉ်တွင် ခရီးသတင်း၊ ဆောင်းပါးနှင့်ခရီးသွား ဆောင်းပါး လက်တွေ့ကွင်းဆင်းရေးသားကြမည့် သင်တန်းသား ကိုယ်စားလှယ်များ ဖြစ်ကြသည်။ တကယ်တော့ သင်တန်းတစ်ခုလုံး လိုက်ပါနိုင်လျှင် အကောင်းဆုံးဖြစ်သော်လည်း ထိုနေ့မှနောက်လေးရက် တိုင်တိုင် JICA မှ ဆက်လက်ပို့ချမည့် ဘာသာရပ်များကို လေ့လာကြ ရမည်ဖြစ်၍ ခရီးစဉ်တွင် မပါဝင်နိုင်ခဲ့သော်လည်း ညနေပိုင်းတွင် သူတို့



ဓာတ်ပုံ - ကျော်ကြီး(ရေဦး)

ကိုယ်စားလှယ်သင်တန်းသား၊ သင်တန်းသူများက အတွေ့အကြုံ ပြန်လည်မျှဝေပေးရန် စီစဉ်ထားသည်။

× × ×

ခရီးသွားစာပေ၏အသက်မှာ ခရီးသွားရင်း ဖြစ်စဉ်တွေ၊ မြင်ကွင်းတွေ၊ စရိုက်ဓလေ့တွေ၊ ရင်တွင်းမှခံစားချက်တွေကို မှတ်သားရုံ သာမက ဆောင်းပါးအသွင်ဖြင့် ပြန်လည်ရေးသားရာတွင် နှိုင်းယှဉ်ဝေဖန် ချက်များလည်း ပါဝင်ရသည်။

မုံရွာမြို့မှစထွက်ကတည်းက ရွှေဂူနီဘုရားသို့သွားသည့် လမ်းခရီး တစ်လျှောက် တစ်ချိန်က စက်ဘီးမြို့တော်ဟုခေါ်ရလောက်သည့် နေရာတွင် မော်တော်ဆိုင်ကယ်တွေ အစားထိုးဝင်ရောက်လာသည်။ သို့သော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းသေး၍ ယာဉ်တွေ အတွက်လည်း အနှောင့်အယှက်ဖြစ်ကာ ခရီးမတွင်ဘဲ ဖြစ်နေသေးသည်။

မြို့ပြအငွေ့အသက်ကလွတ်လာကတည်းက ဝဲယာရှိလယ်ယာရှုခင်း တွေက မြင်ကွင်းကျယ်ပန်းချီကားချပ်များကို ကြည့်ရှုခံစားရသည့်ပမာပင်။

ဝဲယာတွင် စီးပွားဖြစ်ကြက်မွေးမြူရေးခြံကြီးတွေ၊ ကောင်ရေများစွာ ပါသော နွားအုပ်ကြီးတွေ၊ လမ်းတစ်လျှောက် ကျွန်းစိုက်ခင်းသစ်တွေ မကြာမကြာ တွေ့မြင်နေရသည်။

"အဲဒီမြင်မြင်သမျှတွေဟာ ရေးစရာသတင်းတွေ၊ ဆောင်းပါးတွေ ပဲပေါ့၊ ရေးတတ်ရင်စာဖြစ်တယ်"ဟု ကားပေါ်တွင် လိုက်ပါလာသည့် သင်တန်းသား ကိုခန့်စည်သူကို လှမ်း၍ အသိပေးလိုက်မိ၏။

× × ×

တန်ခိုးကြီးသမိုင်းဝင် ရွှေဂူနီဘုရား။

စစ်ကိုင်းမြို့တွင် ထင်ရှားကျော်ကြားသည့် မိုးညှင်းသမ္ဗုဒ္ဓေ၊ ဖောဓိတစ်ထောင်၊ ဖိုးဝင်းတောင်၊ ရွှေစည်းခုံ၊ လယ်တီကျောက်စာစသည့် ရှေးဟောင်းဗုဒ္ဓဝင်အမွေအနှစ်များထဲတွင် ကျောက္ကာရွာရှိ ရွှေဂူနီဘုရားသည် လည်း သမိုင်းဝင်အထင်ကရတစ်ခုဖြစ်သည်။

ကျောက္ကာရွှေဂူနီစေတီတော်ကို ကောဇာသက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ထီးတော်တင်လှူခဲ့ပြီး ကဆုန်လပြည့်ကျော် ၅ ရက် ရောက်တိုင်း ဘုရားပွဲတော်ကျင်းပသည်ကို မှတ်သားရသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော် တတိယအကြိမ် ရွှေဂူနီ ဘုရားကို မွမ်းမံတည်ဆောက်ခဲ့ပြီး စတုတ္ထအကြိမ်မွမ်းမံမှုကို ကောဇာ သက္ကရာဇ် ၁၃၃၂ တွင် ပြုလုပ်ခဲ့သည်။ ဉာဏ်တော် ၇၂ တောင် အမြင့် ရှိသည်ဆို၏။

ကြုံတုန်းကြုံခိုက် ရွှေသင်္ကန်းနှင့်ပန်းကပ်လှူပူဇော်ခွင့်ရသဖြင့် စီစဉ်ပေးသူအပေါင်းကို ကျေးဇူးတင်ရပါသည်။

× × ×

အဓိကဦးတည်ချက်ဖြစ်သည့် သုတေသနဝါစိုက်ခင်းများရှိရာသို့ ဆက်လက်ထွက်ခွာရင်း လမ်းတစ်လျှောက် စိုက်ပြီးစ ဝါစိုက်ခင်းအချို့ကို လေ့လာခွင့်ရကြသည်။

ဟိုအဝေးဆီမှ မှိုင်းမှိုင်းညို့ညို့ တောင်တန်းကြီးတွေကို နောက်ခံပြုကာ ရွှေရောင်တဝင်းဝင်းနှင့်သပ္ပာယ်တော်မူလှသော ဖောဓိတစ်ထောင် ဗုဒ္ဓနယ်မြေမှ ၄၂၄ ပေအမြင့် မတ်ရပ်တော်ဘုရားကြီး၊ တည်ဆောက်ဆဲ ၂၃၄ ပေအမြင့် ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီး၊ ထို့ပြင် လျောင်းတော်မူဘုရားကြီးနှင့် ရွှေစေတီမြင်ကွင်းများမှာ တစ်သက်မမေ့နိုင် စရာ မြင်ကွင်းများပင်။

အနီးကပ်ဖူးမြော်ကြည့်မှ အံ့ဖွယ်များအဖြစ်တည်ထောင်ရန် ပထမဆုံး စိတ်ကူးရသည့်ဖောဓိတစ်ထောင်ဆရာတော်ကြီးကို လှိုက်လှဲစွာ ကြည်ညိုမိပါသည်။

ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်မှုပေးနေသဖြင့် ဒေသဖွံ့ဖြိုးရေးကိုပါ ထာဝစဉ်ရှင်သန်နေစေမည်ဖြစ်သည်။

× × ×

ရွှေတောင် ၁၀ ဝါသုတေသနစိုက်ခင်းသို့ရောက်ရှိကြပါပြီ။

သတင်းဆောင်းပါး လက်တွေ့ရေးသားပြီး လက်စွမ်းပြရန် လိုက်ပါလာကြသည့် သင်တန်းသားကိုယ်စားလှယ်များသည် ပြုထွက်စ ဝါဖူးကလေးတွေနှင့် စိမ်းစိုလှပနေသော ရွှေတောင် ၁၀ သုတေသနဝါခင်း အတွင်း အတူလိုက်ပါလာသည့် တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ အပါအဝင် ဝါတောင်သူကြီး ဦးသောင်းတန်ဇနီးမောင်နှံတို့ထံမှ သိလိုသမျှ မေးမြန်းကြကာ သတင်းဆောင်းပါးဓာတ်ပုံတွေ တဝကြီးရိုက်ယူနေ ကြ၏။

မြန်မာနိုင်ငံတွင် ဝါအများဆုံးစိုက်ပျိုးသည့်ဒေသမှာ မကွေးတိုင်း ဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီးသည် တတိယဧကအများဆုံးစိုက်ပျိုးသည်။

စစ်ကိုင်းတိုင်းအတွင်း ဧက ၁၃၅၀၀၀ လျာထားရာ နှစ်စဉ်ဧက ၈၀၀၀၀ မှ တစ်သိန်းကြား ပုံမှန်စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၀၄၊ ၂၀၀၅ ခုနှစ်တွင် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသည့် ဝါကို စိုက်ပျိုးခဲ့ကြရာ အောင်မြင်မှုရခဲ့သော်လည်း နောက်ငါးနှစ်ခန့်ကြာလာ သည့်အခါ စုပ်ပိုးပြဿနာတက်လာခဲ့သည်ဆို၏။ ထိုပြဿနာမှာ မြန်မာမှာသာမက ဝါစိုက်ပျိုးသည့်နိုင်ငံတိုင်းတွင် ကြုံရခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် သုတေသနစမ်းသပ်အောင်မြင် ထားသော စုပ်ပိုးဒဏ်ခံနိုင်သည့် ရွှေတောင် ၈ နှင့် ငွေချည် ၉ မျိုးများကို ထပ်မံ မိတ်ဆက်ပေးနိုင်ခဲ့သော်လည်း မျိုးမလုံလောက်သေး၍ ယခု စမ်းသပ်ရရှိထားသော ရွှေတောင် ၁၀ နှင့် ငွေချည် ၁၁ မျိုးနှစ်မျိုးကို ဝါစိုက်တောင်သူများအား ထပ်မံမိတ်ဆက်ပေးရန် စမ်းသပ်စိုက်ပျိုး ထားခြင်း ဖြစ်သည်။

မြင်တွေ့နေရသည့် ရွှေတောင် ၁၀ နှစ်ဧကစမ်းသပ်စိုက်ခင်းမှာ ဒေသနှင့်ကိုက်ညီပြီး အလားအလာကောင်းကြောင်း ခန့်မှန်းနိုင်ပြီ

စာ - ၁၃ သို့



# အရောင်းသွက် ဈေးကွက်ဝင် ဖျဉ်ဥ



ကျွန်းသားငမန်း

**ရခိုင် ဒေသခံများက ဖျုံဥ (ဖျဉ်ဥ)ဟုခေါ်ကြသည်၊ ဝဥဟုလည်းခေါ်ကြသည်။ ဖျဉ်ဥသည် ပြည်ပဈေးကွက်ဝင် သစ်တောထွက်ပစ္စည်းလည်း ဖြစ်သည်။ ရခိုင်ရိုးမနှင့် ရခိုင်ကမ်းရိုးတန်းတောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်နေသော အရိုင်းပင်များဖြစ်ကြသည်။ ဖျဉ်ဥများကို ကုန်ချောအဖြစ်ပြုပြင်ထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေကြရသည်။ ဂျပန်နိုင်ငံကလည်း ဝယ်လိုအားရှိကြောင်း သိရသည်။ ဖျဉ်ဥခြောက်များကို အသားတုပြုလုပ်ရာတွင် သုံးသည်ဆို၏။အမျိုးသမီးများ မီးဖွားပြီး သွေးသားသန့်စင်စေရန် ဖျဉ်ဥကိုစားသုံးရကြောင်းလည်း သိရသည်။ ဖျဉ်ဥမှာ ဆေးဖက်ဝင်အပင်လည်း ဖြစ်သည်။**

## ဖျဉ်ပင်

ဖျဉ်ပင်မှာ ပိန်းပင်အုပ်စုအနွယ်ဖြစ်သည်။ အပင်အမြင့် ၃ ပေခန့်မြင့်ပြီး အရွက်မှာသွယ်လျှလျှရှိသည်။ အပင်ကိုယ်ထည်မှာ လုံးပတ်ထွာဆိုင်ခန့်ရှိကာ ပင်စည်မှာ မြွေပွေးကွက်ကဲ့သို့ အကွက်များရှိသည်။ ရခိုင်ဒေသခံများသည် မိုးရာသီတွင်ရရှိသော ဖျဉ်ပင်အား ဟင်းချိုချက်၍ စားသောက်လေ့ရှိကြသည်။ ဆန်ရှားသောဒေသများတွင် ဖျဉ်ဥကိုကျေညက်စွာ ထုထောင်းပြီး ရေအထပ်ထပ် ဆေးကြောသန့်စင်လျက် ချက်ပြုတ်စားသုံးလေ့ရှိကြသည်။ ဖျဉ်ဥမှာ ယားယံတတ်သဖြင့် ကောင်းစွာဆေးကြောသန့်စင်ခြင်း၊ မပြုပြင်ဘဲစားသုံးခြင်း မပြုနိုင်ပေ။

ဖျဉ်ပင်များသည် မိုးများပြီး မြေစေးရှိသော တောင်ကုန်း၊ တောင်စောင်းများတွင် ပေါက်ရောက်ကြသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ထို့ကြောင့် ပူအိုက်စွတ်စိုသော ရာသီဥတုတွင် ရခိုင်ပြည်နယ်အနှံ့ ပေါက်ရောက်တတ်သည်။ ချင်းတောင်တန်းဒေသများ၊ ရခိုင်ရိုးမအစပ်နေရာများတွင် ကောင်းစွာပေါက်ရောက်သည်။ မိုးဦးကျတွင် သဘာဝအလျောက် ရှင်သန်ကြီးထွားလာပြီး နွေရာသီတွင် အပင်များသေသွားတတ်သည်။ မိုးဦးကျတွင် ဥကြွင်းဥကျန်များက အပင်များပြန်လည်ပေါက်ရောက်ကာ ဖျဉ်ဥသံသရာလည်ပတ်ခြင်းဖြစ်သည်။ ဖျဉ်ပင်မှာ ဇွန်၊ ဇူလိုင်တို့တွင် ရှင်သန်လာပြီး ဖျဉ်ဥကို အောက်တိုဘာ၊ နိုဝင်ဘာတွင် လှိုင်လှိုင်တူးဖော်ရယူနိုင်သည်။ တောထဲ၌ သဘာဝအလျောက် ပေါက်ရောက်နေသော ဖျဉ်ပင်များကို လူအများက မဆင်မခြင်တူးဖော်ထုတ်ယူကြသဖြင့် အရိုင်းပင်များမှာ ရှားပါးသွားသည်။ ဈေးကွက်ရှင်သန်နေပြီး ပြည်ပမှ ဝယ်လိုအားရှိနေ၍ ချင်းပြည်နယ်တွင် စိုက်ခင်းများဖြင့် စီးပွားဖြစ်ပြုစုစိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ဖျဉ်ဥများသည် ပိန်းဥအကြီးစားတစ်မျိုးလည်းဖြစ်သည်။ ဖျဉ်ဥတစ်ဥလျှင် ၆၀ ကျပ်သားမှ တစ်ပိဿာခန့်အထိ ရှိသည်ဆို၏။ သုံးပိဿာမှ လေးပိဿာခန့်လေးသည့်ဥကြီးများကိုလည်း ရှားရှားပါးပါး တွေ့ရတတ်သည်။ ရခိုင်ဒေသမှ ဖျဉ်ဥများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ အစိုထက်အခြောက်ကို ပြုပြင်တင်ပို့ခဲ့ခြင်းဖြစ်သည်။

## ကုန်ချောပြုပြင်ခြင်း

ဖျဉ်ဥများကို ကုန်ချောပြုလုပ်ရာတွင် အခွံများနွှာထုတ်ပြီးလျှင် ဖျဉ်ဥတစ်ဥချင်း အထူသုံးမတ်သားခန့်ရှိ အချပ်ကလေးများအဖြစ် လှီးထုတ်ရသည်။ ဖျဉ်ဥအခွံနွှာလှီးဖြတ်ရာတွင် ထွက်လာသည့်အစေးမှာ ထိမိလျှင် ယားယံစေတတ်သဖြင့် လက်အိတ်ဖြင့်လုပ်ကိုင်ကြရသည်။ မတော်တဆထိမိပါကလည်း ထုံးရေဖြင့်အမြန်ဆေးကြောပေးရသည်။ လှီးဖြတ်ထားသောဖျဉ်ဥများကို အခြောက်ခံဖိုများတွင် တင်၍ ကျတ်တင်(မီးကင်)ပေးရသည်။ ဖျဉ်ဥများအရောင်အသွေးလှပစေရန် အခြောက်ခံနေစဉ် ကန့်ငွေ့များလွှတ်ပေးရသည်။ ကန့်ငွေ့များများ လွှတ်ပေးလေလေ၊ ဖျဉ်ဥ၏အရည်အသွေးမှာလည်း ပိုမိုဖြူဖွေးလေဖြစ်ကာ အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရသည်ဆို၏။

အရည်အသွေးမီဖျဉ်ဥအခြောက် တစ်ပိဿာရရှိနိုင်ရန် အစိုရှစ်ပိဿာခွဲခန့် အသုံးပြုရသည်ဆို၏။ ဒုတိယအဆင့်ဆိုလျှင် ဖျဉ်ဥအခြောက်တစ်ပိဿာရရန် အစိုခြောက်ပိဿာခွဲခန့်သုံးရသည်ဟု သိရသည်။ ဒုတိယတန်းစားဖျဉ်ဥခြောက်များမှာ ဈေးကွက်တင်ရောင်းချနိုင်သော်လည်း အစိုဓာတ်မကုန်သဖြင့် တာရှည်ထားသိုခြင်းမပြုနိုင်ဟု ဆိုသည်။ မှိုလိုက်သွားတတ်သဖြင့် မှိုများကိုဆေးကြောခြင်း၊ နေလှန်းခြင်းများဖြင့် ပြန်လည်ပြုပြင်ပေးရတတ်သည်။

အရည်အသွေးမီဖျဉ်ဥအခြောက် နေရောင်တွင် အနည်းဆုံး နှစ်နေမှ သုံးနေခန့်အထိ နေလှန်းပြီး လေသလပ်ခြင်းနှင့် ရေစိုမမိစေရန် အထူးသတိထားရသည်။

## ဖျဉ်ဥစီးပွား ရခိုင်ပြည်နယ်သို့ မိတ်ဆက်

ရခိုင်ပြည်နယ်တွင် ၁၉၈၇ ခုနှစ်ဝန်းကျင်မှစ၍ ဖျဉ်ဥလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ ထိုစဉ်က ရိုးမခြေရင်း တောင်ကုတ်မြို့တွင် စတင်ကာ ဖျဉ်ဥကုန်ချော ထုတ်လုပ်ခြင်းနည်းပညာရပ်များကို တရုတ်နိုင်ငံသားများက စတင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဖျဉ်ဥလုပ်ငန်းစတင်ချိန်က လားရှိုးဒေသမှ တရုတ်လူမျိုးများကိုယ်တိုင် ကွင်းဆင်းကြိုးကြပ်ကာ ကုန်ချောကိုဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ လမ်းပန်း ဆက်သွယ်မှုနှင့် လုံခြုံမှုအနေအထားများကြောင့် ဖျဉ်ဥစုဆောင်းဝယ်ယူခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများကို မြို့များ၌သာ အခြေစိုက် လုပ်ဆောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကုန်ကြမ်းများထွက်ရှိရာသို့ သွားရောက်ကာ ကုန်ကြမ်းများဝယ်ယူခြင်း၊ ကုန်ချောများထုတ်လုပ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ကျေးလက်အထိ သွားရောက်လုပ်ကိုင်သဖြင့် ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်ရာတွင် လုပ်အားနှင့် လုပ်ငန်းသုံးပစ္စည်း သယ်ယူပို့ဆောင်မှု စရိတ်များ လျော့နည်းသက်သာကာ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းခဲ့ကြသည်။ ဖျဉ်ဥကုန်ချောထုတ်လုပ်သူ ကုန်သည်များသည် ကုန်ကြမ်းရသည့်ဒေသသို့ သွားရောက်ဝယ်ယူ ကုန်ချောထုတ်လုပ်ခဲ့ခြင်း ဖြစ်သော်လည်း တရုတ်ဝယ်လက်များ၏ လက်ဝေခံအဖြစ်သာ ရှိနေခဲ့ကြသည်။

၁၉၈၇ ခုနှစ်တွင် တောင်ကုတ်မြို့၌ စတင်အခြေချခဲ့သော ဖျဉ်ဥလုပ်ငန်းမှာ ရခိုင်ပြည်နယ်မြို့နယ်အသီးသီးသို့ တဖြည်းဖြည်းပျံ့နှံ့ ရောက်ရှိလုပ်ကိုင်လာခဲ့ကြသည်။ နယ်စပ်တောင်ပေါ်ဒေသမကျန် ပင်လယ်ကမ်းနားက မြို့နယ်များအထိ ဖျဉ်ဥလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ တစ်မြို့လျှင် ဖျဉ်ဥ ဝယ်ယူကုန်ချော ပြုပြင်ထုတ်လုပ်သူ အနည်းဆုံးတစ်ဦးမှ သုံးလေးဦးခန့်အထိ ရှိခဲ့သည်။ ရခိုင်ဒေသမှ တစ်ရာသီတွင် ဖျဉ်ဥကုန်ချောပိဿာချိန် လေးသောင်းကျော်၊ ငါးသောင်းအထိရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

## စိုက်ပျိုးထုတ်လုပ်

ရခိုင်ပြည်နယ်တွင် သဘာဝအရိုင်းပင်မှ ဖျဉ်ဥတူးဖော်ရရှိနိုင်ရေးမှာ ရှားပါးသွားခဲ့ရာ ယခင်ကလို ထုတ်လုပ်နိုင်ခြင်းမရှိကြတော့သော်လည်း ဖျဉ်ဥဝယ်လိုအားမှာ မြင့်မားလျက်ရှိသဖြင့် ယခုအခါ ချင်းတောင်တွင် ဥယျာဉ်ခြံများအဖြစ် ထူထောင်စိုက်ပျိုးထုတ်လုပ်နေကြပြီဖြစ်သည်။ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းတောတောင်များတွင်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေကြသည်ဟု သိရသည်။

ဖျဉ်ပင်သည် ရခိုင်ပြည်နယ်တွင်သာမက ရိုးမတောင်စွယ်တောင်တန်းများရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ဖြစ်ထွန်းကာ လွန်ခဲ့သောဆယ်စုနှစ်များက ကုန်ချောအဖြစ်ပြုပြင်ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်ကို မှတ်တမ်းများအရ သိရသည်။ သဘာဝအရိုင်းပင်များမှ ထုတ်ယူခြင်းဖြစ်သဖြင့် မျိုးပါမချန် တူးဖော်ထုတ်ယူခဲ့ကြခြင်းဖြစ်ရာ သဘာဝအရိုင်းပင်များ မျိုးသုဉ်းရှားပါးခဲ့ရခြင်းဖြစ်သည်။ ရေမြေသဘာဝအနေအထားလည်း အခြေအနေပေးကာ ဈေးကွက်လည်းရှင်သန်နေဆဲဖြစ်၍ ဖျဉ်ဥစီးပွားဖြစ်စိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုကာ လူနေမှုဘဝလည်း မြင့်မားလာမည်ဖြစ်သည်။■

---

## စာ – ၈ သစ်ခွမှုဆိုးမှ

အချို့သော အပင်သစ်များမှာ နေရာအသစ်များတွင် အခြေချနိုင်သော ဗီဇအစွမ်းများရှိစေမည် ဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့်ပင် ဤကမ္ဘာလောကအတွင်းသို့ အလွန်နောက်ကျစွာ ရောက်ရှိလာသောသစ်ခွများမှာ ကမ္ဘာအရပ်ရပ် မတူကွဲပြားသောနေရာမျိုးစုံတွင် အခြေချနေထိုင်နိုင်ရခြင်း ဖြစ်သည်။

စပ်မျိုးသစ်ခွများကို ပန်းမန္တမ်းမီကပင် လိမ္မာပါးနပ်သော မျိုးစပ်သူများက အပင်၏ပင်ပိုင်းအင်္ဂါများနှင့် ဖွဲ့စည်းပုံများကို လေ့လာပြီး ထူးခြားသောသစ်ခွများကို မွေးထုတ်နိုင်ကြသည်။ အလားအလာမကောင်းသော သစ်ခွပင်များကို ငယ်စဉ်ကာလများမှာသာ ရောင်းထုတ်ခြင်းဖြင့် အလားအလာကောင်းသော အပင်များအတွက် ပို၍နေရာပေးနိုင်သည်။ အမြော်အမြင်ကောင်းသော သစ်ခွမှုဆိုးများမှာ မိမိတို့သဘာဝမှ ကောက်ယူလာသောသစ်ခွများကို ကျော်လွန်၍ နောင်သစ်ခွလောကတွင် ထွန်းတောက်လာမည့်သစ်ခွများကို ဖန်တီးနိုင်ကြသည်။

မြန်မာနိုင်ငံသည် သဘာဝသစ်ခွကြွယ်ဝသော နိုင်ငံဖြစ်သည်။ သစ်ခွသမိုင်းတွင် ထင်ရှားသော တိုင်းပြည်ဖြစ်သည်။ မြန်မာ့မြေမှ အဖိုးတန်သဘာဝ သစ်ခွများ ရှားပါးသစ်ခွများစွာ ပေါ်ထွက်ခဲ့သည်။ ယခုကာလကဲ့သို့ ဆက်သွယ်ရေးကောင်းသော ခေတ်ကာလတွင် ကမ္ဘာအရပ်ရပ်မှ ဂုဏ်ဝင်သစ်ခွများကို သာမန်လူများပင် လွယ်ကူစွာ တင်သွင်းနိုင်သည်။ အရေးပါသော သစ်ခွများအတွက် နိုင်ငံရေးနယ်နိမိတ်၊ အုပ်ချုပ်ရေးနယ်နိမိတ် မရှိပေ။

ပြည်တွင်းပြည်ပမှ သစ်ခွများကို ရှေးအခါက ကဲ့သို့ တောတောင်များဆီသို့ မသွားဘဲ မြို့များတွင် ဆိုဖာများ ကုလားထိုင်များတွင် ထိုင်လျက် စုဆောင်းနိုင်သည်။ အရေးကြီးသည့် အဖိုးတန်အချက်အလက်များကို အသုံးချနိုင်လာခြင်းဖြစ်သည်။

မြန်မာ့လူငယ်မျိုးဆက်သစ်အနေဖြင့် ဤကိစ္စကို သဘောပေါက်ပြီး ကျင့်သုံးနိုင်ပါက အောင်မြင်သော ၂၀ ရာစု သစ်ခွမှုဆိုးများ ဖြစ်လာနိုင်ပါသည်။

**ဦးဖရက်သိန်းဖေ**

---

## စာ – ၁၂ သလ္လာဝတီ မှ

ဖြစ်သည်။ ယခင်ရွှေတောင် ၈ နှင့် ငွေတောင် ၉ တို့ထက် အများကြီးသာနိုင်သည်ဟု ဒုတိယတိုင်းဦးစီးမှူး ဦးထွန်းရှိန်က သုံးသပ်ပြောကြားသည်။

မုံရွာမြို့နယ်ထဲရှိ ပေကုန်းရွာတွင်လည်း ငွေချည် ၁၁ သုံးဧက စမ်းသပ်စိုက်ပျိုးထားသေးသည်ဆို၏။

× × ×

ညနေပိုင်း သင်တန်းဆင်းချိန်တွင် ယနေ့လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြသည့် သင်တန်းသားကိုယ်စားလှယ်ငါးဦးက မိမိတို့အတွေ့အကြုံများကို ပြန်လည်မျှဝေရင်း သတင်း၊ ဆောင်းပါး၊ ခရီးသွားဆောင်းပါးရေးသားရန် ရှုထောင့်အမျိုးမျိုးမှ သုံးသပ်တင်ပြကြ၏။

သူတို့တွေ၏ဆွေးနွေးဝေဖန်သုံးသပ်သံများကို ကြားရချိန်တွင် နှစ်ရက်တာအသိပညာမျှဝေပေးနိုင်ခဲ့မှုအတွက် များစွာကျေနပ်အားရဖြစ်မိသည်။

ထိုမှတစ်ဆင့်တက်ကာ လယ်ယာစီးပွားသတင်းဂျာနယ်အတွက် တိုးပွားလာမည့် ကလောင်အင်အားသစ်များကို မျှော်မှန်းကာ ဂျာနယ်သက်တမ်း ၁၉ နှစ်ပြည့်မှ လက်ကမ်းကြိုဆိုလျက်။ ။

**မြတ်စိုး(လှိုင်)**

# ကျွန်မနှင့် လယ်စောင့်တဲကလေး

မေစပယ် (ရှာင်)



**လယ်စောင့်တဲကလေး**

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ်အဝေးဝေး
လယ်စောင့်တဲ့လေးခြေတန်ရှည်
မိုးကုတ်အောက်မှာတည်
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့်ပဏာတင့် ။

ဆရာကြီး မင်းသုဝဏ်ရဲ့ကဗျာလေးကို ငယ်စဉ်က ကြားသိ ရွတ်ဆိုနေပေမယ့် အမှတ်တမဲ့ဖြစ်ကာ ထွေထွေထူးထူး မခံစားမိသေးပါ။

ဘာကြောင့်လဲဆိုရင် ကျွန်မနေထိုင်ကြီးပြင်းတဲ့ဇာတိက ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့လေးပါ။

တောင်တန်းတောင်ကမူ ကုန်းအဆင်းအတက် ချိုင့်ဝှမ်းကျောက်တောင်တွေရှိရာအရပ်ဒေသမို့ မြေပြင်ကျယ်ကျယ် သိပ်မရှိပါဘူး။

ရေအိုင် (စမ်းချောင်း) ရေတံခွန်တွေပေါများပါတယ်။ ကြာဖြူကြာနီပန်းတွေက မရှိသလောက် နီးနီးပါးပါးပါပဲ။ တချို့နေရာတွေမှာ လှေကားထစ် လယ်ကွက်တွေ အနည်းအကျဉ်းတော့ ရှိတတ်ပါတယ်။

အခုလို ကဆုန်နယုန်မိုးဦးကျချိန်မှာ တောင်ယာစိုက်ဖို့ မြေပြုပြင်တဲ့ကာလပါ။ ကုန်းမြင့်နေရာကနေ ဘေးဝဲယာကို ကြည့်လိုက်ရင် မြေပုံလုံးလုံးနီနီလေးတွေမှာ နွားချေးအခြောက်ခံ ထားတဲ့ အခဲတွေနှင့် မြက်ခြောက်တွေကိုမီးရှို့ပြီး သဘာဝမြေသြဇာ အဖြစ် မြေမီးဖုတ်ထားတာ မီးခိုးငွေ့တလူလူပါပဲ။

မြေပြန့်လွင်ပြင် ကျယ်ကျယ်ဝန်းဝန်းမရှိတဲ့အတွက် တောင်ကမ်းပါး တောင်စောင်းတွေမှာ မိသားစုစားဖို့ တစ်နိုင်တစ်ပိုင် စပါးစိုက်ခင်းလေးတွေမှာ ဟိုးအဝေးကြည့်ရင် တောအုပ်စိမ်းတွေ ကြားမှာ ကော်ဇောနီကြီးခင်းထားသလိုပါပဲ။

မြေပြင်အသင့်အတင့်ညီတဲ့နေရာ သွားလာရအဆင်ပြေတဲ့လမ်းရှိရင်တော့ လက်တွန်းထွန်စက်သုံးပြီး မြေကိုပြင်ကြပါတယ်။ လူအားသုံးပြီး ပေါက်ပြားနှင့်အများအားဖြင့် ကျွဲနွားကိုသာ အသုံးပြုကြပါတယ်။

စက်မှုလယ်ယာခေတ်ကို ကူးပြောင်းကာလမို့ မြေနေရာကျယ်ကျယ်ဆိုရင်တော့ ထွန်စက်ကို သုံးကြပါတယ်။ တောင်ပေါ်ဒေသလူငယ်တွေက လက်တွန်းထွန်စက်ကို ချစ်စနိုးနှင့်ခေါ်ကြတာက "တောင်ပေါ်ကျွဲ"တဲ့။

အကြောင်းအားလျော်စွာ ရန်ကုန်မြို့ကို ပြောင်းလာတဲ့အခါ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်းနဲ့ဧရာဝတီတိုင်းဒေသတချို့ ဖြတ်သန်းသွားလာခွင့်ကြုံတော့မှ လယ်ကွင်းတွေ တစ်မျှော်တစ်ခေါ် မျက်စိတဆုံး ဟိုးဝေးဝေး ခပ်လှမ်းလှမ်းမှာ လယ်စောင့်တဲလေးနဲ့ တဲလေးရဲ့ဘေးမှာ ကြာဖြူကြာနီရောင်စုံပွင့်နေတဲ့ရေကန် မိုးရာသီဆိုရင် ရေတွေက ကွင်းထဲမှာ ဖွေးဖွေးလှုပ်။

အဲဒီမြင်ကွင်းတွေကို ကိုယ်တိုင်မြင်တွေ့ရတော့မှ ဆရာကြီး မင်းသုဝဏ်ရဲ့ လယ်စောင့်တဲဆိုတဲ့ ကဗျာလေးရဲ့အရသာကို လှိုက်ခနဲ ခံစားလိုက်ရပါတယ်။

ဆရာကြီးရဲ့ကဗျာလေးကို အကြောင်းပြုပြီး လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်လောက်က တေးရေးဆရာ နတ်တလင်း–တင်လှက သီချင်းတစ်ပုဒ်ရေးစပ်ခဲ့ပြီး နိုင်ငံကျော် တေးသံရှင် တွံတေးသိန်းတန် သီဆိုခဲ့တဲ့ ကျေးလက်သရုပ်ဖော်တေးကလေးက မိအေးဘယ်မှာလဲတဲ့။ သီချင်းစာသားအဓိပ္ပာယ်က လွမ်းစရာကောင်းလှပါတယ်။ တောင်သူလယ်သမား သားသမီးတွေ စာသင်ကျောင်းသွားရတဲ့အခါ ရွာနဲ့ကျောင်းကဝေးလွန်းလို့ ကားလမ်းမရှိသေးတဲ့ရွာကနေ ကျောင်းကိုသွားရင် လယ်ကွင်းတွေကိုဖြတ်ကျော်ပြီးမှ သွားရတယ်။ ကျောင်းကိုသွားကြတဲ့ ကျောင်းသားတစ်စုထဲမှာ မိအေးဆိုတဲ့ မိန်းကလေးက အငယ်ဆုံးလေ။ လွယ်အိတ်ကလေး မနိုင့်တနိုင် လွယ်ထားရတဲ့မိအေးရဲ့ လွယ်အိတ်ကလေးကို ကြီးတဲ့ကျောင်းသားတွေက တစ်ယောက်တစ်လှည့် ဝိုင်းလွယ်ပေးကြပြီး ကျောင်းစာတွေ အော်ကျက်ရင်း လယ်စောင့်တဲကဗျာကို ရွတ်လို့ မောရမှန်းပန်းရမှန်း မသိနိုင်ခဲ့ ကျောင်းသားတွေပျော်ခဲ့ကြတယ်။

နောင်များမှာတော့ မိအေးကလေးက မြို့ကျောင်းကိုတက်ခွင့် ရပြီး ရွာကိုပြန်မလာဖြစ်တော့တဲ့အခါ လယ်စောင့်တဲလေးနှင့် ကြာဖြူကြာနီပန်းတွေမြင်ရတိုင်း ကျောင်းသွားဖော်တစ်စုက မိအေးလေးကို သူတို့လွမ်းနေကြပါတယ်။

ဆရာကြီးမင်းသုဝဏ်ရဲ့ လယ်စောင့်တဲ့ကဗျာလေးကို အစပျိုးပြီး ရေးထားတဲ့ သီချင်းစာသားလေးကို ခံစားကြည့်လိုက်တဲ့အခါ အင်မတန်မှလွမ်းစရာကောင်းလှပါတယ်ရှင်။

× × × မိုးရေတက်ရေတဖွေးဖွေး × × × ကွင်းကျယ် အဝေးဝေး × × × လယ်စောင့်တဲလေး ခြေတန်ရှည် × × × မိုးကုတ်အောက်မှာတည်× × × ကြာနီတစ်ပွင့် ဖြူတစ်ပွင့် တဲနှင့်ပဏာတင့်တယ်လို့ × × × ကျောင်းစာတွေ အော်ကျက်ရင်းနဲ့ မိအေးနဲ့တို့အဖော်တွေ ကျောင်းကအပြန် လယ်ကွက်ထဲ မိုးထဲလေထဲပျော်လည်း ပျော်ကြတယ်၊ လွယ်အိတ်ကလေးနဲ့ မလွတ်တလွတ်အရွယ် × × × မိအေးရယ် ငါ့ကိုပေးဟဲ့ × × × လွယ်အိတ်ကလေးကို ဝိုင်းလို့လွယ် × × × အခုတော့ ကြာပြီ ရာသီပြောင်းလို့ × × × နှစ်ပေါင်းကြာလည်း အောင်းမေ့တယ် × × × နင်ဘယ်မှာလဲကွယ် × × × ကျောင်းနေတုန်းက သူငယ်ချင်းမလေး × × × မိအေး ဘယ်မလဲကွယ် × × ။ ■

---

# တို့တောက သဘာဝ

သင်းသင်းနု



**တောင်သူ** လယ်သမားမျိုးရိုးက ဆင်းသက်လာလေတော့ တောင်သူဦးကြီးများနှင့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍကို မျက်စိရှေ့တွင် မြင်တွေ့နေရသည်မို့ စိတ်ဝင်စားမိသည်။ အဖေတောင်သူ၊ အဖိုးတောင်သူသာမက နှစ်ဖက်ဆွေမျိုးများလည်း တောင်သူလယ်လုပ်သူများဖြစ်ကြသည်။ မြေးတွေလက်ထက်ရောက်တော့ "ပညာမတတ်ရင် လယ်လုပ်ရမယ်"ဆိုတဲ့ ဆုံးမစကားတွေအရ ပညာသင်ထားလျှင် လယ်လုပ်စရာမလိုဟု အထင်အမြင်တကယ် ဖြစ်လာသည်။ ကျောင်းပြီးလို့ လုပ်ငန်းခွင်ဝင်တဲ့အချိန်ထိ လယ်နှင့်အဝေးကြီးလို့ ထင်ခဲ့သည်။ လုပ်ငန်းတာဝန်အရ နိုင်ငံတစ်ချို့ရောက်မှ ပညာတတ်တွေ လယ်ထွန်လျှင် ပို၍ခေတ်မီအောင်မြင်တာကို တွေ့လာရသည်။ ကျန်းမာရေးထုတ်ကုန်နှင့် ဈေးကွက်ဖြန့်ချိရေး လုပ်ငန်းထဲရောက်တော့မှ နယ်တကာ့နယ်ရောက်ခဲ့ရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ကစ၍ လယ်ယာကိုပြန်လည်စိတ်ဝင်စားလာခဲ့သည်။ အတွေးပေါင်းများစွာနှင့် စကားလုံးပေါင်းများစွာလည်း ရင်မှာဖြစ်ပေါ်လာသည်။ ယခုအခါ လယ်ယာလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်လာသည်ကို အံ့သြရှုမောဖွယ် တွေ့မြင်နေရပြီ။

ရန်ကုန်ရောက် နယ်သူနယ်သားတွေ ဂုဏ်ယူစွာ ပြောတတ်ကြသည့် စကားတစ်ခွန်းရှိသည်။ **"တို့တောက သဘာဝ"**ဆိုသည့် စကားပင် ဖြစ်သည်။ ကျွန်မကိုယ်တိုင် ထိုစကားကို ထောက်ခံခဲ့သည်။ ဆိုလိုရင်းမှာ ဆန်စပါးနှင့်ဟင်းသီးဟင်းရွက် သစ်သီးဝလံတို့ကို ကျန်းမာရေးနှင့်ညီညွတ်စွာ သဘာဝအရသာကို ပြည့်ပြည့်ဝဝခံစားရရှိနိုင်သည့်အရပ်မှာ တောနယ်ဒေသပင်ဖြစ်ကြောင်း အားလုံးက လက်ခံထားကြသည့်သဘော ဖြစ်ပါသည်။

ကျွန်မတက္ကသိုလ်တက်စဉ်ကာလကပင် အဖေကိုယ်တိုင် စပါးအထွက်မကောင်းလို့ ညည်းညူနေခဲ့သည်။ ဘွဲ့ရပြီး အလုပ်ဝင်သည်အထိ စပါးအထွက်နှုန်းပြန်၍ ဦးမမော့သေးပါ။ လူစာရော နွားစာပါမကျန်လို့ မြို့မှာအလုပ်လုပ်နေသည့်ကျွန်မထံမှ ငွေပို့ရန် တောင်းသည့်နှစ်ပင် ကြုံဖူးလာသည်။ အဖေ့လယ်ထဲ အလည်အပတ်သွားစဉ် တဲဝိုင်းပိတောက်ပင်အောက်က လယ်သမားစကားဝိုင်းကို အခွင့်ကြုံလို့ နားထောင်ဖြစ်သည်။ ပုလဲကောင်းသည်၊ ဆူပါကောင်းသည် စသဖြင့် ပြောဆိုနေကြသည်။ ကျွန်မနားမလည်ပေမယ့် စာတတ်လာတော့ လျှာဝင်ရှည်ကြည့်မိသည်။ အဖေတို့ထွက်ကုန်က ဓာတုဓာတ်ကြွင်းကင်းရဲ့လား၊ အဖေ့မြေတွေက ဘာဓာတ်တွေပါက်နေလဲ သိလို့လား မေးတာမျိုးကို အဖေမကြိုက်ပါ။ သင်ပေးထားတဲ့ ကျန်းမာရေးပညာနှင့် မဆိုင်ဟု အဖေတွေးသည်။ ကျွန်မကလည်း **ကျန်းမာရေးကို အစာအာဟာရက ရသည်။ အစာအာဟာရကို လယ်ယာစိုက်ပျိုးရေးမှ ရသည်မို့ ကျွန်မနှင့်ဆိုင်သည်ဟု ယုံကြည်သည်။** အဖေနှင့်ကျွန်မ အပြန်အလှန်ငြင်းခုံရင်း အဖေ့ဆီက စကားတစ်ခွန်း ထွက်လာသည်။ "သမီး ပြောသလိုလုပ်လို့ စပါးမထွက်ရင် သမီးတစ်နှစ်စာ တာဝန်ယူရမယ်"တဲ့။

ကျွန်မအဘိုးတို့ လယ်လုပ်ခဲ့သည့်အချိန်ကာလတွေ ပြန်အမှတ်ရတော့ လွမ်းမိသလိုလိုဖြစ်လာသည်။ အဘိုးတို့ခေတ်က လယ်နှင့်အဖေတို့ခေတ် လယ်ဘယ်လိုကွာလဲ ကျွန်မပြန်တွေးကြည့်မိသည်။ အဘိုးတို့ခေတ်က နွားတွေတစ်အုပ်ကြီးရှိသည်။ နွားချေးပုံကို လယ်ကွက်တစ်ခုတွင် တစ်နှစ်လုံး စုပုံထားသည်။ "နွားချေးဖြန့်ရဦးမယ်"လို့ အဘိုးပြောစကားကို နားထဲစွဲနေသည်။ လယ်ယာနားချိန်တွင် အဘိုး လယ်ပြင်သည်။ တာတမံဖို့သည်။ ချောင်းရေခန်းပြီး နုန်းပေါ်သည့်အချိန်တွင် နုန်းမြေတွေထမ်း၍ လယ်ထဲထည့်သည်။ မိုးတွေရွာလို့ တာတမံမလုံဘူးထင်လျှင် ထပ်ဖို့သည်။ ရေဒီယိုဖွင့်ရင်း ရာသီဥတုသတင်းအမြဲနားထောင်သည်။ လိုအပ်လျှင် မြေဆွေးမြေသြဇာထည့်သည်။ သီးပင်စားပင်ရာသီအလိုက် စိုက်ပျိုးထားသည်။ ကန်စွန်းမြောင်း၊ ချဉ်ပေါင်မြောင်း၊ မုန်လာမြောင်းတွေ အစီအရီရှိသည်။ ဘူးစင်၊ ဖရုံစင်များတွင် အသီးတွေပြွတ်ခဲနေသည်။ အုန်း၊ ငှက်ပျော၊ သရက်၊ မာလကာ၊ ဆီး၊ မန်ကျည်းစသည့် အပင်မျိုးစုံ စိုက်ထားသည်။ ထန်းပင်တွေက ထန်းရည်ကျချိန် ထန်းလျက်ဖို ပို့သည်။ လယ်ပြင်ချိန် ရေတံခါးပေါက်လုပ်ဖို့ ထန်းသားကိုသုံးသည်။ ကုက္ကိုပင်ကြီးတွေရဲ့ အကိုင်းတွေကို တစ်နှစ်စာ ထင်းအတွက် သုံးသည်။ နွေရာသီကုက္ကိုရိပ်မှာ နီးဖြာကြသူ၊ ငါးဖမ်းပိုက်ဖာသူတွေ အရိပ်ခိုရင်း အလုပ်လုပ်ကြသည်။ ငါးကို ကျပ်တင်ထားသည့် ငါးကျပ်တင်ခြောက်ကို သံပုံးတွေနှင့် တစ်နှစ်စာသိုလှောင်သည် (အဘိုးတို့က ဖမ်းပြီး အဘွားတို့က ကင်သည်)။ ဆီးသီးအခြောက်တွေလည်း သံပုံးနှင့်သိမ်းသည်။ သကြား နှင့်စားစား၊ ဖျော်ရည်လုပ်သောက်သောက်ရသည်။ စပါးသိမ်းချိန်ပြီးရင် နနွင်းတက်မြောင်းတွေဖော်၊ တူးပြီး နနွင်းမှုန့် ဖြစ်သည်အထိ အဆင့်ဆင့် မိသားစုဝိုင်းဝန်းကြသည်။ ငရုတ်ကောင်း၊ ကွမ်းသီးနှင့်ကွမ်းရွက် တစ်နိုင် တစ်ပိုင်သုံးနိုင်အောင် စီစဉ်ထားသည်။ စပါးရောင်းပြီးချိန် အလှူအတန်း ပြုလုပ်ကြသည်။ အသီးအနှံဆိုတာ ဝယ်စားရကောင်းမှန်း မသိတဲ့အထိ ဖြစ်ခဲ့ရသည့်အချိန်တွေပေါ့"

အဖေတို့လက်ထက် ဦးလေးတို့လက်ထက်တွင် လူမှုရေးနှင့် သွားရေးလာရေးများလာသည်။ ဘောလုံးပွဲတွေ အားပေးလာကြသည်။ တခြားအာရုံ စိုက်စရာတွေ ပိုများလာသည်။ လယ်ပြင်ရမယ်၊ နုန်းမြေသယ် ထည့်ရမယ်၊ နွားချေးဖြန့်ရမယ်စတာတွေ မကြားဖြစ်တာ ကြာလာသည်။ သီးပင်စားပင်တွေလည်း မစုံလင်မဝေဆာတော့ပါ။ လယ်မြေတွေက အာဟာရမပြည့်၊ ရာသီဥတုက ဖောက်ပြန်ကြောင်းကို မကြာခဏ ကြားလာရသည်။ စပါးအထွက်မကောင်းဘူးဆိုတာ ပြောဆိုလာကြသည်။ ဓာတ်မြေသြဇာမျိုးစုံအကြောင်း ဆွေးနွေးလာကြသည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲလာရသည်။ ဟင်းသီးဟင်းရွက်ပင်များကိုပင် အရောင်စုံအစေ့လေးတွေထည့်ကာ စိုက်ပျိုးလာကြသည်။ "တို့တောက သဘာဝ"လို့ အဘိုး၊ အဘွားတွေခေတ်တုန်းကလို ကျွန်မ ပြောဖို့ မဝံ့ရဲတော့ပါ။

စက်နှင့်စပါးရိတ်သိမ်းသည်မို့ ကောက်ရိုးရှားလို့ နွားမွေးဖို့ အဆင်မပြေကြောင်း ပြောပြကြသည်။ နွားအုပ်လိုက် မမွေးနိုင်ကြတော့ နွားချေးလည်း ပေါပေါများများမရနိုင်ကြတော့ပါ။ သို့ပေမယ့် လယ်ထွန်ချိန်တွင် စက်ငှားမရလျှင်တော့ ခိုင်းနွားကိုသုံးကြရသေးသည်။ ရာသီဥတုအမီ လုပ်ကိုင်ကြရသည်။ အခြားနိုင်ငံများလို ကျွဲနွားလွတ်ပြီး လူသက်သာဖို့၊ စက်မှုလယ်ယာစနစ် အမြန်ရောက်ဖို့လိုပြီ။

ယခုအခါမှာတော့ စပါးသိမ်းပြီးချိန် လယ်ယာချေးငွေဆပ်ပြီးရင် စားရန်သာ စပါးအနည်းငယ် ကျန်တော့သည်။ နောက်နှစ်တွင် အထွက်တိုးရန် ဓာတ်မြေသြဇာထပ်တိုးသုံးနေရသဖြင့် ငွေကုန်ကြေးကျများနေသေးသည်။ ကြက်ဥနှင့်ကြက်မပုံပြင်လို ဖြစ်နေသည်။

အဘိုးတို့ခေတ်ကဲ့သို့ လုပ်ကိုင်ရမည်လို့ ကျွန်မ မဆိုလိုပါ။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲတိုးတက်လာနေပြီ ဖြစ်ပါသည်။ စက်မှုကြောင့် ပိုမိုထိရောက်မြန်ဆန်၍ အကျိုးသက်ရောက်မှု

စာ – ၁၈ သို့

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၂၆-၆-၁၉ | ယခင်အပတ် ၁၉-၆-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၂၆-၆-၁၉ | ယခင်အပတ် ၁၉-၆-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၅၁၂၅၀ | ၅၁၂၅၀ | တူ | ၅၁၀၀၀ | ၅၁၀၀၀ | တူ |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၉၀၀၀ | ၃၉၀၀၀ | | ၄၈၀၀၀ | ၄၇၀၀၀ | တက် |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၅၅၀၀ | ၂၃၀၀၀ | တက် |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၃၀၀၀ | ၂၃၀၀၀ | တူ |
| ဆန်(ညှော့မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၁၅၀၀ | ၂၁၅၀၀ | တူ |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၃၀၀၀၀ | ၃၀၀၀၀ | | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ကြက်သွန်နီ ... | | | | | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၄၆၀၀ | ၄၅၂၅ | တက် | ၆၆၅၀ | ၆၉၀၀ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၇၀၀ | ၅၉၀၀ | ကျ | ၅၂၅၀ | ၅၃၆၇ | ကျ |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၇၅၀ | ၇၅၀၀ | ကျ | ၉၀၀၀ | ၈၃၃၃ | တက် |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၉၀၀ | ၇၇၅ | တက် | ၁၀၀၀ | ၈၅၀ | တက် |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၈၃၈ | ၆၇၅ | တက် | ၉၀၀ | ၇၅၀ | တက် |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၇၆၃ | ၆၀၀ | တက် | ၇၅၀ | ၆၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၅၀၀ | ၂၄၅၀ | တက် | ၂၁၆၇ | ၁၅၀၀ | တက် |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၃၁၂၅ | ၃၀၇၅ | တက် | ၃၄၀၀ | ၃၃၀၀ | တက် |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၁၈၃၃ | ၂၁၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၆၆၅ | ၆၇၅ | ကျ | ၈၅၀ | ၉၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၄၅၀ | ၄၅၀ | | ၇၅၀ | ၈၀၀ | ကျ |
| ချင်း | ပိဿာ | ၂၉၀၀ | ၂၈၀၀ | တက် | ၂၆၀၀ | ၂၆၅၀ | ကျ |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (ရှမ်း) | သေတ္တာ | ၂၃၀၀၀ | ၂၃၀၀၀ | | ၂၀၀၀၀ | ၂၅၀၀၀ | ကျ |
| ဂေါ်ဖီထုပ် (ရှမ်း) | ထုပ် | ၁၅၀၀ | ၁၈၀၀ | ကျ | ၁၂၅၀ | ၉၀၀ | တက် |
| ပန်းမုန်လာ(ရှမ်း) | ထုပ် | ၁၀၀၀ | ၁၂၀၀ | ကျ | ၇၀၀ | ၆၀၀ | တက် |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၅၀၀ | ၁၄၀၀ | တက် | ၆၅၀ | ၈၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၆၀၀၀ | ၄၀၀၀ | တက် | ၉၅၀၀ | ၁၅၀၀၀ | ကျ |
| ငရုတ်စိမ်း (မိုးထောင်) | ပိဿာ | ၂၀၀၀ | ၂၅၀၀ | ကျ | | | |
| ငရုတ်စိမ်း (ပီနန်) | ပိဿာ | ၇၀၀၀ | ၁၀၀၀၀ | ကျ | | | |
| ငရုတ်စိမ်း (အရှည်) | ပိဿာ | | | | ၁၆၅၀ | ၂၀၀၀ | ကျ |
| ငရုတ်စိမ်း (လတ်) | ပိဿာ | | | | ၂၀၀၀ | ၃၃၀၀ | ကျ |
| ငရုတ်စိမ်း (လုံး) | ပိဿာ | | | | ၂၅၀၀ | ၂၀၀၀ | တက် |
| စားပြောင်း | ၁၀၀ဖူး | ၁၅၀၀၀ | ၁၀၀၀၀ | တက် | ၁၁၀၀၀ | ၁၄၀၀၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၀၀၀ | ၁၂၀၀ | ကျ | | | |
| ရုံးပတီသီး | ပိဿာ | | | | ၈၀၀ | ၈၀၀ | တူ |
| ဘူးသီး | လုံး | ၁၀၀၀ | ၁၂၀၀ | ကျ | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၅၀၀ | ၁၂၀၀ | တက် | ၁၀၀၀ | | |
| ဘိုစားပဲ | ပိဿာ | | | | ၉၀၀ | ၉၀၀ | တူ |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၂၀၀ | ၂၀၀ | တူ |
| မုန်လာဥဖြူ | ပိဿာ | ၁၅၀၀ | ၁၅၀၀ | | | | |
| ရွှေဖရုံသီး | လုံး | ၂၀၀၀ | ၁၈၀၀ | တက် | ၈၀၀ | ၈၀၀ | တူ |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၄၀၀ | ၄၀၀ | တူ |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၁၅၀၀ | ၁၅၀၀ | | ၅၀၀ | ၅၀၀ | တူ |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၅၀၀ | ၁၅၀၀ | | ၅၀၀ | ၅၀၀ | တူ |
| နာနတ်သီး | တစ်လုံး | ၆၅၀ | ၇၀၀ | ကျ | ၅၀၀ | ၃၅၀ | တက် |
| စပျစ်သီး (နီညို) | ပိဿာ | ၂၂၈၆ | ၂၀၀၀ | တက် | ၂၆၀၀ | ၂၆၀၀ | တူ |
| သရက်သီး(စိန်တလုံး) | ၁၀ လုံး | ၉၀၀၀ | ၈၀၀၀ | တက် | ၆၅၀၀ | ၆၅၀၀ | တူ |
| သခွားမွှေး | ၁လုံး | | | | ၈၅၀ | | |
| ဖရဲ | ၁လုံး | | | | ၉၀၀ | ၁၁၀၀ | ကျ |
| ထောပတ်သီး | ၁၀ လုံး | | | | ၄၇၅၀ | ၆၀၀၀ | ကျ |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၂၃၀၀၀ | ၁၈၀၀၀ | တက် | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၂၇၅၀ | ၂၄၀၀ | တက် |

| စားသုံးဆီ | ရန်ကုန်(ညောင်ပင်လေးဈေး) | | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၄၄၅ | ကျ |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၅၀၀ | ကျ |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၃၀၀ | ကျ |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၇၂၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၈၀၀ | |

| မန္တလေး(ကုန်စည်ဒိုင်) | | | | |
|---|---|---|---|---|
| နံနံစေ့ | ပိဿာ | ၁၃၂၅၀ | ၁၃၅၀၀ | ကျ |
| စမုန်နက် | ပိဿာ | ၃၅၀၀ | ၃၅၀၀ | |
| ပဲဖတ် | ပိဿာ | ၁၁၆၀ | ၁၁၉၇ | ကျ |
| နှမ်းဖတ် | ပိဿာ | ၁၁၅၀ | ၁၁၅၀ | တူ |
| **အခြားကုန်စည်ဈေးနှုန်းများ** | | | | |
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | တူ |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | တူ |
| စားအုန်းဆီ | ပိဿာ | ၁၅၃၅ | ၁၅၅၀ | ကျ |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | | ယခုအပတ် ၂၆-၆-၁၉ | ယခင်အပတ် ၁၉-၆-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၇၅၄၀ | ၂၇၅၄၀ | |
| မတ်ပဲ (သဘော်တင်) | မ တန် | ၈၆၁၀၀၀ | ၈၈၄၀၀၀ | ကျ |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၁၂၅၀၀ | ၁၁၃၅၅၀ | ကျ |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၆၉၀၀၀ | ၆၇၉၅၀ | တက် |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၄၂၅ | ၁၄၄၃ | ကျ |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၇၄၅၀ | ၅၆၅၅၀ | တက် |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၁၉၅၀ | ၆၂၅၅၀ | ကျ |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၀၆၉၅၀ | ၁၀၆၉၅၀ | |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၃၃၃ | ၂၃၅၀၀ | ကျ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၁၅၀၀ | ၅၁၅၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၄၃၅၀၀ | ၄၃၅၀၀ | တူ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၇၈၅၀၀ | ၈၀၅၀၀ | ကျ |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၁၁၀၀၀ | ၁၁၅၀၀၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၅၈၀၀၀ | ၅၈၀၀၀ | တူ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၄၈၀၀၀ | ၄၇၃၃၃ | တက် |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၁၀၁၅၀၀ | ၁၀၃၅၀၀ | ကျ |
| ပဲလွမ်းဖြူ | ၆၀ ပိဿာ | ၆၅၀၀၀ | ၆၆၅၀၀ | ကျ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၁၅၀၀ | ၈၁၀၀၀ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၄၀၀၀ | ၈၂၇၅၀ | တက် |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၈၇၅၀၀ | ၈၇၅၀၀ | တူ |
| ပဲလွမ်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၅၂၅၀၀ | ၅၂၅၀၀ | တူ |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၉၃၅၀၀ | ၉၃၅၀၀ | တူ |
| ပဲယင်း | ၆၀ ပိဿာ | ၇၇၇၅၀ | ၇၇၇၅၀ | တူ |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၀၁၀၀၀ | ၁၀၁၀၀၀ | တူ |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၃၂၂၅၀၀ | ၃၁၀၀၀၀ | တက် |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၉၈၃၃၃ | ၂၈၀၀၀၀ | တက် |
| ပန်းနှမ်း | ၄၅ ပိဿာ | ၆၄၅၀၀ | ၆၄၅၀၀ | တူ |
| နေကြာ | ၂၇ ပိဿာ | ၄၀၀၀၀ | ၄၀၀၀၀ | တူ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၆၂၅၀၀ | ၁၆၇၅၀၀ | ကျ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး

စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၂၆-၆-၂၀၁၉ | တက်/ကျ | | ရေတွက်ပုံ | ၂၆-၆-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | | |
| ဧရာဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၅၁၄၂၈ | | | တစ်တင်းခွဲ | ၄၃၀၀၀ | |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၆၃၈၀၉ | | | တစ်တင်းခွဲ | ၄၁၀၀၀ | |
| ကောက်ညင်းဖြူ | ၁၀၀ တင်း | | | | တစ်တင်းခွဲ | ၅၂၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၆၃၈၀၉ | | | တစ်တင်းခွဲ | ၄၂၀၀၀ | |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၂၅၀၀ | |
| ဧရာမင်း | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၂၀၀၀ | |
| မနောသုခ | ၁၀၀ တင်း | ၅၉၈၀၀၀ | တက် | | တစ်တင်းခွဲ | ၂၄၅၀၀ | တက် |
| မီးကောက် | ၁၀၀ တင်း | ၆၂၅၆၀၀ | တက် | | တစ်တင်းခွဲ | ၂၇၀၀၀ | တက် |
| သီးထပ်ရင် | ၁၀၀ တင်း | ၄၇၈၄၀၀ | | | တစ်တင်းခွဲ | ၂၀၀၀၀ | |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၂၆-၆-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၂၅၀ | |
| ဧယာ | တစ်တင်းခွဲ | ၂၂၂၅၀ | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၇၅ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၇၁၃ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၄၇ | ကျ |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၄၄၇ | |
| ပဲလွမ်းပြာ | ပိဿာ | | |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၃၁၀၀ | ကျ |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၃၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၈၁၃ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၇၃၂ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၆၅၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၇၅၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၅၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၇၂၀ | တက် |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၆-၆-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | – |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | – |
| ပြောင်း (စီပီ) | ပိဿာ | ၄၇၅ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၅၅၀ | – |
| ပဲပုပ် | ပိဿာ | ၁၀၅၅ | ကျ |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၄၅၀ | ကျ |
| ထောပတ်ပဲ (သေး) | ပိဿာ | ၁၆၅၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၁၅၀ | – |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၈၀၀ | – |
| နှမ်းညို | ပိဿာ | ၃၄၀၀ | ကျ |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၆၂၅၀ | – |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၇၃၈ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၂၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၃၅၀ | တက် |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၂၃၅၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၆၁၀၀ | – |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | – |
| စားအုန်းဆီ | ပိဿာ | ၁၅၈၅ | ကျ |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၂၆-၆-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ရာဘာ (RSS-3) | ၁ပေါင် | | |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၇၀၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၈၀၀၀ | |
| ညှော့မထ | တစ်တင်းခွဲ | ၁၉၀၀၀ | တက် |
| ကမာကြည့် (အလတ်စ) | တစ်တင်းခွဲ | ၃၁၅၀၀ | တက် |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၃၁၅၀၀ | တက် |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၃၅၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၅၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၂၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | တက် |
| ပုစွန်၂ကောင်ပုံး | ၁၀ ပိဿာ | ၂၃၅၀၀ | |
| အခြားတံဆိပ်ပုံးများ | ၁၀ ပိဿာ | ၁၇၅၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၄၅၀ | ကျ |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၇၆၅ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၂၅၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၃၅၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၇၅ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၇၅၀ | တက် |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ၁၈ ပိဿာ | ၂၈၀၀၀ | ကျ |
| ပန်းဂေါ်ဖီ (ရှမ်း) | ပွင့် | ၁၀၀၀ | |
| ဂေါ်ဖီထုပ် (ရှမ်း) | ၂၀ပိဿာ | ၂၃၀၀၀ | ကျ |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| မုန်လာဥနီ (မြဝတီ) | ပိဿာ | ၁၆၉၂ | |
| ချင်း | ပိဿာ | ၂၅၅၀ | တက် |
| **သစ်သီးဝလံ** | | | |
| ကျွဲကောသီး(ပန်းရောင်) | ၁၀ လုံး | ၁၈၀၀၀ | |
| ကျွဲကောသီး(အဖြူ) | ၁၀ လုံး | ၈၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၂၆-၆-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၅၀၀ | ကျ |
| ဧရာမင်း | တစ်တင်းခွဲ | ၄၀၀၀၀ | တက် |
| အိုင်အာ – ၇၄၇ | တစ်တင်းခွဲ | ၁၈၀၀၀(သစ်) | ကျ |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်းတောင်) | ၂၀ ပိဿာ | ၂၄၀၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၅၄၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၃၃၇၅ | တက် |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၈၅၀ | ကျ |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၃၀၀၀ | တက် |
| နှမ်းနီ | ၁၅ ပိဿာ | ၅၂၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၈၀၀၀ | တက် |
| ပန်းနှမ်း | ၁၅ ပိဿာ | ၂၁၀၀၀ | |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၁၉၅၀၀ | |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၈၃၀၀ | တက် |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၇၂၅၀ | |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၅၂၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၅၀၀၀ | တက် |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၀၁၀၀ | တက် |
| ပဲပုပ် | ၂၀ ပိဿာ | ၁၈၈၀၀ | ကျ |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၃၃၅၀၀ | ကျ |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၆၀၀၀ | တက် |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၇၇၀၀ | တက် |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၁၅၀၀ | |
| ပဲလွမ်းပြာ | ၁၈ ပိဿာ | ၁၉၀၀၀ | |
| ပဲကြီး | ၁၈ ပိဿာ | ၂၇၇၅၀ | တက် |
| ထောပတ်ပဲ | ၁၈ ပိဿာ | ၃၀၀၀၀ | |
| နံ့နံ့စေ့ | ၁၈ ပိဿာ | ၁၃၇၅၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၁၂-၆-၁၉ | ရန်ကုန် ၅-၆-၁၉ | မန္တလေး ၁၂-၆-၁၉ | မန္တလေး ၅-၆-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၀၀၀ | ၁၀၀၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | – | – |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၉၈၀ | ၉၈၀ |

## ရန်ကုန်ဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

မြန်မာနိုင်ငံဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)မှ ၂၅.၆.၁၉ ရက် ထုတ်ပြန်သော ဆန်ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ၃၈၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်၊ ပေါ်ကွဲတစ်အိတ်လျှင် ၂၆၅၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်၊ ညှော့မထဆန် တစ်အိတ်လျှင် ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်၊ မနောသုခဆန် တစ်အိတ်လျှင် ၂၄၅၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ငစိန်ဆန်တစ်အိတ်လျှင် ၁၉၀၀၀ ကျပ်မှ ၁၉၇၀၀ ကျပ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုရှိသဖြင့် ယခင်တစ်ပတ် ၁၈.၆.၁၉ ရက် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဆန်အမျိုးအစားအားလုံး ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှထွက်ရှိသော ရွှေဘိုပေါ်ဆန်းဆန်များ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး ၂၅.၆.၁၉ ရက် ဈေးနှုန်းအရ တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ၄၈၅၀၀ ကျပ်မှ ၅၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်သည်။ ရန်ကုန်ဆန်ဈေးကွက်သို့ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ နေ့စဉ်ပျမ်းမျှဆန်အိတ်ပေါင်း ၅၀၀၀၀ ဝန်းကျင်ခန့် ဝင်ရောက်မှုရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများအနေဖြင့် ချင်းတက်များမှာ ကုန်အဝင်နည်းလာခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးရန် မျိုးအဖြစ်ထားရှိသောအရည်အသွေးကောင်း အခက်လုလုများပါ ဈေးကွက်အတွင်း ဝင်ရောက်မှုရှိလာခြင်းကြောင့်လည်းကောင်း ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်သို့ ဆိတ်ဖြူ၊ မုံရွာ၊ တောင်တွင်း၊ ပခုက္ကူ၊ ပျော်ဘွယ်၊ ရွှေဘို ဒေသများမှ ကြက်သွန်နီများဝင်ရောက်မှုရှိပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်ကြောင်း သိရသည်။ ကြက်သွန်နီ (ထူး၊ လတ်၊ သေး)မှာ မိုးရွာသွန်းမှုများခြင်းကြောင့် ကုန်အဝင်နည်းခြင်း၊ ထွက်ရှိရာဒေသတွင် ဈေးမြင့်ခြင်း၊ တရုတ်နယ်စပ်သို့ တင်ပို့မှုရှိခြင်းတို့ကြောင့် ဈေးမြင့်ရခြင်းဖြစ်ကြောင်း သိရသည်။ ကြက်သွန်နီထွက်ရှိရာဒေသများမှ ရန်ကုန်သို့ သယ်ယူပို့ဆောင်ခအနေဖြင့် တစ်ပိဿာလျှင် ၄၀ ကျပ်မှ ၅၀ ကျပ်အတွင်းရှိကြောင်း သိရသည်။

ဘုရင့်နောင်ဈေးကွက်သို့ အောင်ပန်းနှင့်ဟဲဟိုးဒေသမှ အရည်အသွေးကောင်းသော ရှမ်းအာလူးများအဝင်ရှိသကဲ့သို့ အစိုဓာတ်များသော၊ အထားမခံသော တရုတ်အာလူးများလည်း ပုံမှန်ဝင်ရောက်လျက်ရှိသည်။ ရှမ်းအာလူး အသေးစ၊ အလတ်စဖြစ်သည့် အာလူးအေဝမ်းနှင့်ဆွဲသီးမှာ ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း အာလူးအိုကေ၊ S1 နှင့် S2 များမှာ ဈေးနိမ့်လျက်ရှိသည်။

အိန္ဒိယရေတ်ရှည်မှာ တင်သွင်းဈေးမြင့်လာခြင်းနှင့်အတူ အိမ်မဲ၊ ပန်းတနော် စသည့် မြစ်ဝကျွန်းပေါ်ဒေသများမှ ငရုတ်ခြောက်များလည်း ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းခြင်းတို့ကြောင့် ငရုတ်ခြောက် (ရှည်)ဈေးနှုန်း မြင့်တက်ခဲ့သော်လည်း ငရုတ်ခြောက် (လတ်)မှာ မြစ်ဝကျွန်းပေါ်ဒေသမှသာ ဝင်ရောက်မှုရှိသော်လည်း အဝင်များလာခြင်းကြောင့်လည်းကောင်း၊ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်းငရုတ်ပွများ အရောင်ပြောင်းလာခြင်း၊ မြစ်ဝ(ပု)များ အရွယ်အစားသေးခြင်း၊ ပုံမှန်ဝင်ရောက်မှုရှိခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ကြောင့်လည်းကောင်း ဈေးနိမ့်ခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ဈေးကွက်အနေဖြင့် ရှမ်းခရမ်းချဉ်မှာ ပုံမှန်ဝင်ရောက်မှုရှိသော်လည်း ဝယ်ဈေးမြင့်နေခြင်းကြောင့် အရောင်းအဝယ်အေးကာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်သေတ္တာ (၁၇ ပိဿာလျှင်) ၂၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိသည်။ ဂေါ်ဖီထုပ်(ရှမ်း)နှင့် ပန်းမုန်လာ (ရှမ်း)မှာ ယခုရက်ပိုင်းအတွင်း ဝင်ရောက်မှုများလာခြင်း၊ အသေးစ အလတ်စများသာ ဝင်ရောက်မှုရှိခြင်းနှင့် အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ စားပြောင်းမှာ ဧရာဝတီတိုင်းဒေသကြီးမှ ဝင်ရောက်မှုနည်းလာချိန်တွင် တောင်ငူ၊ တပ်ကုန်းဒေသများမှ အနည်းငယ်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းခြင်းတို့ကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်း သိရသည်။

ဖြူမာချို (ရန်ကုန်ဈေးကွက်)

**အင်းလေး** ကောက်ယူချိန် ၁၀:၃၀မှ၁၁:၃၀နာရီ ကောက်ယူသည့်နေ့စွဲ ၂၃ - ၆ -၂၀၁၉

ယခုတစ်ပတ် ရွှေပြည်စိုး၊ ချယ်ရီပန်း၊ အောင်မြန်မာနှင့် နန်းဝင်းပွဲရုံများတွင် အင်းလေးခရမ်းချဉ် (ပင်သစ်) တစ်တင်း (ပိဿာ– ၃၀)လျှင် ၂၃၅၀၀ ကျပ်၊ ခရမ်းချဉ် (ပုံမှန်) တစ်တင်း (ပိဿာ– ၃၀)လျှင် ၂၀၅၀၀ ကျပ်၊ ခရမ်းချဉ် (ပင်ကျ) တစ်တင်း (ပိဿာ ၃၀ လျှင်) ၁၇၅၀၀ ကျပ်၊ ညောင်ရွှေလှေဆိပ်တွင် အမှည့် တစ်ပိဿာလျှင် ၁၁၀၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေမှ ရန်ကုန်သို့ နေ့စဉ်(၁၀) ဘီးကား (၅)စီးခန့် တင်ပို့လျက်ရှိပြီး သယ်ယူစရိတ်ကားခမှာ တစ်သေတ္တာလျှင် ၁၄၀၀ ကျပ်၊ ရန်ကုန်ဈေးနှုန်းမှာ တစ်သေတ္တာ(၁၇) ပိဿာလျှင် ၂၈၀၀၀ ကျပ်၊ မန္တလေးသို့ နေ့စဉ်(၆) ဘီးကား (၆)စီး၊ သယ်ယူစရိတ်ကားခမှာ အသွားအပြန် ၁၁၀၀ ကျပ်၊ မန္တလေးဈေးနှုန်းမှာ တစ်သေတ္တာ(၂၀) ပိဿာလျှင် ၂၅၀၀၀ ကျပ် ဈေးရှိသည်။ တိုင်ပေသီးအဝင်များခြင်း၊ အောင်ပန်းသီးများ အနည်းငယ်ထွက်ရှိလာခြင်းတို့ကြောင့် အင်းသီး ဈေးကျသည်။ ဒေသတွင်း လက်လီရောင်းဈေးမှာ တစ်ပိဿာလျှင် ၁၁၀၀ ကျပ် ဖြစ်သည်။

# ရှားစောင်းလက်ပပ်နှင့် ကျန်းမာရေး အကျိုးကျေးဇူးကောင်းများ

ကြေးမုံယံ




**ရှားစောင်းလက်ပပ်သည် ရှေးအကျဆုံး ဆေးဖက်ဝင် ပရဆေးပင်အဖြစ် လူသိများကျော်ကြားခဲ့ပြီး ယင်းကို ရှေးဟောင်းအီဂျစ်လူမျိုးများကစတင်ပြီး ဆေးဖက်ဝင်အပင်အဖြစ် အသုံးပြုခဲ့ကြ၏။ ရှားစောင်းလက်ပပ်၏ အင်္ဂလိပ်အမည်မှာ Barbados Aloe ဖြစ်ပြီး သိပ္ပံအမည်မှာ Aloe Vera Linn. ဖြစ်ကာ မျိုးရင်း Liliaceae တွင် ပါဝင်၏။**

ရှားစောင်းလက်ပပ်ပင်ကို ပူနွေးသောရာသီဥတုရှိသော ဖိလစ်ပိုင်၊ အိန္ဒိယ၊ အာဖရိကတို့တွင် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြ၏။ ယင်းအပင်ကို တရုတ်၊ ဂျပန်၊ ရုရှား၊ တောင်အာဖရိက၊ အမေရိကန်ပြည်ထောင်စု၊ လက်တင်အမေရိကနှင့် အိန္ဒိယနိုင်ငံတို့တွင် ဆေးဖက်ဝင် ပရဆေးပင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြ၏။ ရှားစောင်းလက်ပပ်ကို ဆေးဖက်ဝင်အသုံးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်အဓိကစိုက်ပျိုးကြပြီး နိုင်ငံအနှံ့ အိမ်တိုင်းတွင်လည်း ဆေးဝါးတစ်လက်အနေဖြင့်အသုံးပြုနိုင်ရန် စိုက်ပျိုးထားလေ့ရှိကြ၏။

ရှားစောင်းလက်ပပ်သည် ပင်စည်မဲ့အပင်မျိုးဖြစ်ပြီး ၃၅ စင်တီမီတာအမြင့်ထိ ရှင်သန်ကြီးထွားနိုင်၏။ အရွက်များမှာ ပြည့်ဝဖောင်းကားပြီး ကြီးမားသော၊ ထူထဲသော၊ အရည်ရွှမ်းသော၊ ထိပ်ဖျားချွန်ထက်သော အပင်မျိုးဖြစ်၏။ အရွက်များသည် ၆ စင်တီမီတာအထိ ကျယ်ပြန့်ပြီး ထိပ်ဖျားပိုင်းတွင် သေးသွယ်ချွန်မြသွားပြီး အရွက်ဘေးသားနှစ်ဖက်တွင် ချွန်မြသည့်အဆူးများရှိ၏။ ပန်းခိုင်သည် အရွက် ထက်နှစ်ဆခန့်ပိုမိုရှည်လျားစွာထွက်ရှိပြီး အဝါရောင်မှ လိမ္မော်ရောင်ရှိသော ဒုလုံးပုံရှိသော ၂ စင်တီမီတာအရွယ်ခန့် ပန်းပွင့်လေးများ ရိုးတံတစ်လျှောက် ပွင့်ကြ၏။

ရှားစောင်းပင်သည် ရောင်ရမ်းနာဆန့်ကျင်ခြင်း၊ ငယ်ရွယ် နုပျိုစေခြင်း၊ ဘက်တီးရီးယားဆန့်ကျင်ခြင်း၊ မှိုရောဂါ ဆန့်ကျင်ခြင်းနှင့် ဒဏ်ရာများကို သက်သာစေနိုင်ခြင်းအစရှိသည့် ဂုဏ်သတ္တိရှိခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြခြင်းဖြစ်၏။

အနာများသက်သာစေရန်နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသရန်အတွက် ရှားစောင်းလက်ပပ်ကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြ၏။ ထို့မျှသာမက ဝမ်းချုပ်နေသူများ ဝမ်းသွားစေရန် အလွယ်တကူစားသုံးနိုင်၏။ ယနေ့ခေတ်တွင် ရှားစောင်းလက်ပပ်ကို အပူလောင်နာများ၊ နေပူလောင်ဒဏ်ရာများ၊ ကြမ်းထော်သည့် အနီပိမ့်များထွက်သည့်အရေပြားရောဂါများ၊ အင်းဆက်ကိုက်ခြင်းနှင့် အခြားသောအရေပြားရောဂါများအတွက် အလွယ်တကူအိမ်တွင်း ကုထုံးဆေးတစ်လက်အနေဖြင့် အသုံးပြုလျက်ရှိကြ၏။ သန့်ရှင်းလတ်ဆတ်သည့် ရှားစောင်းလက်ပပ်အရွက်တစ်ဖတ်ကို အပင်မှ လှီးဖြတ်ယူပြီး အတွင်းသားဂျယ်လီကိုထုတ်ယူ၍ အနှစ်ပြုလုပ်ကာ အရေပြားပေါ်တွင်ဖြစ်ပွားလာသည့်ဒဏ်ရာများအပေါ်တွင် လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ဆံကေသာနှင့်ဦးရေပြားဆိုင်ရာပြဿနာများဖြစ်သည့် ဗောက်ထခြင်း၊ ဆံပင်ပါးပြီး ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းအစရှိသည့် ဝေဒနာများအတွက် ရှားစောင်းလက်ပပ်အတွင်းသားကြိတ်ရည်ကို ဦးရေပြားတွင်လိမ်းကျံကာ အသာအရာနှိပ်နယ်ပေးပြီး မိနစ်အနည်းငယ်ထားပြီးမှ ခေါင်းလျှော်ပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

မျက်စိနာခြင်းနှင့် မျက်မြေးရောင်နာဝေဒနာခံစားရပါက မျက်လုံးတစ်ဝိုက်၏ အရေပြားပေါ်တွင် ရှားစောင်းလက်ပပ်အတွင်းသားကြိတ်ရည်ကို လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

ရှားစောင်းလက်ပပ်အတွင်းသားဂျယ်လီပမာဏ အနည်းငယ်ကိုသာစားသုံးပါက အစာအိမ်အတွက်အင်အားဖြစ်စေပြီး ပမာဏများများစားပါက ဝမ်းချုပ်နေသူများကို ဝမ်းသွားစေနိုင်၏။

အာရေဗျနိုင်ငံရှိ အချို့သောဒေသများတွင်မူ ရှားစောင်းလက်ပပ်ကို ဆီးချိုရောဂါကုထုံးအတွက် အသုံးပြုကြ၏။

မြန်မာနိုင်ငံတွင် ရှားစောင်းလက်ပပ်ကို သွေးတိုးရောဂါ၊ အစာမကြေခြင်း၊ အမျိုးသမီးများ လစဉ်ဓမ္မတာမမှန်ခြင်း၊ မျက်လုံးနှင့် နားရောဂါများ၊ ဝမ်းချုပ်ခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ သွက်ချာပါဒ ဖြစ်ခြင်း၊ အရေပြားရောဂါများ၊ သွေးဆုံးကိုင်ခြင်း ဝေဒနာများနှင့် ခွန်အားတိုးဆေးအဖြစ် အသုံးပြုကြကြောင်း ကျန်းမာရေးဦးစီးဌာနက ထုတ်ဝေသည့် မြန်မာ့ ဆေးဖက်ဝင် အပင်များစာအုပ်တွင် ဖော်ပြထား၏။

ရှားစောင်းလက်ပပ်တွင် ပါဝင်သည့် အေလိုအီမိုဒင် (aloe emodin) (AE),၊ အေလိုအင် (aloin (barbaloin))၊ အင်န်သရာစင် anthracene နှင့် အီမိုဒင် emodin တို့သည် ကင်ဆာရောဂါဖြစ်ပွားနိုင်ချေကို ဟန့်တားပေးနိုင်စွမ်းရှိ၏။

ရှားစောင်းလက်ပပ်မှ ထုတ်ယူထားသည့် အဆီအနှစ်သည် လူသားတို့တွင်ဖြစ်ပွားတတ်သည့် ကင်ဆာဆဲလ်များ ပွားများကွဲထွက်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိသည်ဟုလည်း ဆို၏။

ရှားစောင်းလက်ပပ်အတွင်းသား ဂျယ်လီတွင်ပါဝင်သည့် ကာဘိုဟိုက်ဒရိတ်သည် နာကျင်မှုများကို သက်သာစေခြင်း၊ ကိုယ်ခံစွမ်းအား မြင့်တက်လာစေရန် လှုံ့ဆော်ပေးခြင်း၊ ကင်ဆာရောဂါဆန့်ကျင်နိုင်ခြင်းနှင့် ဗိုင်းရပ်စ်ဆန့်ကျင်ဂုဏ်သတ္တိစွမ်းအားတို့ရှိသည်ဟု လေ့လာမှုများအရ ဖော်ပြထား၏။

မြေမရှိသည့်အခန်းများတွင် နေထိုင်သူများပါ ရှားစောင်းလက်ပပ်ကို အိုးထဲတွင်ထည့် ပြီး အလွယ်တကူစိုက်ပျိုး နိုင်၏။

ရှားစောင်းလက်ပပ်ပျိုးပင်ကို ဥယျာဉ်ခြံနှင့်ပန်းမာန်ပျိုးပင်အရောင်းဆိုင်များတွင်လည်းကောင်း၊ ဈေးများတွင်လည်းကောင်း အလွယ်တကူ ဝယ်ယူရရှိနိုင်၏။ အိမ်တွင် ရှားစောင်းလက်ပပ်ပင် စိုက်ပျိုးထားခြင်းဖြင့် လေထုသန့်စင်စေသည့်အပြင် ယင်း၏ အုံမခန်း စွမ်းဆောင်နိုင်သော ဆေးဖက်ဝင်အာနိသင် အကျိုးကျေးဇူးများကို ရရှိနိုင်မည့်အပြင် အလှအပအတွက်လည်း အသုံးဝင်လှသည့် ဘက်စုံအသုံးပြုနိုင်သော အပင်တစ်မျိုးဖြစ်၏။

မီးဖိုဆောင်ဝင်ရသည့် အိမ်ရှင်မများနှင့် ကလေးငယ်ရှိသည့် မိဘများအတွက် အပူလောင်ခြင်းဝေဒနာ မမျှော်လင့်ဘဲ ကြုံတွေ့ခံစားလာရသည့်အခါ ရှားစောင်းလက်ပပ်အတွင်းသားဂျယ်လီကို သန့်ရှင်းသည့်ဓားဖြင့် လှီးယူပြီး ဒဏ်ရာအပေါ်တွင် အုံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

နေပူထဲထွက်ပြီး အလုပ်လုပ်ရသူများ၊ ကမ်းခြေတွင် အပန်းဖြေပြီး ပြန်လာသည့်သူများ နေလောင်ဒဏ်ရာများ မျက်နှာပြင်တွင် ခံစားရပါကလည်း ရှားစောင်းလက်ပပ် အတွင်းသားဂျယ်လီကို သန့်ရှင်းသည့်ဓားဖြင့် လှီးဖြတ်ယူကာ ကြိတ်ပြီး ရရှိလာသည့်အရည်ကို မျက်နှာပြင်အနှံ့ လိမ်းကျံပေးခြင်းဖြင့် နေလောင်ဒဏ်ကို သက်သာစေသည့်အပြင် မျက်နှာအစိုဓာတ်ကိုပါ အားပြည့်နိုင်စွမ်းရှိ၏။

ဆီးကျဉ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူခြင်းဝေဒနာရှင်များအတွက် ရှားစောင်းလက်ပပ်အတွင်းသားဂျယ်လီကို သန့်ရှင်းသည့် ဓားဖြင့် လှီးဖြတ်ပြီး ရရှိလာသည့်ဂျယ်လီတုံးလေးများကို ဖျော်ရည်လုပ်သောက်ခြင်းဖြင့် ဆီးရွှင်စေပြီး ဝေဒနာကို သက်သာစေနိုင်၏။

ရှားစောင်းလက်ပပ်သည် အယ်လ်ကာလိုင်းပါဝင်မှု ပမာဏ မြင့်မားသဖြင့် ကိုယ်ခန္ဓာအတွင်းရှိအက်စစ်ဓာတ်များကို သဘာဝအတိုင်း လျှော့ချပေးနိုင်စွမ်းရှိ၏။ လူသားတို့၏အစားအသောက်နှင့် လူနေမှုပုံစံမတူညီကွဲပြားခြင်းတို့ကြောင့်လည်းကောင်း၊ စိတ်ခံစားမှုဆိုင်ရာတို့ကြောင့်လည်းကောင်း ကိုယ်ခန္ဓာအတွင်း အက်စစ်ဓာတ်များ မြင့်မားလာတတ်ကြ၏။ ကိုယ်ခန္ဓာအတွင်း အက်စစ်ဓာတ်များမြင့်မားလာပါက ကင်ဆာရောဂါအပါအဝင် ကျန်းမာရေးဆိုင်ရာအခြားသော ပြဿနာများစွာနှင့် ရင်ဆိုင်ရတတ်၏။ ရှားစောင်းလက်ပပ်သည် အက်စစ်ဓာတ်မြင့်မားမှုကို လျှော့ကျစေနိုင်သည့်အတွင် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သည့် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်၏။ ထို့မျှသာမက ကိုယ်ခန္ဓာအတွင်းရှိ အဆိပ်အတောက်များကို ပြေလျော့စေနိုင်စွမ်းလည်းရှိ၏။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရှားစောင်းလက်ပပ်ဂျယ်လီကို ပမာဏများများ စားသုံးမိပါကလည်း ဝမ်းသက်ဝမ်းလျှောနိုင်သဖြင့် ရှားစောင်းလက်ပပ်ကို အခြားသောရာသီပေါ်သစ်သီးများနှင့် ရောစပ်ပြီး ဖျော်ရည်ပြုလုပ်ကာ သောက်သုံးနိုင်၏။

## ရှားစောင်းဂျယ်လီမာလကာဖျော်ရည်

အိမ်တွင်စိုက်ပျိုးထားသောရှားစောင်းလက်ပပ်ပင်မှ အရွက်တစ်ရွက်ကို ဖြတ်ယူပြီး အရွက်များကို ခွာထုတ်ကာ အတွင်းသား ဂျယ်လီလက်ဖက်စားဇွန်း နှစ်ဇွန်းခန့်ခြစ်ယူလိုက်ပါ။ မာလကာသီးဖျော်ရည်တစ်ဖန်ခွက်ထဲတွင် အဆိုပါဂျယ်လီ နှစ်ဇွန်းကို ထည့်ပါ၊ အချိုအရသာကြိုက်ပါက သကြားအနည်းငယ်ထည့်၍ သုံးနိုင်သည်။ သမအောင်မွှေပြီးလျှင် အနံ့အတွက် သံပရာရည် အနည်းငယ်ညှစ်ထားပြီး ဖျော်စပ်သုံးဆောင်ပေးပါ။ ဆီးချိုရောဂါ ဝေဒနာရှင်များအတွက်မူ အချိုအရသာ မထည့်ဘဲ ဖျော်စပ်သောက်သုံးသင့်၏။ (မာလကာသီးအစား အခြားသောသစ်သီးများကို နှစ်သက်သလို အသုံးပြုနိုင်၏။)

သို့ရာတွင် **အစာလည်းဆေး၊ ဆေးလည်းအစာ၊ တန်ဆေးလွန်ဘေး**ဆိုသည့်စကားရပ်အတိုင်း မည်သည့်အရာကိုမျှ အလွန်အကျွံ သုံးစွဲခြင်း မပြုသင့်ပေ။ ■

## ရွှေခရုကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးမြေစိုက်ပိုစတာများ ကွမ်းခြံကုန်းတွင် စိုက်ထူ

မိုးစပါးသီးနှံအထွက်နှုန်းမထိခိုက်စေရေးအတွက် ရွှေခရုကြိုတင်ကာကွယ် နှိမ်နင်းရေးဆွေးနွေးပွဲကို ဇွန် ၄ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စုတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းသန်းထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က ရွှေခရုကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းနည်းလမ်းများကို ပညာပေးဆွေးနွေးပြီး



လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။ ထို့နောက် ကမာပါကျေးရွာ အုပ်စုလမ်းဆုံတွင် ပညာပေးမြေစိုက်ပိုစတာ စိုက်ထူကြသည်။

အလားတူ ကံကျီးမကျီး၊ ဝက်ခေါက်တော၊ အင်္ဂလုံး၊ ဒရယ်လူး၊ ကော့ဒွန်း၊ တောကျောင်း၊ တော်ခရမ်း (အရှေ့/အနောက်) ကျေးရွာအုပ်စုလမ်းဆုံများတွင်လည်း ရွှေခရုကြိုတင်ကာကွယ်နှိမ်နင်းခြင်း ပညာပေးမြေစိုက်ပိုစတာများ စိုက်ထူကြသည်။ **သိန်းဖေ**

# သင့်အတွက်ကံကြမ္မာ

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

စိုးဝင်းထက်

**(၃-၇-၂၀၁၉) မှ (၁၆-၇-၂၀၁၉) ထိ**

**တနင်္ဂနွေ**



လှုပ်ရှားသွားလာရမှုများနေမည်။ ပြည်တွင်း၊ ပြည်ပခရီးများ သွားရမည်။ မြေ၊ အခန်း၊ ဆောက်လုပ်ရေးကိစ္စမှန်သမျှ အဆင်ပြေမည်။ အပြောင်းအလဲများကို ပြုလုပ်ရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေသည်။ ငွေအဝင်နည်းပြီး အကြွေးတင်သွားတတ်သည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ပေါင်မုန့် ဒါနပြုလိုက်ပါ။**

**တနင်္လာ**



ပေါင်းသင်းဆက်ဆံရေး ပိုမိုကျယ်ဝန်းလာမည်။ ဝင်ငွေကောင်းတစ်ခု ရမည်။ မိသားစုအရေးရှုပ်ထွေးနေမည်။ ရေနှင့်ရေထွက်ပစ္စည်းများကြောင့် ငွေဝင်လာမည်။ ဆရာအမည်ခံအသက်မွေးသူများ ပိုမိုအဆင်ပြေလာမည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာနေသည်။ ဖျားနာတတ်သည်။

**ယတြာ။ ။ ကော်ဖီမှုန့် ဒါနပြုလိုက်ပါ။**

**အင်္ဂါ**



ပညာရပ်အမျိုးမျိုးသင်ကြားခွင့်ရမည်။ စိတ်ဖိစီးခံရမှု များနေမည်။ ခရီးယာယီများနေမည်။ အချစ်ရေးတွင် အလွန်အကျွံပြုတတ်သည်။ ငွေများများဝင်လာမည်။ ရပိုင်ခွင့်၊ အမွေကိစ္စများ အဆင်မပြေသေးပါ။ ရောဂါမျိုးစုံဖြစ်နေတတ်သည်။

**ယတြာ။ ။ ဆီထမင်း ဒါနပြုပါ။**

**ဗုဒ္ဓဟူး**



ပြည်တွင်း၊ ပြည်ပကုန်ကူးသန်းရောင်းဝယ်မှုများ အလွန်အဆင်ပြေသည်။ အလုပ်မျိုးစုံလုပ်ကိုင်နေရမည်။ မပြီးစီးသောကိစ္စများ အဆုံးသတ်ပေးရမည်။ အချစ်ရေးတွင် ထွေပြားနေမည်။ ဆရာများနှင့် သဘောထားကွဲလွဲလိမ့်မည်။ ကျန်းမာရေးညံ့နေတတ်သည်။

**ယတြာ။ ။ ကွေကာအုပ် ဒါနပြုလိုက်ပါ။**

**ကြာသပတေး**



အများနှင့်ပတ်သက်သည့်လုပ်ငန်းများ အောင်မြင်မည်။ နေရာအမျိုးမျိုးပြောင်းလဲနေထိုင်နေရမည်။ စီးပွားရေးလုပ်ငန်းများ ဆုံးဖြတ်ရာတွင် မှားယွင်းတတ်သည်။ ငွေများဝင်လာဖို့ နှောင့်နှေး ကြန့်ကြာနေမည်။ အချစ်ရေးအပြောင်းအလဲများနှင့်ကြုံမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ပေါက်စီ ဒါနပြုလိုက်ပါ။**

**သောကြာ**



စကားမျိုးစုံပြောဆိုနေရမည်။ ပျော်ရွှင်စရာခရီးများ သွားနေရမည်။ စုပေါင်းလုပ်ဆောင်မှုမှန်သမျှ အဆင်ပြေနေမည်။ ကြီးလေးသောတာဝန်များ ထမ်းဆောင်ရမည်။ ယာဉ်နှင့်စက်ပစ္စည်းများ ဝင်လာမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေသည်။ အစားမှားတတ်သည်။

**ယတြာ။ ။ သစ်သီးဆွမ်းကပ်ပေးပါ။**

**စနေ**



ဥယျာဉ်ခြံမြေစိုက်ပျိုးမှုများ ပိုမိုအဆင်ပြေမည်။ ငွေအလုံးအရင်းဖြင့်ဝင်လာမည်။ ကောင်းမှုကုသိုလ်များပြုရမည်။ စီးပွားရေးအဆက်အသွယ်ကောင်းများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေသည်။ အရိုးအကြော ထိခိုက်တတ်သည်။

**ယတြာ။ ။ အကိုက်အခဲလိမ်းဆေး လက်ဆောင်ပေးလိုက်ပါ။**

## စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနပညာရှင်များနှင့် မော်လမြိုင်ခရိုင် စိုက်ပျိုးရေး ဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် စိုက်ပျိုးရေးဦးစီးဌာန DOA တို့ပူးပေါင်း၍ သုတေသနပညာရှင်များနှင့် မော်လမြိုင်ခရိုင်မှ စိုက်ပျိုးရေးဝန်ထမ်းများ နည်းပညာဆွေးနွေးပွဲကို မော်လမြိုင်မြို့ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်တာနှင့် မြေဆီလွှာ၊ ရေအသုံးချရေးနှင့်စိုက်ပျိုးအင်ဂျင်နီယာသုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းတို့ ဦးဆောင်သော သုတေသနပညာရှင်အဖွဲ့နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်စိုးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)မှ ဝန်ထမ်းများ၊ ခြံတာဝန်ခံ များ၊ စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူ များ၊ ရေး၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။ ■

လက်လုပ်လက်စားသူတို့စကား

## အိမ်ခေတ်မှုုး (ရွှေ) ----- ရွှေကျွဲ

**တိုတောင်းသည့်ဘဝအချိန်အတွင်း လူတိုင်းအခွင့်အရေးကိုယ်စီရှိကြသည်။ ခရီးသွားရင်း စာရေးစာဖတ်ခြင်းကို နှစ်သက်သည့်ကျွန်မသည် အင်းစိန်မြို့နယ် ရေကြည်တစ်ပေါက် ပရဟိတနှင့်လူမှုရေးအသင်းအဖွဲ့နှင့်အတူ ပခုက္ကူခရိုင် ပေါက်မြို့နယ် နယ်နိမိတ်အဆုံးတွင်ရှိသည့် တောင်ပေါ်ကျေးရွာများဖြစ်ကြသော ထန်းပင်ချောင်းနှင့် ပင်စိမ်းတောင်ကျေးရွာများသို့ သောက်ရေသန့်ဂါလန် ၅၀၀၀ သွားရောက် လှူဒါန်းဖြစ်ခဲ့ကြသည်။ မေလကုန်ဖြစ်သော်လည်း အညာဒေသအပူချိန်အောက်တွင် ချွေးသံရွှဲရွှဲနှင့် ရွှေမလိုရေသာလိုသည့် ရွာသူရွာသားများ၏ အပြုံးများကရင်အေးစေသည်။**



ရေပုံးများလှူဒါန်းနေစဉ် သစ်ပင်ရိပ်အောက်တွင် နားနေရင်း ကောက်ရိုးများစားနေသည့်ကျွဲများတွေ့လိုက်ရ၍ တစ်နိုင်မွေးမြူရေးမိသားစုဝင်ငွေတိုးပွားရေးကဏ္ဍကို သတိရကာ ကျွဲပိုင်ရှင်ကို ရှာဖွေမေးမြန်းမိသည်။

အိမ်ခြေ ၂၃ အိမ်ခန့်သာရှိသည့် ပင်စိမ်းတောင်ရွာသား ဦးအောင်စန်းဝေသည် အသက် ၄၄ နှစ်ခန့်ရှိပြီ။ ဇနီးဖြစ်သူနှင့် သားသမီးသုံးယောက်ရှိသည်။ သားကြီးက အိမ်ထောင်ကျ၍ သမီးလတ်က ၈ တန်း၊ သားငယ်က ၆ တန်းရောက်ပြီ။ ရွာ၏ထူးခြားချက်မှာ အစိုးရပညာသင်ကျောင်းမရှိသေး၍ သုံးမိုင်ခန့်ဝေးသည့် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပညာသင်ကြားရသည်။

"နွားမမွေးဘဲ ကျွဲတွေဘာကြောင့် မွေးဖြစ်တာလဲ" ကျွန်မက မေးကြည့်ရာ "ဒီမှာက မိုးရာသီဆို လယ်စိုက်တယ်၊ လယ်ကို ကျွဲနဲ့ထွန်တယ်၊ နယုန်လမှာ ပျိုးထောင်ပြီး ဝါဆိုလမှာ စပါးစိုက်တယ်၊ သီတင်းကျွတ် တန်ဆောင်မုန်းလမှာ ရိတ်သိမ်းကြတယ်။ ကျွဲတစ်ရှဉ်းကိုဝယ်ပြီး စခိုင်းခဲ့တာကစပြီး မွေးဖြစ်တာပါပဲ"

"ခုက ကျွဲတွေအများကြီးတွေ့တယ်၊ ပြန်မရောင်းဘူးလား"

"ကျွဲက သုံးနှစ်မှတစ်သားကျသလို သားစိပ်ပြီး ကျတဲ့နှစ်တွေလည်း ရှိပါတယ်၊ အဲဒီလိုမွေးလာရင်း တိုးပွားလာတာ ၁၂ ကောင်အထိ ရှိလာတယ်။ ပြန်မရောင်းဖြစ်တာက သမီးနဲ့သားကို ပညာတတ်ဖြစ်စေချင်တယ်။ သူတို့ပညာသင်ရင် ငွေလိုအပ်လာမယ်၊ အဲဒီအခါကျမှ ရောင်းမယ်။ နောက်တစ်ခုက ဒီရွာမှာ ရွှေမလိုဘူးဆရာမ။ ရေတကယ်လိုအပ်တယ်"

"နှစ်တိုင်းလိုအပ်တာပဲလား"

"နှစ်တိုင်းပဲ လိုအပ်ပါတယ်။ ဒီဇင်ဘာလရောက်ရင် ရေရှားလာပြီ။ ကျောက်တောင်တွေကြောင့် ရေတူးပေမယ့် ရေမထွက်သလောက်ပါပဲ။ တူးထားတဲ့ ရေက တစ်ညလုံးစစ်ယူမှ ရေနှစ်ဂါလန်လောက်ပဲရတယ်။ သုံးမိုင်လောက်ဝေးတဲ့ ကျောက်တောင်တွေကြားက ရေနည်းနည်းစီရတဲ့နေရာမှာ ဆိုင်ကယ်နဲ့နှစ်ရက်တစ်ခါ ရေသွားချိုးပေမယ့် အိမ်ရောက်တာနဲ့ ချွေးပြန်ရွှဲနေပြီ။ အဲဒီအခါ ဘယ်သူများ ရေလာလှူပါ့မလဲလို့ စောင့်မျှော်နေကြရတာပါပဲ။ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လိုအပ်နေတဲ့ရေရဖို့ ရေတူးပေးတဲ့အခါ ငွေလိုရင် ကျွဲတွေရောင်းဖို့ ဆုံးဖြတ်ထားတယ်"

"ကျွဲတစ်ကောင် ဘယ်ဈေးလောက်ရှိလဲ"

"ကျွဲတစ်ကောင်ရဲ့တန်ဖိုးက ကျပ် ၂၅ သိန်းရှိတယ်။ အခြားအိမ်တွေမှာလည်း ကျွန်တော့်ကိုအားကျပြီး တစ်နိုင်တစ်ပိုင်ဆိုပြီး ကျွဲမွေးနေကြပြီ။ ကျွဲမွေးတာ ကျွန်တော့်ဘဝရဲ့ အဖြစ်ချင်ဆုံးဆန္ဒမို့ မွေးမြူရေးအလုပ်လုပ်ရတာ ပျော်တယ် ဆရာမ"

တောင်ပေါ်ကျေးရွာသား၏ နှလုံးသားမှ စိမ့်ထွက်လာသည့်စကားသံမှာ ကျွန်မရင်ထဲတွင် အမှတ်တရဖြစ်သွားသည်။ ■

**စာ – ၁၄ တို့တောက မှ**

အားကောင်းသည်မှာ သဘောကျစရာကောင်းပါသည်။ သို့ပေမယ့် လက်မှုလယ်ယာနှင့်စက်မှုလယ်ယာအကြားတွင် ဓာတုလယ်ယာအဖြစ်သို့ မရောက်ရန် ပြန်၍သုံးသပ်ကြရပါမည်။

လွန်ခဲ့သောနှစ်က တရုတ်(တိုင်ပေ)သို့ အလုပ်ကိစ္စနှင့်ခရီးသွားရောက်ခဲ့စဉ် လယ်သမားသားသမီးပီပီစပါးစိုက်ခင်းတွေကို မြင်တော့ အားကျမိပါသည်။ အဆင့်မြင့်ကားလမ်းဘေးတွင် စပါးပင်တွေ အစီအရီ ညီညာစိုပြည်နေသည်။ ရွှံ့တွေဗွက်တွေ မမြင်ရပါ။ လယ်ခင်းတွေကြားမှာ ချစ်စဖွယ်တိုက်အိမ်လေးတွေ ဆောက်လုပ်ထားကြသည်။ အိမ်ရှေ့တိုင်းတွင် ကားတွေရပ်ထားသည်။ သန့်ရှင်းသပ်ရပ်နေသည်ကို ရင်သပ်ရှုမောရင်း စက်မှုလယ်ယာဆိုတာ ဒီလိုများလားလို့ ခံစားမိသည်။

လုပ်ငန်းစဉ် စဆုံးမမြင်တွေ့ခဲ့ရပေမယ့် ဖြတ်သွားစဉ် ခဏအတွင်း သူတို့တောရွာလယ်ကွင်းတွေက ကျွန်မအဖို့ မြို့ဆန်နေသည်။ ထိုတဒင်္ဂ တွင် ကျွန်မတို့လယ်တောကို ပြန်၍မြင်ယောင်မိသည်။ တဲအိုလေးနှင့် ရွှံ့တွေဗွက်တွေထဲမှာ အဖေနှင့်ဦးလေးတို့ နွားတစ်လှည့်၊ စက်တစ်ဖုံ ရုန်းကန်နေရတာ အမြန်လွတ်မြောက်စေချင်သည်။ ကျွန်မတို့နိုင်ငံတွင်လည်း စက်မှုလယ်ယာစနစ် အမြန်ပီပြင်လာစေချင်သည့်ဆန္ဒ အမြဲပေါ်နေခဲ့ပါသည်။

ထို့ပြင် သဘာဝနည်းနှင့်မြေပြင်နိုင်ဖို့ ဗဟုသုတအသိပညာများစွာ လိုအပ်လာပါပြီ။ ပညာတတ်တွေလည်း ခေတ်မီလယ်လုပ်ငန်းခွင်ဝင်ကြဖို့ ကျွန်မမျှော်လင့်မိပါသည်။

သို့မှသာ "တို့တောက သဘာဝ"လို့ ပြောနိုင်လာမည်။

ထိုမှတစ်ဆင့် "တို့နိုင်ငံက သဘာဝ"လို့ ကျွန်မတို့ ဂုဏ်ယူနိုင်မည် ဖြစ်ပါသည်။

**သင်းသင်းနု**







# QR Code Scanning ဖြင့် စမ်းသပ်ကွက်မှတ်တမ်း (Data) များ ကောက်ယူခြင်း လက်တွေ့ပြသ

ရေဆင်း ဇွန် ၁၇

**နိုင်ငံ** တကာ သုတေသနဌာနများ၌ သုတေသနမှတ်တမ်း (Data) များကို Quick Response (QR) စနစ် (သို့မဟုတ်) ဆော့ဖ်ဝဲလ် (Application) ကိုအသုံးပြု၍ ကောက်ယူသကဲ့သို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဦးစီးဌာန (IRRI) တို့ ပူးပေါင်း၍ စပါးသုတေသနစီမံကိန်းများတွင်လည်း QR Code Scanning စနစ်အသုံးပြုကာ မှတ်တမ်းကောက်ယူလျက်ရှိသည်။

ယင်းကို သိရှိနားလည်စေရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနဆောင်ရွက်ချက်များ နိုင်ငံတကာအဆင့်နှင့် ရင်ပေါင်တန်းနိုင်ရန်နှင့် တိကျခိုင်မာသော သုတေသနတွေ့ရှိချက်များရရှိကာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ Quick Response (OR) Code Scanning စမ်းသပ်ကွက်မှတ်တမ်း Data များ ကောက်ယူမှုလက်တွေ့ပြသခြင်းကို စပါးသုတေသနဌာနစုကွင်းရှိ DAR နှင့် IRRI တို့ ပူးပေါင်းဆောင်ရွက်သည့် စပါးစမ်းသပ်ကွက်၌ ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

ရေးဦးစွာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ဆွေးနွေးမှာကြားရာတွင် သုတေသနပညာရှင်များ၊ စီမံခန့်ခွဲမှု အဆင့်ရောက်ရှိနေသူများသည် နိုင်ငံတကာ နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ပြီး ၎င်းကို အခြေခံကာ လုပ်ငန်းများကို ခေတ်မီစွာ တွေးတောကြံဆ စမ်းသပ်တီထွင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးဆက်သစ်သုတေသနပညာရှင်များအနေဖြင့် ကြုံတွေ့ရသည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းခြင်း (Reactive) ထက် ဖြစ်လာနိုင်မည့် အခက်အခဲများနှင့် ပြဿနာများကို ကြိုဆတွေးတောကာ တက်ကြွစွာဆောင်ရွက်ခြင်း၊ (Proactive) ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် တိုးတက်သောနည်းလမ်းများကို တီထွင်ကြံဆ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ယခု QRCode Scanning စနစ်ကို လက်တွေ့အသုံးချနိုင်ရန် လေ့ကျင့်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံးကို Manual Operation Information Technology အခြေခံ၍ အလိုအလျောက် ထိန်းချုပ်မှုစနစ် (Automation and Control) ကို အသုံးပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာသုတေသနပညာရှင်များကဲ့သို့ စက်များကိုအသုံးချကာ သုတေသနဓာတ်ခွဲခန်းများ၊ စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတကာအသိအမှတ်ပြု လက်မှတ် (ISO Certificate) များ ရရှိအောင်လုပ်၍ အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ B4R ဖုန်းဆော့ဝဲလ်သည် IRRI မှ မြန်မာနိုင်ငံတွင် စမ်းသပ်ဆောင်ရွက်နေသည့် စပါးမျိုးများ မွေးမြူရွေးချယ်ခြင်း စမ်းသပ်ကွက်မှ မှတ်တမ်းအချက်အလက်များကို ယင်းဖုန်းဆော့ဝဲလ်ကိုအသုံးပြုကာ အင်တာနက်မရရှိသော အခြေအနေတွင်လည်း မှတ်တမ်းများ ကောက်ယူသိမ်းဆည်းနိုင်ရန် ရေးဆွဲထားသည့် နည်းစနစ်ဖြစ်ကာ အင်တာနက်ရရှိသည့်အခါ မူလဆာဗာနှင့် ချိတ်ဆက်ကာ ကောက်ယူပြီးသည့် စမ်းသပ်ကွက် မှတ်တမ်းများကို သို့လှောင်သိမ်းဆည်းပေးပြီး သက်ဆိုင်ရာ သုတေသနပညာရှင်များအနေဖြင့် မှတ်တမ်းအချက်အလက်များကို အချိန်မရွေးပြန်လည်စိစစ်နိုင်မည့် နည်းပညာဖြစ်ကြောင်း သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

တောင်ကြီး ဇွန် ၁၂

**တောင်ကြီး** ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြသည်။

**သမဝါယမဦးစီးဌာန**



# တွံတေးနှင့်ကွမ်းခြံကုန်းမြို့နယ်တို့တွင် ရော်ဘာ မိုးကာအစေးလှီးနည်း (Rain Guard) သရုပ်ပြပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၁၂

**ရော်ဘာ** မိုးကာအစေးလှီးနည်းစနစ် (Rain Guard) ဖြင့် အစေးလှီးသရုပ်ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကုန်ပါဒကျေးရွာ ရွှေရည်ဝင်းရော်ဘာခြံတွင် ယနေ့ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တွံတေးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများ၊ ရော်ဘာခြံရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးမီမီစိုးက မိုးဥတု၌ (Rain Guard) စနစ်ဖြင့် အစေးလှီးနိုင်ခြင်း၊ မိုးရာသီ အစေးလှီးခြင်းဖြင့် အစေးလှီးရက်ပိုမိုရရှိကာ ရော်ဘာအထွက်ပိုမိုရရှိခြင်း၊ မြေတွင်းအစိုဓာတ်ရှိသဖြင့် ရော်ဘာအစေးထွက်နှုန်းကောင်းခြင်း၊ မိုးကာအစေးလှီးစနစ်ဖြင့် မိုးတွင်းကာလ အစေးလှီးနိုင်မည်ဆိုပါက အစေးလှီးလုပ်သားများ အလုပ်စဉ်ဆက်မပြတ်ရရှိနေခြင်း၊ ရော်ဘာအထွက်နှုန်းပိုမိုရရှိခြင်းကြောင့် ရော်ဘာစိုက်တောင်သူများ၊ ခြံရှင်များဝင်ငွေတိုးပွားစေမည်ဖြစ်ခြင်းစသည်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရော်ဘာခြံရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းကာ ရော်ဘာအစေးလှီးနည်းစနစ်အဆင့်ဆင့် ဆောင်ရွက်ပုံကို လက်တွေ့ပြသသည်။

အလားတူပင် ကွမ်းခြံကုန်းမြို့နယ်၊ မန်ဂလိပ်ကျေးရွာ **(ပုံ)** ဦးလှကြည်၏ ရော်ဘာခြံတွင် ရော်ဘာမိုးကာ အစေးလှီးနည်းစနစ် (Rain Guard) ဖြင့် အစေးလှီးသရုပ်ပြပွဲကို ဇွန် ၆ ရက်က ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ကွမ်းခြံကုန်း မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ရော်ဘာစိုက်တောင်သူများ၊ ရော်ဘာခြံရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြ၍ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးမီမီစိုးက ရှင်းလင်းပြောကြားပြီး ရော်ဘာခြံရှင်များ၏ မေးမြန်းချက်များကိုရှင်းလင်းကာ ရော်ဘာအစေးလှီးနည်းကို လက်တွေ့ပြသသည်။ **စိုက်ပျိုးရေးဦးစီးဌာန**





# သမဝါယမကောလိပ် (မန္တလေး) ၂၃ ကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

မန္တလေး ဇွန် ၈

**သမဝါယမကောလိပ် (မန္တလေး) ၂၃ ကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ပါမောက္ခချုပ် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့်ဝန်ထမ်းများ၊ ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဒီပလိုမာလက်မှတ်ရ ကျောင်းသား၊ ကျောင်းသူ ၂၃၃ ဦးတို့အား သမဝါယမကောလိပ် (မန္တလေး)ကျောင်းအုပ်ကြီးက သက်ဆိုင်ရာဘာသာရပ်အလိုက် ဒီပလိုမာလက်မှတ်များ အပ်နှင်းသည်။**(ပုံ)**

**သမဝါယမ**



# မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ၁၅ ကြိမ်မြောက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၁၈

**မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် သီးနှံ ၂၄ မျိုးအတွက် နေပြည်တော် ရုံးအမှတ် ၁၅ တွင် ယနေ့ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ ၁၅ ကြိမ်မြောက်အစည်းအဝေးတွင် တက်ရောက်အမှာစကား ပြောကြားသည်။ (ပုံ)**

ဒုတိယဝန်ကြီး ဦးလှကျော်က အမှာစကားပြောကြားရာတွင် အရည်အသွေးကောင်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီးသောမျိုးသစ်များ မျိုးစေ့စံချိန်စံညွှန်းများနှင့် ပြည့်မီရေး၊ မျိုးစေ့လုပ်ငန်းများ စနစ်တကျရှိစေရေးတို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော မျိုးစေ့ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန် လိုကြောင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အဖွဲ့အစည်းများနှင့် လက်တွေ့စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများကို လက်ရှိထက်ပိုမိုတိုးတက်လာစေရန် အားပေးဆောင်ရွက်ခြင်းနှင့်အတူ တိုးတက်ပြောင်းလဲလာသော နည်းပညာများ၊ သတင်းအချက်အလက်များကို ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးသီဟထွန်းက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီက စိစစ်တင်ပြလာသော မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖတ်ကြားတင်ပြရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

မျိုးစေ့လုပ်ငန်းအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲတွင် မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့်လိုင်စင်များ လျှောက်ထားရာတွင် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရေးတို့အတွက် Myanmar Seed Portal ဝက်ဆိုဒ်ကို ထုတ်လွှင့်ပေးခဲ့ပြီး လျှောက်ထားလာမှုများကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက စိစစ်ခွင့်ပြုပေးချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလထိ သီးနှံ ၆၂ မျိုး၏မျိုးကွဲ ၈၅၅ မျိုးနှင့် မိဘမျိုးလိုင်း ၁၀၈ လိုင်း စုစုပေါင်း ၉၆၃ မျိုးတို့ကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသော မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ၁၅ ကြိမ်မြောက် အစည်းအဝေးတွင် မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော မျိုးသစ်များ၊ သီးနှံ ၂၄ မျိုး၏ မျိုးသစ် မျိုးကွဲ ၅၄ မျိုး၊ မိဘမျိုးလိုင်း ၁၀ လိုင်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို စိစစ်ဆွေးနွေးကြပြီး အသိအမှတ်ပြုလက်မှတ်ပေးနိုင်ရေး ဆောင်ရွက်ကြသည်။

**MOALI ပြန်ကြားရေး**

# တနင်္သာရီတိုင်းဒေသကြီး တောင်သူလယ်သမားများအား မြေချဉ်ပြုပြင်ဆေးရည် အခမဲ့ဖြန့်ဝေပေးအပ်ပွဲ ကျင်းပ






ထားဝယ် ဇွန် ၁၂

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအား ထိုင်းနိုင်ငံ nature venture co. နှင့် ပြည်တွင်းရှိ Crown ကုမ္ပဏီတို့မှ မြေချဉ်ပြုပြင်ဆေးရည် အခမဲ့ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နေ့လယ် ၁ နာရီက တိုင်းစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ (ဗျောတော၀)တွင်ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်း/ခရိုင်/မြို့နယ် ခြံစိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းစိုးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများဆွေးနွေးခြင်း၊ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးစန်းလွင်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေနမူနာဓာတ်ခွဲခန်း တွေ့ရှိချက်များပေါ် မူတည်၍ တောင်သူလယ်သမားများအား မြေချဉ်ပြုပြင်ဆေးရည်သုံးစွဲရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်တွင်းရှိ Crown ကုမ္ပဏီ ဥက္ကဋ္ဌ ဦးချစ်က တန်ဖိုးငွေ ၂၆၄ သိန်းရှိ မြေချဉ်ပြုပြင်ဆေးရည် ၈၀၀၀ လီတာကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးက လက်ခံရယူပြီး လှူဒါန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာန ကရင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလုကာက ကျေးဇူးတင်စကား ပြောကြားသည်။

**စိုက်ပျိုးရေးဦးစီးဌာန**



# ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် FAW (Fall Armyworm) ငမြှောင်တောင်ပိုးများ ဘက်စုံနည်းစနစ်ဖြင့် စုပေါင်းကာကွယ် နှိမ်နင်းပွဲ ကြည့်ရှု အားပေး

ဘားအံ ဇွန် ၂၀

**သီးနှံဖျက်ပိုးကျရောက်မှုအား ဘက်စုံ (IPM - Integrated Pest Management) နည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းစေရန်နှင့် ပိုးသတ်ဆေးသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းစွာ ဝတ်စုံဝတ်ဆင်၍ နည်းစနစ်မှန်ကန်စွာ သိရှိလိုက်နာ အသုံးပြုတတ်စေရန် စိုက်ပျိုးရေးဦးစီးဌာန (DOA)နှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR)တို့ ပူးပေါင်း၍ ကရင်ပြည်နယ် မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ တောင်သူ ဒေါ်စိုးစိုးခိုင်၏လယ်မြေ၌ မိုးအစေ့ထုတ်ပြောင်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိသည့် စိုက်ခင်းတွင် FAW (Fall Armyworm) ငမြှောင်တောင်ပိုးများအား ဘက်စုံ (IPM) နည်းစနစ်ဖြင့် စုပေါင်းကာကွယ်နှိမ်နင်းပွဲ ကွင်းသရုပ်ပြပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီကပြုလုပ်ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က ရှင်းလင်းတင်ပြသည်။ (ပုံ)**

မြဝတီမြို့နယ်တွင် မိုးအစေ့ထုတ်ပြောင်းလျာထားဧက ၅၀၈၄၅ ဧကတွင် ယနေ့ထိ မိုးအစေ့ထုတ်ပြောင်းစိုက်ပျိုးပြီး ၁၀၂၃၅ ဧကရှိပြီး FAW ငမြှောင်တောင်ပိုးကျရောက်မှုသည် ၂၂၆ ဧက ကျရောက်လျက်ရှိရာ ခရိုင်/မြို့နယ် စိုက်ပျိုးပညာရှင်ဝန်ထမ်းများ၏ အချိန်မီ ကွင်းဆင်းလက်ဦးမှုရယူခဲ့သဖြင့် ပျက်စီးဧက မရှိကြောင်း၊ ဆက်လက်ပြီး နည်းပညာဟောပြောပွဲများ၊ လက်တွေ့ပြသမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဘက်စုံကာကွယ်နှိမ်နင်းနည်းများဖြစ်သည့် စိုက်ချိန်ပြောင်းလဲစိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ မျိုးစေ့လူးနယ်ဆေး အသုံးပြုခြင်း၊ သီးညှပ်စိုက်ပျိုးခြင်း၊ ဥမြုနှင့် လောက်ကောင်များ ရှာဖွေဖျက်စီးခြင်း၊ မီးထောင်ချောက်၊ ဖီရိုမုန်းထောင်ချောက်များဖြင့် ကင်းထောက်စစ်ဆေးခြင်း၊ ဥကပ်ပါးနဂျီများစိုက်ခင်းအတွင်း လွှတ်ပေးခြင်း၊ ဓာတုဆေးအုပ်စု တစ်ခုတည်း အသုံးပြုနှိမ်နင်းခြင်းမပြုလုပ်ဘဲ အလှည့်ကျသုံးစွဲရန်စသည့် ဘက်စုံကာကွယ်နှိမ်နင်းနည်းများကို အချိန်မီဆောင်ရွက်လျက်ရှိသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ငမြှောင်တောင်ပိုးဥမြု၊ လောက်ကောင်များအား လက်ဖြင့်ကောက်ယူနှိမ်နင်းခြင်း၊ သဘာဝပိုးသတ်ဆေး (ဆေးရွက်ကြီးဖျော်ရည်၊ ငရုတ်သီးဖျော်ရည်၊ ကြက်သွန်ဖြူဖျော်ရည်)များ အသုံးပြုနှိမ်နင်းခြင်း၊ ဓာတုဆေးအား နည်းစနစ်မှန်စွာ ဝတ်ဆင်အသုံးပြုခြင်း၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းများ၊ Delta trap (ဖီရိုမုန်းထောက်ချောက်များ) တပ်ဆင်အသုံးပြုခြင်းတို့ လက်တွေ့ပြသဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့် မြဝတီခရိုင်/မြို့နယ်ဝန်ထမ်းများ၊ အင်ကြင်းမြိုင်၊ မဲ့ထော်သလေးကျေးရွာများမှ တောင်သူများ စုစုပေါင်း ၁၀၀ ဦးတက်ရောက်လေ့လာကြသည်။

**ရီရီစိန်**